www.burmeseclassic.com

ရော့(ခ်) ရှိတယ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ငါတို့စာပေ

အမှတ် (75-D)၊ မိုးစိန်လမ်းနှင့် ချိုင်းရေအိုးစင်လမ်းထိပ်၊
ဗဟန်း၊ ရန်ကုန်။

Ph: 721345, 559773

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
...သားပြန်လည်စည်းလုံးညီညွတ်ရေး။
...သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
...ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်...သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

...ရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး...တက်အောင် တည်ဆောက်ရေး။
...ထွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး...တက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်...ရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

...သားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
...ဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား...လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
...စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
...သားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# [illegible]

၏ ထွက်ရှိပြီးစာအုပ်များ


၁။ ဆယ်ရက်အတွင်းယောက္ခမသိမ်းသွင်းနည်း
၂။ တစ္ဆေဆရာအလွဲ
၃။ မတော်တဆ
၄။ ချောင်းသမျှ ကမောက်ကမ
၅။ နတ်ဆိုးကျီစားတဲ့အချစ်
၆။ ကျွန်တော့်ချစ်ခြင်းသစ်ပင်
၇။ ဘယ်တော့မှ အလွမ်းချည်းမဟုတ်
၈။ ဒါမျိုးကြီး စိန်သာဗလ
၉။ ချစ်ဖက်
၁၀။ ကိုယ်တို့ခေတ်ရဲ့ မင်းကုသ
၁၁။ အချပ်ပို
၁၂။ ဘောလုံးဟင်းခါး
၁၃။ ဗေတလူး
၁၄။ ငါတို့ရပ်ကွက်ထဲက မမြစိမ်း


ယခု – [illegible]

**ဆက်လက်ပြီး...**


၁၅။ အဲဒီလောက်နဲ့ တက်မလာနဲ့
၁၆။ တက္ကသိုလ်လွှပျော်

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် — ၅၀၀၂၈၂၀၂၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် — ၅၀၀၃၆၆၀၃၀၉

ပုံနှိပ်ခြင်း — ပထမအကြိမ်၊ ၂၀၀၉၊ ဧပြီလ

ထုတ်ဝေသူ
ဦးစန်းမွန်အောင်(ငါတို့စာပေ)
75(D)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးဒီဇိုင်း
အာကာ

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဒေါ်မေသက်နိုင်
(ပြည့်စုံပုံနှိပ်တိုက်)

အုပ်ရေ
၅၀၀

တန်ဖိုး — ၁၅၀၀ ကျပ်

ထုတ်ဝေသည့် စာအုပ် ကတ်တလောက်အညွှန်း(CIP)

၈၉၅ ·၈၃

ပဉ္စမံဒီရိုင်း

ရှော့ခ် ရှိတယ် / ပဉ္စမံဒီရိုင်း - ရန်ကုန်။
ငါတို့စာပေ။ ၂၀၀၉။ ၁၅၅၉ - စာ။

၁၃ စင်တီမီတာ X ၂၀ စင်တီမီတာ

BURMESE CLASSIC .com


# ပဉ္စမံဒီရိုင်း

ဟာသလုံးချင်းဝတ္ထုသစ်

# ရှော့ခ် ရှိတယ်

www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်လို့တော့ မဟုတ်ပါဘူး
ဖြစ်လေ့ဖြစ်ထလည်း ရှိတတ်ပါတယ်။
ကောင်လေးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက်နဲ့
ရှောခ်ဖြစ်သွားတဲ့ အိုင်လပ်ယူ (I love you)
အကြောင်းပါပဲ...

www.burmeseclassic.com

www.burmeseclassic.com

ဟောဒီ လူ့ဝန်းကျင်မှာ


ကိုယ့်ဖြစ်တည်မှု

ကိုယ့်စရိုက်နဲ့အညီ

ကိုယ့်ယုံကြည်ချက်အကျီ ကိုယ်ဝတ်တာ

ဘာဖြစ်လဲ...

သူများအကျီ ငှားဝတ်တာမှ မဟုတ်တာ...



## အခန်း(၁)

ဇာတ်လမ်းကတော့ တော်တော်ကောင်းနေပြီ။ မင်းသားလုပ်တဲ့ ဂျက်လီ ဒီလောက်ကွန်ဖူးကစ်တွေနဲ့ Fighting ပေးနေတာ လူဆိုးတွေက အခုထိ မကုန်သေးဘူး။ ဂျက်လီအစား ဦးဝင့်နောင်ဖူး တစ်ယောက် ရေတောင်ငတ်လာပါတယ်။ ချွေးသံတွေရွှဲနဲ့ ဂျက်လီခမျာ တုတ်ကိုင်လိုက်၊ လှံကိုင်လိုက်၊ အပေါ်ခုန်တက်လိုက်၊ ကျွမ်းထိုးလိုက်နဲ့ မမောဘူးလား မသိ။

ဟော... ဂျက်လီကို လူဆိုးငါးယောက်က နောက်ကနေ သံတုတ်တွေနဲ့ ပြေးရိုက်ဖို့လာနေပြီ။ ဒါကို ရှေ့မှာ Fighting ချနေတဲ့ ဂျက်လီက မသိဘူး။ ဇာတ်လမ်းသဘောအရ ဂျက်လီ နည်းနည်းတော့ ခံရမှ သဘာဝကျမှာ။ ဂျက်လီ သံတုတ်သမားတွေကို ဘယ်လို တိုက်ကွက်တွေနဲ့ ပြန် Fighting ပေးမလဲ မသိ။

'ဦးဝင့်နောင်ဖူး... ဦးဝင့်နောင်ဖူး...'

သွားပါပြီ။ ရုတ်တရက် ဇာတ်လမ်းအရှိန်တက်နေတုန်း အိမ်ရှေ့ကနေ နာမည်ကို အော်ခေါ်သံတွေကြားလို့ ဦးဝင့်နောင်ဖူး ဗွီဒီယို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေရာကနေ လှမ်းကြည့်လိုက်တော့ ရပ်ကွက်လူကြီးနဲ့ လမ်းထဲက ရာအိမ်မှူး၊ ဆယ်အိမ်မှူးတွေကို တွေ့ရပါတယ်။

သေချာပြီ အလှူခံကိစ္စပဲ ဖြစ်လိမ့်မယ်လို့။ အိမ်ဖော်မထွေး ဘာဖြစ်လို့ ခြံတံခါးသော့မခတ်ထားလဲ မသိ။ ဘယ်များသွားနေသလဲ ဆိုတာလဲ စဉ်းစားလိုက်ပါသေးရဲ့။ ဗီစီဒီစက်ကို ပိတ်ပြီး လူကြီးတွေ ရှိရာ ဦးဝင့်နောင်ဖူး သွားလိုက်ပါတယ်။

'လာရပြန်ပြီ ဦးဝင့်နောင်ဖူးရေ၊ ကျွန်တော်တို့ ရပ်ကွက်ရဲ့ လမ်းမကြီးက အခုဆို တော်တော်ဆိုးနေပြီ၊ အဲဒါ… ကိုယ်ထူကိုယ်ထ လမ်းပြန်ခင်းရမှာ၊ ဒီတော့… ခင်ဗျားလည်း ကားရှိတာဆိုတော့ လမ်းကောင်းသွားတော့ ခင်ဗျားရဲ့ကားလည်း မထိတော့ဘူးပေါ့ဗျာ၊ အဲဒါ…- အလှူခံလာတာ၊ ခင်ဗျားတို့လို ပိုက်ဆံရှိတဲ့ လူတွေကတော့ များတည်အလှူရှင်တွေပေါ့ဗျာ'

ဦးဝင့်နောင်ဖူးတို့ လမ်းရာအိမ်မှူးဦးဘကြည်က လာကဲ့ကိစ္စ ပြီးကြောင်းကုန်စင်ကို ပြောပါတယ်။ ဘာစကားမှမပြောဘဲ နား ထောင်နေတဲ့ ဦးဝင့်နောင်ဖူးကတော့ စိတ်ထဲကနေ ပြုံးနေမိပါတယ်။ ရင်ထဲမှာ တအုံနွေးနွေးဖြစ်နေကဲ့ကိစ္စကို အခုမှ ပြောခွင့်ရပြီလို့…

'ကျွန်တော်လည်း… ဟောဒီလို လူစုံတုန်း ပြောစရာရှိတာ ပြောရတော့မှာပဲ၊ ကျွန်တော်တို့ လမ်းမကြီးဟာ မထမလမ်းခင်းတုန်း က သိန်းနှစ်ရာလောက်ကုန်တယ်၊ လမ်းကောင်းတော့ ဝင်လာလိုက်တဲ့ ကားတွေ… ကားတွေ… ကားတွေက အိုဗာဝိတ်တွေနဲ့ ကားတွေ တော၊ ကုန်တင်ကားတွေကော ဒီလမ်းမကြီးကနေ ဖြတ်ဖြတ်မောင်း တာ ခင်ဗျားတို့က ဘာမှမပြောဘူး၊ ကားကြီး မဝင်ရ၊ ဘာ မဝင်ရ သတိပေးဆိုင်းဘုတ် မရေးဘူး၊ အဲဒါတွေကြောင့် ပျက်တဲ့လမ်းကို



ကျွန်တော်တို့က ကိုယ့်အိတ်ထဲက ကိုယ့်ပိုက်ဆံနဲ့ ထပ်ပြင်ပေးရဦး မယ်ဆိုတာ သဘာဝမကျဘူး၊ ဒီတော့… ကျွန်တော် ပြတ်ပြတ်ပဲ ပြောမယ်၊ အဲဒီပျက်တဲ့လမ်းကိုပဲ ကျွန်တော့်ကား ဘာဖြစ်ဖြစ်မောင်း မယ်၊ နောက်ဆုံး… ကားမောင်းလို့ မရရင် ဒီအတိုင်း အိမ်မှာထိုးထား မယ်၊ မလှူနိုင်ဘူးဗျာ… ခွင့်လွှတ်ပါ'

ဦးဝင့်နောင်ဖူး ရင်ထဲ ပေါ့သွားပါတယ်။ ပြောချင်တာပြော လိုက်ရလို့ ကျေလည်းကျေနပ်သွားပါတယ်။ ဘယ်နှယ့် သူကြီးဘုရား ရှာသားကောင်းမှုလုပ်လို့ ဘယ်ရပါ့မလဲ။

သူ့ပြောစကားကြောင့် အလှူခံလာတဲ့လူတွေကတော့ မျက်စိ မျက်နှာတွေ ပျက်နေကြပါတယ်။

'အေးဗျာ… ဒီတစ်ခါတော့ ဒီအချက်အလက်တွေကို စဉ်းစား ရမယ်'

ရပ်ကွက်လူကြီးဥက္ကဋ္ဌက ဖြေသိမ့်စကားပြောလို့ မျက်ခင်မှာ ပဲ ဦးဝင့်နောင်ဖူးက…

'ဥက္ကဋ္ဌကလည်း… ဘာစဉ်းစားရမှာလဲ၊ လုပ်ကို လုပ်ရမှာ၊ အဲဒီလို မလုပ်လို့က အလကားပဲ၊ ကျွန်တော်တို့က လှူ၊ ကားတွေက ဖြတ်၊ လမ်းက ပျက်၊ ထပ်အလှူခံနဲ့ ကုသိုလ်မရချင်လည်းနေတော့ ဗျာ၊ မလှူဘူး…'

ဦးဝင့်နောင်ဖူးကတော့ အပြတ်ကို ရင်ဖွင့်နေပါတယ်။ အိမ်ထဲ မှာ မထွေးနဲ့ ဟင်းဝိုင်းချက်နေတဲ့ ဇနီးဖြစ်သူ ဒေါ်လေး... ဖူးခင်က အိမ်နောက်ဖေးကနေ အိမ်ရှေ့ခန်းက ပြောဆိုနေတာကို ... နားထောင်နေရင်းက ကြာလာရင် ခင်ပွန်းဖြစ်သူစကား ... ကြောင့် ရပ်ကွက်ထဲ မိတ်ပျက်မှာ စိုးရိမ်သဖြင့် အိမ်ရှေ့ကို ထွက်လာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ… တော်ပါ… ကိုကိုရယ် ခင်ပြောတာ နားထောင်ဦး'

ဒေါ်လေးလေးခင်က အိမ်ရဲ့ညေ့ခန်းထဲမှာ ရှိနေတဲ့ ဧည့်သည်တွေကို အားနာတဲ့အကြည့်နဲ့ ကြည့်လိုက်ပါတယ်။

'မ,တည်တာတွေ ဘာတွေတော့ မဟုတ်ပါဘူး၊ ကျွန်မတို့နိုင်သလောက်ပေါ့၊ ငွေငါးသောင်း လှူပါမယ့်'

'ဟာ… ရပါတယ်ဗျာ၊ ဘယ်ရွေ့… ဘယ်မျှ မဟုတ်ပါဘူး၊ သာဓု… သာဓု…'

ဒေါ်လေးလေးခင် စကားအဆုံး စောစောတုန်းက မျက်နှာတွေ မဟုတ်တော့ဘဲ ပျားရည်လူးထားတဲ့ မျက်နှာမျိုးနဲ့ အလှူခံလာသူတွေရဲ့မျက်နှာက ပြုံးလို့နေပါတယ်။ ဦးဝင့်နောင်ဖူးကတော့ မိန်းမဖြစ်တဲ့သူကို ခုကြည့်ကြည့်ရင်းက စိဒ်ဒီယိုစက်ရှိတဲ့ နေရာကိုသွားပြီး ကြည့်လက်စခွေကို ကြည့်ဖို့ စက်ဖွင့်လိုက်ပါတယ်။

ဒေါ်လေးလေးခင်ကတော့ အိမ်ရှေ့ဘီဒိုကို သော့ဖွင့်ပြီး ရိုက်ဆံငါးသောင်းကို လမ်းရာအိမ်မှူး ဦးဘကြည့်လက်ထဲ ထည့်ပေးလိုက်ပါတယ်။

'ကဲဗျာ… ခွင့်ပြုဦး၊ ဘေးအိမ်တွေ အလှူခံရဦးမို့၊ သာဓုဗျာ၊ ဟဲ… ဟဲ…'

လမ်းရာအိမ်မှူးဦးဘကြည်က နှုတ်ဆက်စကားဆိုရင်းမှ ဦးဝင့်နောင်ဖူးကိုကြည့်ပြီး ဘာကိုသဘောကျလေသလဲ မသိ ရယ်မောရင်း အိမ်ထဲကနေ ထွက်သွားကြပါတယ်။

*



'တော်သေးတာပေါ့ ဦးဘကြည်ရာ၊ ဦးဝင့်နောင်ဖူးက ရှော့ခ်ရှိတယ်နော်၊ တကယ့်… ဘုဂလန့်ကြီး၊ သူ့မိန်းမ ရောက်လာလို့ မလွယ်ဘူး…'

လမ်းထဲက ဆယ်အိမ်မှူးဖိုးခေါင်းက ဦးဘကြည်ကိုပြောလို့ အဆုံးမှာပဲ လမ်းထဲက သာရေးနာရေးအဖွဲ့ဝင် ကိုမောင်မောင်ကလည်း…

'သူ့သမီး… မဲစံပယ်ဖူး မရှိလို့ဗျို့၊ အဲဒီဟာမလေးသာရှိကြည့် ရှော့ခ်ကပိုကြီးမယ်၊ အဲဒီကောင်မလေးက ရုပ်ကလေးနဲ့မလိုက်အောင် စကားလုံးနဲ့ ယစ်တာနဲ့တင် ထွက်ပြေးရမှာ'

ရပ်ကွက်ဥက္ကဋ္ဌကြီးကတော့ ပြောသမျှစကားတွေကို နားထောင်ရင်း ဘာမှနားမလည်။ ဘာရှော့ခ်တွေရှိတာမှန်း မသိရေးချ မသိ။ သူစဉ်းစားနေတာက ဦးဝင့်နောင်ဖူး ပြောသွားတာတွေက မှန်နေတော့ ဇာစ်ခုခုတော့ အစည်းအဝေးမှာ ဆုံးဖြတ်ချက်ချရမှာပဲ လို့…။

* * *

ဂျက်လီကတော့ အပီတွယ်နေပြီ။ ဒါပြီးရင်တော့ ဇာတ်သိမ်းပြီ ထင်ပါရဲ့။ ဂျက်လီလည်း… သွေးရဲသံရဲနဲ့ ဖြစ်နေပြီ။ ဒါ Last Fighting ပဲ။ သေချာတာကတော့ ဂျက်လီပဲ နိုင်မှာပဲ။ ဒီ Fighting ဇာတ်ဝင်ခန်းကို ကောင်းကောင်းမကြည့်ရတာ တော်တော်နာတာပဲလို့ တွေးရင်းက ဦးဝင့်နောင်ဖူးက မေတ္တာပို့လို့နေပါတယ်။

'ကိုကို… ကိုကို…'

ဟော… လုပ်ပြန်ပြီ ဇာတ်လမ်းက ပြီးခါနီးပါပြီဆိုမှ မိန်းမ

www.burmeseclassic.com

www.burmeseclassic.com



လုပ်သူကတစ်မျိုး။ ဘာတွေ မှာတမ်းခြွေလေဦးမလဲမသိ။

'ဘာလဲ··· ခင်ရာ၊ ဒီမှာ··· ဓာတ်သိမ်းတော့မယ်၊ ဓာတ်ကားက ကောင်းပါတယ်ဆိုမှ အလှူခံကတစ်မျိုး၊ မင်းကတစ်မျိုးနဲ့···'

'မင်းက··· တစ်မျိုးနဲ့ မဟုတ်ဘူး ကိုကိုရေ၊ နည်းနည်းပါးပါးတော့ စကားလေး ဘာလေးကြည့်ပြောပါဦး၊ မှန်တိုင်း စွပ်မပြောနဲ့၊ ကိုကိုပဲ အမှန်းခံရမှာ၊ လူတွေကြားထဲမှာနေတာ နည်းနည်း လိုက်လျောညီထွေ ရှိမှာပေါ့'

'ဒီမှာ··· ခင်၊ ကိုကိုပြောတာ···မမှန်လို့လား၊ ကဲ··· ပြောပါဦး'


'မှန်ပါတယ်၊ ဒါပေမဲ့··· အနေအထားကိုတော့ ကြည့်ဦးပေါ့၊ ကိုကိုနဲ့ သမီးဖူးဖူးကတော့ အတူတူပဲ၊ ပြောလို့ကို မရဘူး၊ ဘယ်လိုဖြစ်လို့ အဲဒီတစ်ယောက်လည်း အဖေနဲ့တူမှန်းကို မသိဘူး၊ ခက်ပါတယ်'

'ကဲ··· ခက်ရင်လည်း နောက်ဖေးမှာ ခင်ရဲ့ လုပ်လက်စအလုပ်ကို ဆက်လုပ်၊ ဒီမှာ··· ဓာတ်ကားပြီးတော့မယ်'

'ဟင်း··· ပြောလိုက်ရင် ဒါပဲ'

ဒေါ်လေးလေးခင်က မကျေမနပ်နဲ့ ဦးဝင့်နောင်ဖူးကို မျက်စောင်းထိုးပြီး အိမ်နောက်ဖေးခန်းကို ထွက်သွားပါတယ်။ ဦးဝင့်နောင်ဖူးက မပြီးသေးတဲ့ ဂျက်လီကားကို ဆက်ကြည့်လို့နေပါတယ်။ ဗီဒီယိုကြည့်နေရင်းမှ မဆီမဆိုင် မျက်စိထဲ သူ့ရုပ်ကွက်လမ်းမကြီးကို မြင်မြင်နေရလို့ အတွေးကို ဖျောက်ပစ်လိုက်ရပါရဲ့။

■



လောကကြီးမှာ ကိုယ့်ထမင်း ကိုယ်စားပြီး
မှန်တာလေးတောင်
ပြောခွင့် မရှိတော့ဘူးလားလို့
မိန်းမတွေများ
သိပ်ချုပ်ချယ်ချင်ကြတာ ခက်ပါရဲ့

www.burmeseclassic.com

သူများ ဝမ်းနည်းတိုင်း
ကိုယ်က ဝမ်းနည်းရမှာလား
ကျွန်မမျက်ရည် အဲဒီလောက် မလွယ်ပါ။
သူများ ပြုံးတိုင်း
ကိုယ်က ပြုံးရမှာလား။
ကျွန်မ ပါးညောင်းတတ်တယ်။
ကျွန်မကတော့...
သူများတွေ ပြောကြ ဆိုကြ ပုံသေနည်းတွေထက်
ကိုယ့်ဖြစ်တည်မှုကို
ကိုယ်မြတ်နိုးတယ်။



## အခန်း(၂)

မိုက်ထဲမှာ တဂွီဂွီနဲ့ ဟိန်းဖြုန်းတတ်ပွဲလှည့်နေပြီ။ နာရီကိုကြည့်တော့လည်း ဆယ့်နှစ်နာရီကထိုးပြီ။ ကင်တင်းမှာကျတော့လည်း လူကပြည့်လို့။ ကိုယ်စားရမယ့်အလှည့်ကို စောင့်ရတော့မယ်။ သူငယ်ချင်းမတွေများ ပရက်တီကယ် ဘယ်လိုကြာအောင် လုပ်နေကြသလဲမသိ။ တော်ကြာ ဓာတ်ခွဲခန်းထဲ ဓာတ်ငွေ့တွေမှားပြီး ထပေါက်ရင်ပြီးပြီ။

အစား စားတော့လည်း စကားပြောဖော် မရှိလို့ တစ်ယောက်တည်း မစားတတ်တဲ့ အကျင့်ကပါနေ ခက်ပါရဲ့...

ဒီနေ့ရာကနေ နောက်ထပ်ငါးမိနစ်စောင့်လို့မှ ဒင်းတို့မလာရင်တော့လား....

မတတ်နိုင်ဘူး။ ကိုယ့်ဘာသာ ကိုယ်သွားစားမယ့်ကိန်းဆိုက်ပြီ။

ဒင်းတို့ကို စောင့်ရတာ ကိုရီးကားဓာတ်လမ်းတွဲတွေလို သဲကရှည်တာ။ တော်တော် သည်းညည်းခံရတာဆိုတာ။ ဒင်းတို့ ဒါသာနောက်ကျချင် ကျမယ်။

www.burmeseclassic.com

ဟွင်း… မပြောချင်ဘူး။ ယောက်ျားယူရင် အရင်ယူမယ့်ဟာတွေ…

'မေစံပယ်ဖူး… ခဏလောက် ထိုင်ခွင့်ပြုပါ'

အရေးထဲ ဘယ်က ကျောင်းသားလဲမသိ။ လာပြီး ရိုရိုကျိုးကျိုးနဲ့ ခွင့်လာတောင်းနေပါသေးတယ်။ ဗိုက်က ဆာရတဲ့အထဲ။

'ခွင့်တောင်းစရာ မလိုဘူး၊ ဒါ ဒဂုံတက္ကသိုလ်ကကျောင်းသားမည်သူမဆို ထိုင်လို့ရတာပဲ'

အံမယ် သင်းက စောစောက ပုံစံမျိုး မဟုတ်တော့။ မျက်နှာအမူအရာ ပြောင်းလိုက်ပြီး တက်ကြွတဲ့ပုံစံမျိုးနဲ့ ဘေးနားဝင်ထိုင်ပါတယ်။

'ကျွန်တော့်နာမည်… ဘုန်းထွတ်ရှင်ပါ'

'သြော်… ဗေဒင်ဆရာလုပ်ရင်း ကျောင်းထဲမှာ ဗေဒင်လာဟောတာလား၊ Sorry နော် ကျွန်မက ဗေဒင်ဝါသနာ မပါဘူး'

အဲဒီ ကျောင်းသားရဲ့မျက်နှာက မေစံပယ်ဖူးစကားကြောင့် ရှောက်သီးအလုံးတစ်ရာ စားလိုက်ရလို့ မျက်နှာရှုံ့တွသလိုမျိုး ရှုံ့တွသွားပါတယ်။

'ဟာဗျာ… ဘယ်ကသာ ဗေဒင်ဆရာ ဟုတ်ရမှာလဲ၊ ကျွန်တော်က… ရူပဗေဒနောက်ဆုံးနှစ် ကျောင်းသား၊ ကျွန်တော်လေ… ဒီ ဒဂုံတက္ကသိုလ်ကို စတက်တတည်းက ဘယ်ရည်းစားမှ မထားဖူးဘူး၊ မထင်မှတ်ဘဲ… မေစံပယ်ဖူးကို တွေ့လိုက်ရတဲ့အချိန်မှာ…'

'နေဦး… ပြီးမှပြော'

မေစံပယ်ဖူး တော်တော်ညစ်သွားပါတယ်။ ဘယ်နှယ့် ဗိုက်



ဆာပါတယ်ဆိုမှ ဘေးနားလာထိုင်ပြီး ရင်တွင်းဖြစ်တွေ အန်ထုတ်နေလို့ပါ။

ဘုန်းထွတ်ရှင်ဆိုတဲ့သူ့ခမျာ မေစံပယ်ဖူးအကြောင်း မသိသေးဘူး ထင်ပါရဲ့။ နည်းနည်းတော့ ပညာပေးရပါဦးမယ်…

'ကျွန်မ… ဗိုက်ဆာလို့ သူငယ်ချင်းတွေကို စောင့်နေတာ၊ သူတို့က အခုထိ မလာသေးဘူး၊ ရှင်… စကားပြောစရာရှိရင် ဒီလိုလုပ်၊ ဟောဟိုကင်တင်းက မုန့်ဆိုင်မှာ အလူးကြော်နှစ်ထုပ်လောက်သွားဝယ်၊ ပြီးရင်… ဒီကို ပြန်လာခဲ့၊ မုန့်စားရင်း ရှင့်စကား ကျွန်မနားထောင်မယ်'

'အိုကေ…'

ယောက်ျားသားများ တက်ကြွစိတ်ကတော့ ပြောမပြချင်ပါ။ တစ်ခါတည်း ထိုင်ရာကနေထပြီး ကင်တင်းက မုန့်ဆိုင်ကို ဘုန်းထွတ်ရှင်ဆိုတဲ့ ကျောင်းသားက သုတ်ခြေတင်ပြေးပါတော့တယ်။

'ရော့… မေစံပယ်ဖူး'

အားလူးကြော် အထုပ်ကြီးနှစ်ထုပ်ကို ဘုန်းထွတ်ရှင်ဆိုတဲ့ ကျောင်းသားက မေစံပယ်ဖူးထိုင်နေတဲ့နား ရောက်လာပြီးပေးပါတယ်။

'ပေးရုံနဲ့ မပြီးဘူး… ဖောက်ပေးဦး'

'ဗျာ… သြော်… ဟုတ်ကဲ့… ဟုတ်ကဲ့'

မေစံပယ်ဖူးစကားကြောင့် ဘုန်းထွတ်ရှင်ခမျာ ကြောင်အမ်းအမ်း ဖြစ်သွားရင်း အားလူးကြော်တစ်ထုပ်ကို မေစံပယ်ဖူး လှမ်းပေးတာ ယူရင်းမှ ဖောက်လိုက်ပါတယ်။

'ကောင်းလိုက်တဲ့… အာလူးကြော်ရှင်၊ Thank You ပါပဲ'

'ရပါတယ်… မေစံပယ်ဖူးရယ်၊ ဆာနေသူ့ ယူတစ်ယောက်

www.burmeseclassic.com



ကို ဒီလိုကျွေးခွင့်ရတာ ကျေနပ်ပါတယ်၊ ကျွန်တော်… အကျေနပ်ဆုံးက…’

‘နေဦး… နောက်မှာပဲပြော၊ အာလူးကြော် စားရတာ ရေငတ်လို့ ရေသန့်တစ်ဗူး ဝယ်ပါဦး’

‘သြော်… ဟုတ်ကဲ့… ဟုတ်ကဲ့… မေစံပယ်ဖူး’

ဘုန်းထွတ်ရှင်က ထိုင်ရာကနေ ကမ္ဘာကျော်အပြေးသမားလိုမျိုး သုတ်ခြေတင် ပြေးထွက်သွားပါတယ်။ မေစံပယ်ဖူးကတော့ အာလူးကြော်စားနေရင်းမှ ပြုံးပြီးရယ်နေပါတယ်။

‘ရော့… မေစံပယ်ဖူး၊ ရေသန့်က အေးတယ် သောက်လိုက်၊ သိပ်လည်း… အရမ်းမသောက်နဲ့ဦး၊ သွားတွေ ကျင်ကုန်ဦးမယ်’

အရေးထဲ ဘုန်းထွတ်ရှင်က ရေသန့်ဗူးကိုဖွင့်ပေးရင်းမှ အကြင်နာတွေ ဗိုသလိုမျိုး အလွတ်ကျက်ထားတဲ့စကားလုံးတွေနဲ့ ချူဆို ထည့်နေပါတယ်။

‘ရှင်က…ကြင်နာတတ်သားပဲ၊ ရှင်ရဲ့ကြင်နာမှုနဲ့ အလိုက်သိမှုကိုတော့ အသိမှတ်ပြုပါတယ်၊ အခု… ကျွန်မက သူငယ်ချင်းတွေကိုစောင့်ရင်း ဗိုက်ဆာနေတာ နည်းနည်းအဆာပြေသွားပြီ၊ ကျေးဇူးပဲ… သွားမယ်နော်၊ ဟိုမှာ… သူငယ်ချင်းတွေ လာနေပြီ’

မေစံပယ်ဖူး ထိုင်ရာကနေ ဘုန်းထွတ်ရှင်ကို နှုတ်ဆက်ရင်း ထွက်သွားပါတယ်။

‘မေစံပယ်ဖူး… မေစံပယ်ဖူး… ဒီမှာ ရေသန့်ဗူး ကျန်ခဲ့တယ်လေ၊ ဟာဗျာ… ဘာစကားမှတောင် မပြောရသေးဘူး၊ သက်သက်ကျွန်တော့်ကို ပညာပေးသွားတာ၊ မေစံပယ်ဖူး… မေစံပယ်ဖူး’

ဘုန်းထွတ်ရှင်ကတော့ မေစံပယ်ဖူး ချန်ထားခဲ့တဲ့ ရေသန့်ဗူး



ကို လက်ကကိုင်ရင်းမှ အုတ်ခုံပေါ်ကနေ မေစံပယ်ဖူးကို အော်ပြောနေပါတယ်။

မေစံပယ်ဖူးကတော့ အဲဒါကို ဂရုမစိုက်နိုင်အားပါ။ သူငယ်ချင်းမ သုံးယောက်ကို ဘာလို့နောက်ကျရသလဲဆိုပြီး အပီကောလို့နေပါတယ်။

ဟုတ်တော့လည်း ဟုတ်တယ်လေ။ ဆာလာရင် လူဆိုတာ ဒေါသထွက်တတ်တာမျိုးပဲ မဟုတ်ပါလား။

*

‘ဒါဆို… ဖူးဖူး၊ ဟို… ဘုန်းထွတ်ရှင်ဆိုတဲ့လူက နင့်ရဲ့ရှော့ခ်နဲ့ မသွားတာပေါ့’

ကင်တင်းက စားသောက်ဆိုင်ကိုရောက်ပြီး စားစရာတွေ မှာပြီးပြီးချင်းမှာပဲ သန္တာလင်းက မေးလိုက်ပါတယ်။

‘ကြောင်တောင်တောင်နဲ့ပါဟယ်၊ ငါ့မှာ… နင်တို့ မလာလို့ ဗိုက်ဆာနေရတဲ့အထဲ ဒင်းက လာပြီး တယောထိုးလို့ နည်းနည်းအမြည်းပေးလိုက်တာပါ’

‘ဟဲ့… ဖူးဖူး၊ အဲဒီဘုန်းထွတ်ရှင်က ဘယ်အချိန်ကတည်းက နင်တစ်ယောက်တည်း ရှိနေသလဲဆိုတာ စောင့်နေလဲ မသိဘူး။ နင့်ရှော့ခ်ထဲ တန်းဝင်သွားတာပဲ’

စန္ဒာဝင်းက ကြာဇံကြော်တစ်ဇွန်းကို ခပ်စားပြီး မေးလိုက်တာကို ဖူးဖူးက ပြန်မဖြေအားဘဲ မှာထားတဲ့ထမင်းပေါင်းကို ခ[illegible] ဇွန်းနဲ့ သုံးလေးဇွန်းဆက်တိုက် စားလိုက်ပါတယ်။

‘စန္ဒာဝင်းရယ်… ငါ့မှာ ဘာအကျင့်လဲတော့ မသိဘူး

www.burmeseclassic.com

www.burmeseclassic.com



ငါ့တို့… အထက်တန်း ကျောင်းသူဘဝကတည်းက ယောကျ်ားလေးတွေက ရည်းစားစကားပြောတာတို့ ဘာတို့ဆိုရင် ငါက နည်းနည်းလေး အဲဒီလို ဆွပေးလိုက်ရမှ နေသာထိုင်တာရှိတာ'

'ဟုတ်လိမ့်မယ်၊ အဲဒါ… နှင့်အဖေဦးဝင့်နောင်ဖူးနဲ့ တူလို့ပဲ ဖြစ်ရမယ်'

'ဟုတ်တယ်… ခင်မာချိုရေ၊ ဖူးဖူးကတော့… အဖေတူသမီးပဲ့၊ ယစ်တဲ့နေရာမှာတော့ အဖေကော သမီးကပါ ရှော့ခ်ရှိတယ်ဆိုပြီး ရပ်ကွက်ထဲမှာ နာမည်ကြီးနေတာပဲဟေ့…'

သန္တာလင်းက ရယ်ကာမောကာနဲ့ မေစံပယ်ဖူးကို ကြည့်ပြီး စကားပြောလို့အဆုံး စန္ဒာဝင်းက…

'ဖူးဖူးဘက်က… ကြည့်တော့လည်း မှန်တယ်ဟေ့၊ ဖူးဖူးကလှတော့ ယောကျ်ားလေးတွေက သူ့ကို စာပေး၊ ရည်းစားစကားပြောတာ လက်ခံပြီး အလိုက်သင့်ပြောရင် ဒင်းတို့တွေ ရောင့်တက်ကုန်မှာပေါ့၊ ဖူးဖူး… ဒီလို လုပ်တာမှန်တယ်၊ အဲဒါ… အမှန်တရားပဲ'

'ဒီမှာ… စန္ဒာဝင်း၊ အမှန်တရားဆိုတာ လူတွေက ဘယ်စံနှုန်းတွေနဲ့ သတ်မှတ်လဲ၊ အမှန်တရားဆိုတာ ဘယ်လူတွေအတွက်မှ တက်ယှ်တန်ဖိုး မဟုတ်ဘူးလို့ ငါထင်တယ်၊ လူနဲ့လူနဲ့ လူအချင်းချင်း ဆက်ဆံရေးနယ်ပယ်မှာ မေတ္တာတရား၊ ကရုဏာနဲ့ မုသာဝါဒတွေကသာ အမှန်တရား ထောင်သောင်းလောက် တန်ဖိုးရှိတာ မဟုတ်လား'

မေစံပယ်ဖူးက ပြောလက်စ စကားကိုရပ်လိုက်ပြီး ထမင်းပေါင်းကို ဆက်စားလို့နေရဲ့…

'ဘာတွေလဲဟာ… နင်တို့ စကားဝိုင်းက နည်းနည်းမြင့်လာပြီ၊ ရှုပ်နေတာပဲ၊ စားမှာသာ စားစမ်းပါ'



ခင်မာချိုက စိတ်မရှည်တဲ့ အမူအရာနဲ့ ပြောပါတယ်။

'ဒီမှာ… ဖူးဖူး၊ အေး… နင်… တကယ်ချစ်ဆိုတဲ့ သူနဲ့ မတွေ့သေးတော့ နင်ရဲ့ ပင်ကိုယ်ဂါသနာအတိုင်း ရှော့ခ်ရှိတယ်လို့ အဲဒီသူတွေက ပြောကြမှာပဲ၊ အေး… နင်က တကယ်မြတ်နိုးတဲ့သူတွေ့လို့ကတော့ စကားတစ်ခွန်းရှိတယ်… '*နွှီစားနွားမတွေကို နွှီခမ်းသွားအောင် ဘယ်တော့မှ နွားနို့ညှစ်မပစ်ရဘူး*'တဲ့၊ နင်ရဲ့ချစ်တဲ့သူနဲ့ ကျမှ နင်ရဲ့ရှော့ခ်တွေ ခမ်းမလား၊ မခမ်းလား စောင့်ကြည့်ဦးမယ်၊ အခုတော့… ပြောထားဦးပေါ့ဟာ'

စန္ဒာဝင်းစကားကို မေစံပယ်ဖူးက ဘာမှပြန်မပြောဘဲ ကင်တင်း စားသောက်ဆိုင်ထဲကနေ လမ်းမဘက်ကို ကြည့်လိုက်ပါတယ်။

ကင်တင်းရှေ့က လမ်းပေါ်မှာတော့ ကျောင်းသားတွေ ဖြတ်သွားဖြတ်လာနဲ့။ ပြီးတော့ ကျောင်းသွားနှစ်ယောက်က စက်ဘီးနဲ့ကျောင်းထဲမှာ တွန်းပြီး ကွမ်းယာလိုက်ရောင်းနေတဲ့ ဦးလေးကြီးဆီကနေ ကွမ်းယာ ဝယ်နေတာကို လှမ်းမြင်နေရပါတယ်။

■

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ဘဝ
ကိုယ့်အနာဂတ်အတွက်
ကိုယ့်ကိုကိုယ် ကြိုးစားနေရလို့
ကိုယ့်နှလုံးသား
ကိုယ်မေ့နေတာ
တော်တော် ဆိုးဝါးသွားသလား မသိ။



## အခန်း(၃)

အခုချိန်မှ အတန်းထဲဝင်မယ်ဆိုလျှင် သေချာတာက ပါမောက္ခ ဦးအေးကျော်ရဲ့အဆူကို ခံရတော့မယ်။

ပါမောက္ခဆရာကြီးက သူ စာသင်ကြားပို့ချတာ ကျောင်းနောက်ကျရင် လုံးဝမကြိုက်ဘူး။

သန်းစိုးကတော့ အတန်းထဲမှာ ဆရာပြောတာ အသေးစိတ်လိုက်မှတ်နေကျဆိုတော့ ပြီးမှပဲ ဒီကောင့်ဆီက မှတ်စုပြန်ကူးရမယ်။

နေ့လည် ထမင်းစားချိန်ရောက်မှပဲ စိန်လင်းရှိနေတဲ့ ဓာတုဗေဒစာသင်ဆောင်ဖက်သွားပြီး သူတို့ဖက်က ကင်တင်းမှာပဲ နေ့လည်စာကို အားပေးရတော့မှာပဲ။

ဒီနေ့ကျမှ ဒက်ဒီက သူ့ကုမ္ပဏီကိစ္စတွေအတွက် သူ့ကိုယ်စား နယ်က ကိုယ်စားလှယ်တွေကို တစ်ယောက်ပြီးတစ်ယောက် ဖုန်းဆက်ခိုင်းလို့ ကျောင်းကိုလာတာ နောက်ကျသွားရတာ။

ခက်တာက ကိုယ်ကလည်း ဆရာဦးအေးကျော် အချိန်ဆိုရင် သိပ်မပျက်ချင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ပါမောက္ခဆရာကြီးက ပါမောက္ခအပြင် မောင်ကြည်သစ်ကလောင်အမည်နဲ့ ဒဿနိကဗေဒနဲ့သက်ဆိုင်တဲ့ ဆောင်းပါးတွေကော ဘာသာပြန်တွေကောရေးတဲ့ စာရေးဆရာကလည်း ဖြစ်ပြန်ဆိုတော့ သင်ခန်းစာ ပို့ချချက် တစ်ချိန်ဆို တစ်ချိန်ဆိုသလောက် သူသိထားသမျှ အကြောင်းအရာတွေကို သင်ခန်းစာနဲ့ ဆက်စပ်ပြီးရှင်းပြတာ ဗဟုသုတ တော၊ သုတကော ဆင်ခြင်တွေးစရာတွေပါ အများကြီးရလို့ပါ။

တချို့သူငယ်ချင်းတွေက ပြောကြပါတယ်။ ဘာဖြစ်လို့ ဒဿနိကဗေဒမှ အထူးပြုကို ယူတာလဲတဲ့…

တက္ကသိုလ်ဝင်တန်းအောင်တုန်းက အမှတ်လည်း ကောင်းရဲ့သားနဲ့ မိဘက ကုမ္ပဏီမှာ ကိုယ်ရတဲ့ဘွဲ့နဲ့ကိုက်ညီအောင် စီးပွားရေးဘာသာရပ်ကို လျှောက်တာမဟုတ်ဘူးဆိုပြီး အပြစ်တင်စကားဆိုကြပါသေးတယ်။

မတတ်နိုင်ဘူး။ ကိုယ်က ဒဿနိကဗေဒဆိုတဲ့ အတွေးအခေါ်ကိုလည်း မြတ်နိုးမိ စိတ်ဝင်စားမိတာဆိုတော့ အထူးပြုအဖြစ် လျှောက်လိုက်တာပါပဲ။

အမိကပြောရရင်တော့ ကိုယ်က ဝါသနာပါလို့လားမသိ။ ပထမနှစ်ထူးတန်းတွေ ဘာတွေတောင်တက်ရလို့ အခုဆို နောက်ဆုံးနှစ် ပထမနှစ်ထူးတန်းတောင် ရောက်လာပြီလေ။

*ကျွန်တော်သင်ကြားရတဲ့ ဘာသာအတွက် ကျွန်တော်ပြောချင်ပါတယ်။ တချို့က ဒဿနိကဗေဒဘာသာရပ်ဆိုတာ နည်းနည်း 'ဂေါက်'ဖြစ်တဲ့ သူတွေသာ အထူးပြုအဖြစ် သင်ကြတယ်လို့ အလွယ်တကူ နိဂုံးချုပ်ပြောတတ်ကြပါတယ်။*

*ပြောချင်ပါတယ်။ အဲဒီလိုပြောတဲ့ သူတွေသာ နိဒါန်းမရှိ၊*



စာကိုယ်မရှိ

*နိဂုံးမရှိ ^ ဖျန်းတိုင်မရှိဘဲ ပြောနေတာလို့။*

*လူတွေ သဘာဝတရားနဲ့ သတ္တလောက ရှိနေသရွေ့ အတွေးအခေါ် ဘာသာရပ်ဆိုတာ ရှိသလို အသိဉာဏ်ပညာနဲ့ လမ်းပြမယ့် အတွေးအခေါ် ပညာရှင်တွေလည်း ပေါ်ထွန်းနေမယ်ဆိုတာပါပဲ။*

*ဒဿနအတွေးအခေါ်သာ မရှိရင် ဆင်ခြင်တုံတရားမရှိတော့ဘဲ တိရစ္ဆာန်မခြား လူတွေအဖို့ ကြီးသူက ငယ်သူကိုနိုင်ဆိုတဲ့ လောကကြီး ပေါ်ထွန်းလာမှာပါ။*

ဟူး… ကိုယ်သင်ကြားတဲ့ ဘာသာအကြောင်း စိတ်ထဲရှိတာတွေ တွေးရင်း မောသွားလို့ ကျွန်တော်လည်း မထူးတော့ပါဘူးဆိုပြီး ကင်တင်းက လက်ဖက်ရည်ဆိုင်ဘက်ကိုသာ ထွက်လာခဲ့ပါတော့တယ်။

ပြောရဦးမယ် လက်ဖက်ရည်သောက်ရင်းလည်း 'ဖေရှိတု' လို့ အမည်နာမတွင်တဲ့ ကျွန်တော် တွေးချင်လည်း တွေးနေဦးမှာပဲ ဗျို့…

*

လက်ဖက်ရည်ကို သောက်ကောင်းကောင်းနဲ့ ကျွန်တော် သောက်နေလိုက် တွေးချင်တာလေးတွေ တွေးလိုက်နဲ့မို့ ဆူညံနေတဲ့ ပတ်ဝန်းကျင်ကိုတောင် မေ့လျော့နေမိပါတယ်။

ဒီအချိန်မှာပဲ…

'ဘုန်း…'

'ဖေရှတု… မင်းရဲ့ လက်ဖက်ရည်ခွက်ထဲက လက်ဖက်ရည်တွေ သွန်လိုက်စမ်း'

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်သောက်နေတဲ့ ကျွန်တော်ကို တစ်စုံတစ်ယောက်က ခုံကို လက်နှင့်ပုတ်ပြီး ကျွန်တော့်ခါးကို လက်နဲ့လာတို့လိုက်ပါတယ်။ ကျွန်တော်လည်း ယောင်ပြီး သောက်နေတဲ့ လက်ဖက်ရည်ခွက်ထဲက လက်ဖက်ရည်တွေကို သွန်ချပစ်လိုက်ပါတယ်…

'ဟာကွာ… သန်းစိုး၊ မင်းနဲ့… ဒီမှာ လက်ဖက်ရည်ကထုန်ပဲ ကုန်တော့မယ်၊ မင်းကလည်းကွာ… ငါ ယောင်တတ်တာသိသားနဲ့'

ကျွန်တော် နည်းနည်းတော့ တင်းသွားပါတယ်။ ဘာဖြစ်လို့လည်းဆို ကျွန်တော်ကို တစ်စုံတစ်ယောက်က ခါးကိုလာတို့လျှင်ယောင်တတ်လို့ ဖြစ်ပါတယ်။ အဲဒီလို ကျွန်တော် ယောင်တာကိုပဲ ကျွန်တော့်သူငယ်ချင်းတွေက သဘောကျလို့ နေပါတယ်။

တစ်ခါတစ်ရံတော့ ကျွန်တော်က လူကြားထဲ ဒီလိုယောင်တတ်တာမျိုးကို ရှက်မိတာမျိုး ရှိပါတယ်။ ဥပမာ ကောင်မလေးတွေဘာတွေ ကိုယ့်အနားမှာ ရှိရင်ပေါ့လေ…

'လက်ဖက်ရည်တစ်ခွက်ဟော့…'

'ဟူး… မောလိုက်တာ'

သန်းစိုးက သူ မလုပ်သည့် ပုံစံမျိုးနဲ့ သက်ပြင်းချရင်းက လက်ဖက်ရည်တစ်ခွက် လှမ်းမှာလိုက်ပါတယ်။

'ဇေရတု… မင်း ဘာလို့ အတန်းဝင်မတက်တာလဲ၊ ဒီနေ့… ဆရာဦးအေးကျော် သင်တာတော်တော်ကောင်းတယ်'

'အိမ်က… အဖေ့ကိစ္စတွေ ကူလုပ်ရင်း အတန်းတက်ဖို့နောက်ကျသွားလို့ကွ၊ တော်ကြာ… ဆရာဦးအေးကျော်က ဆူရင်မကောင်းဘူး၊ ဒါနဲ့… ဒီမှာ ငါ လက်ဖက်ရည်သောက်ရင်း နောက်



တစ်ချိန်မှ တက်ဖို့လုပ်နေတာ'

'ဒါဆို ဟုင်မနေနဲ့… ဇေရတုရေ၊ ဒီနေ့… အတန်းချိန်တွေမရှိတော့ဘူး၊ ဌာနမှာ အစည်းအဝေးကော မဟာဘွဲ့တွေအတွက် လူတွေ့မေးဖို့တွေ ရှိလို့တဲ့'

'ဟေ… ဟုတ်လား၊ ဒါဆိုရင်တော့ စိန်လင်းကို ငါ ဖုန်းဆက်လိုက်ဦးမယ်၊ ဒီကောင့်… အတန်းအားရင် ငါတို့ဆီ လာလို့ရတာပေါ့'

ကျွန်တော် လွယ်အိတ်ထဲက ဟမ်းဖုန်းကိုထုတ်ပြီး စိန်လင်းဆီဖုန်းဆက်လိုက်ပါတယ်။ ဒီကောင်ကလည်း ဝမ်းသာအားရပါပဲ။ ဒီတစ်ချိန်ပြီးရင် လာခဲ့မယ်တဲ့။

အဲဒီနောက်တော့ ကျွန်တော်နဲ့သန်းစိုး လက်ဖက်ရည်ဆိုင်မှာထိုင်ရင်း ဘာစကားမှမပြောဘဲ သန်းစိုးကလည်း လက်ဖက်ရည်သောက်နေ ကျွန်တော်ကလည်း တွေးချင်ရာ တွေးနေမိပါတယ်။

*

'ဇေရတု… ဒါနဲ့ စကားမစပ်ကွာ မင်းက မနက်က အတန်းချိန် နောက်ကျတယ်ပြောလို့ မင်းအဖေရဲ့ ကုမ္ပဏီအလုပ်ကိစ္စ မင်းတာဝိုင်းလုပ်ရတယ် ပြောတာ၊ ဘာလုပ်စရာလိုလဲကွာ၊ ကိုယ့်ကုမ္ပဏီမှာကိုယ့်အဖေကခန့်ရင် မန်နေဂျာဖြစ်တာပဲ ဘာလိုလို့လဲ'

မထင်မှတ်ဘဲ သန်းစိုးက မေးလိုက်လို့ ကျွန်တော့်အတွေးတွေတောင် ဘယ်ရောက်သွားကုန်မှန်း မသိပါ။

'သန်းစိုး… စောစောက မင်းက ငါ့ကိုပြောတာ မြန်မာတွေတွေးပုံ တွေးနည်း ယူဆပုံယူဆချက်မျိုးနဲ့ ဆိုရင်တော့ မင်းပြောတာ

www.burmeseclassic.com



ဟုတ်သလိုလိုရှိတယ်၊ ဒီမှာရှိတဲ့ ကုမ္ပဏီအများစုကလည်း မင်းပြောသလို မိဘက ကုမ္ပဏီပိုင်ရှင်ဖြစ်ရင် ကိုယ်လည်း အလိုလို ကုမ္ပဏီက အကြီးအကဲတစ်ယောက်ဖြစ်တာ မဆန်းဘူးပေါ့ကွာ'

'ဒါဖြင့်… ဘာဆန်းလို့လည်း ခော်ရတုရ'

ကျွန်တော်က ဘာမှမပြောသေးဘဲ ရေနွေးတစ်ခွက်ကို သောက်လိုက်ပါတယ်။ ပြီးမှ…

'ကုမ္ပဏီဆိုတာ တစ်ဦးတစ်ယောက်တည်းနဲ့ ဖွဲ့စည်းထားတာ မဟုတ်ဘဲ အများနဲ့ ဖွဲ့စည်းထားတာဆိုတော့ 'ငါ' ဆိုတာထက် 'ငါတို့' ဆိုတာကို ဦးစားပေးလုပ်ဆောင်ရတာလေ၊ ဒီတော့… နိုင်ငံတကာမှာ မိသားစုကုမ္ပဏီတွေကတော့ စောစောက မင်းပြောသလို မစဉ်းစားဘူး၊ အောင်မြင်တဲ့ မိသားစုကုမ္ပဏီတစ်ခုမှာ ကိုယ့်သားသမီးဆွေမျိုးသားချင်းထဲက တစ်ယောက်ယောက်ကို ရာထူးတိုးပေးမယ်ဆိုရင် အဆင့်တူဝန်ထမ်းတွေထက် ပိုထူးချွန်သလား၊ ဒါမှမဟုတ်… မိသားစုဝင်မဟုတ်တဲ့ မန်နေဂျာတွေအများစု ပါဝင်တဲ့ အရည်အချင်းစစ်အဖွဲ့က စစ်ဆေးပြီး အခြားအဆင့်တူဝန်ထမ်းတွေထက် အရည်အချင်းရော လုပ်ငန်းဆောင်ရွက်မှုမှာပါ သာမှ ရာထူးတိုးပေးတာ၊ မင်းပြောသလို မန်နေဂျာဖြစ်ဖို့ဆိုရင် ကိုယ့်အဖေက ကုမ္ပဏီရဲ့ ဘာကြီးဖြစ်နေနေ မရဘူး၊ အရည်အချင်းအဘက်ဘက်က ပြည့်စုံမှရတာ၊ ဒီတော့… ငါလည်း ကုမ္ပဏီမှာ ပြန်လုပ်မယ်ဆိုရင် ငါ့အရည်အချင်းအတွက် ငါ အစစ်ဆေးခံပြီးမှ ထိုက်သင့်တဲ့ရာထူးကိုယူမယ်'

သန်းစိုးကိုရှင်းပြရတာ ကျွန်တော် တော်တော်အာညောင်းသွားပါတယ်။ ရေနွေးနှစ်ခွက် ဆင့်သောက်လိုက်ပါတယ်။

'ဟုတ်ပါပြီ… ခေရတုရာ၊ ဒါနဲ့… ကျောင်းလည်း ပြီးတော့



မှာဆိုတော့ အခုထိ ရည်းစားလေး ဘာလေး မရှာတော့ဘူးလား၊ ပညာလည်းစုံ ကြင်ယာလည်းစုံပေါ့ကွာ'

'တစ်ခါတလေကျတော့ ဘဝမှာ ကိုယ့်တိုးတက်မှု ကိုယ်လုပ်နေရတော့ ကိုယ့်နှလုံးသားကို ကိုယ်ပြန်တောင် မကြည့်မိဘူး။ တော်တော်တော့ ဆိုးတယ်၊ မတတ်နိုင်ဘူး၊ ဘဝမှာ အချစ်ထက် အရေးကြီးတာတွေက အများကြီးပဲဟာ'

'စကားကို အကုန်မပြောနဲ့ ခေရတု၊ အချစ်ဟာ… မင်းအတွက် မထင်မှတ်ဘဲ အရေးကြီးလာမယ်ဆိုရင်ကော'

'အဲဒါကတော့… ငါလည်း မသိဘူး၊ ဘုရားသခင်ပဲ သိလိမ့် မယ်၊ ဘာဖြစ်လို့လည်းဆို ဘုရားသခင်က လူတစ်ယောက်ရဲ့ အနာဂတ်ကို မပြဋ္ဌာန်းပေးထားလို့ပဲ'

ကျွန်တော် စကားကို သန်းစိုးက ဘာမှဝေဖန်ခြင်း မရှိပါ။ ဘာဖြစ်လို့လဲဆို စိန်လင်းက ကျွန်တော်တို့ရှိရာသို့ လာနေလို့ဖြစ်ပါတယ်။ ကျွန်တော် နည်းနည်းတော့ လန့်သွားပါတယ်။ စိန်လင်းက အစအနောက်သန်တယ်ဆိုတော့ ကျွန်တော့်ကိုခါးထိုးပြီး ယောင်အောင်နောက်ရင်တော့ ဒီဆိုင်ထဲမှာ မဟာဒုက္ခတွင်းဆုံး ကျရုံသာ ရှိပါတော့မယ်။ ခက်တယ်ဗျာ…

■

www.burmeseclassic.com



**ပညာရှင်တချို့က**
**ဘဝဆိုတာ ညှိယူရတယ်တဲ့**
**ညှိယူတိုင်း ရကြေးဆို**
**လောကကြီးက**
**တော်တော်တော့ ပျော်စရာကြီးမှာ။**

## အခန်း(၄)

မေစံပယ်ဖူး နည်းနည်းတော့ စိတ်ထဲ 'ဘု'နေပါတယ်။ ဒါကို ကားမောင်းနေတဲ့ တက္ကစီဒရိုင်ဘာက လုံးဝမသိ။ သူ့ဟာနဲ့သူ ဟုတ်နေတယ်ထင်ပြီး တွေးနေသလားမသိ။

ဖြစ်ပုံကကြည့်လေ။ ဒီနေ့ အိမ်ကကားကို ဝပ်ရှော့ပို့ထားလို့ အငှားကား စီးပါရဲ့။ ကားသမားတွေက ဒင်္ဂတက္ကသိုလ်ကို မောင်းပို့ဖို့ အရေး ပိုက်ဆံရမယ်ဟာကို ဟိုလိုလို ဒီလိုလိုနဲ့လုပ်ပြီး အကြောင်းပြ ချက် အမျိုးမျိုးပြပြီး ငြင်းပါလေရဲ့။ ကျသင့်ငွေပေးတာတောင်မှ လက်မခံချင်ဘူး။

နိုင်ငံခြားမှာမျိုးကတော့ ရှင်းတယ်။ တက္ကစီကားကို တားပြီး ကားတံခါးဖွင့် ဝင်ထိုင်ပြီးမှ သွားလိုရာကိုပြော။ သွားလိုရာရောက်ရင် ကျသင့်တဲ့ ခရီးအကွာအဝေးခကို ပေးရုံပဲ။ ဒီမှာက ပြောင်းပြန်…

အခုလည်း ကြည့်ဦး။ နောက်ဆုံး အခု ကျောင်းကိုလာဖို့ ငှားစီးတဲ့ ဒရိုင်ဘာက CNG ဓာတ်ငွေ့ကားဖြစ်ပြီး လေးထောင့်ခွဲရှာ ..ာင်းတယ်။ ဒင်းက မေစံပယ်ဖူး ကားငှားနေတာကို အားကိုရပ် ထ..ချင်းက အကဲခပ်နေပြီးမှ မေစံပယ်ဖူး ကားတားတဲ့နေရာ ရောက်

www.burmeseclassic.com



လာတာ။ ဒီတော့ အခြေအနေတွေအားလုံး သိနေတာပေါ့။ မေစံပယ်ဖူးလည်း ဒီခရီးနဲ့ ဒီခရီးမတာန်မှန်း သိပေမယ့် မတတ်နိုင်ဘူး။ ဈေးကြီးလည်း ကြီးပလေ့စေဆိုပြီး ငှားစီးရတာပေါ့။

အဲဒါနဲ့ ကားပေါ် ရောက်တော့မှပဲ ဒရိုင်ဘာပြောချက်တွေအောက်မှာ ပေါက်ကွဲဖို့ ဖြစ်လာရတာပါပဲ။

*

'ညီမလေးကို… အစ်ကိုက အားနာလို့ လိုက်ပို့တာ၊ အခု… သွားရမယ့် ဒဂုံတက္ကသိုလ်ကပြန်ရင် ခရီးသည်ရတာ မဟုတ်ဘူး၊ အလွတ်ပြန်ရမှာ၊ ညီမလေးကို အခုပို့တဲ့ခရီးလောက် မြို့ထဲမှာ ခေါက်တိုဆွဲရင် သုံးလေးကြောင်းရတာ၊ ဒါပေမယ့် ညီမလေးက တက္ကသိုလ်ကျောင်းသူဆိုတော့ ငွေရေး၊ ကြေးရေးကိစ္စမရှိပါဘူး၊ ပညာသင်ကြားမယ့်သူကို ပါရမီဖြည့်ပေးတာပေါ့လေ၊ ကျန်တဲ့ကားတွေ မလိုက်တာ အစ်ကိုသိတာပဲ၊ အစ်ကိုက တန်ရာတန်ဖိုးကို လျှော့ယူတာပါ'

ရေပက်မဝင် ဒရိုင်ဘာက တစ်လမ်းလုံး ကိုယ်ရည်ကိုယ်သွေးတီးလုံးတွေနဲ့ ကားမောင်းရင်းပြောတာ မေစံပယ်ဖူးခမျာ သူ့စကားကို ပြန်ချေပဖို့တောင် မပြောရဲ။ ကိုယ်က စပေးရင် ဒင်းက ဆက်ပြီး စကားလုံးတွေ တရစပ်လာဦးမှာမို့ပါ။

တစ်လမ်းလုံး ကားစီးရင်း ကျောင်းရောက်မှ သူဖတ်ဖူးတဲ့ နိုင်ငံတကာ ဟာသတစ်ပုဒ်ထဲကလို နည်းနည်းတော့ ပညာစမ်းကြည့်ရဦးမယ်လို့ ကားစီးရင်း တစ်လမ်းလုံးတေးထားပါတယ်။

မေစံပယ်ဖူးစီးလာတဲ့ တက္ကစီအငှားကားက စာသင်ဆောင်ရှေ့မှာ ရပ်လိုက်ပါတယ်။ နောက်ခန်းတံခါးကိုဖွင့်ပြီး မေစံပယ်ဖူးက



ဆင်းလိုက်ရင်း ကားခပေးဖို့ လွယ်လာတဲ့ ကျောပိုးအိတ်ကိုဖွင့်ပြီး ပိုက်ဆံအိတ်ကိုဖွင့်ရင်း ကားထဲကို အပြင်ကနေ ကြည့်လိုက်ပါတယ်။

'ကားထဲမှာ… ဘာကျန်လို့လဲ'

ကားဒရိုင်ဘာက လက်ထဲမှာ ထောင်တန်လေးရွက်နဲ့ ငါးရာတန်တစ်ရွက်ကို ကိုင်ထားတဲ့ မေစံပယ်ဖူးကိုကြည့်ပြီး မေးလိုက်ပါတယ်။

'ဒုက္ခပါပဲ… ကျွန်မလက်မှာ ပတ်ထားတဲ့ ရွှေဟန်းချိန်းက ကလစ်သိပ်မကောင်းဘူး၊ ကားထဲမှာများ ပြုတ်ကျကျန်ခဲ့သလား မသိဘူး၊ အဲဒါကြောင့်… ကျွန်မ ကားထဲကြည့်တာ'

မေစံပယ်ဖူးစကားကြောင့် ကားဒရိုင်ဘာ မျက်နှာဝင်းပသွားပါတယ်။ ကားနောက်ခန်းကို အမြန်ကြည့်ရင်းက…

'မရှိပါဘူး… နေနေ ညီမလေး၊ ဘယ်မှ ကျန်ခဲ့သလဲမှ မသိတာ၊ မရှိဘူး… မရှိဘူး…'

ချက်ချင်းဆိုသလို ကားဒရိုင်ဘာက ကားခတောင်မယူတော့ဘဲ မေစံပယ်ဖူး စာသင်ဆောင်ဦးနှာရှေ့ကနေ အမြန်မောင်းထွက်သွားပါတယ်။ မေစံပယ်ဖူးက ပြုံးလိုက်ပါတယ်။ လူတွေ လူတွေ လောဘကြောင့် ဘာကိုမှ မမြင်တော့ပါလားလို့…

ရွှေဟန်းချိန်းဆိုတာနဲ့ ကားဒရိုင်ဘာခမျာ ကိုယ်စားခတောင် မယူနိုင်ဘဲ ဖြစ်နိုင် မဖြစ်နိုင် မစဉ်းစား ခရီးသည်ကို ကူညီရမလား မစဉ်းစားဘဲ လောဘဇောကိုက်တာ၊ 'ဒင်း' ခမျာ အဖြစ်မှန်သိမှ မေစံပယ်ဖူးကို ပယ်ပယ်နယ်နယ်တုတ်မှာအမှန်လို့ မေစံပယ်ဖူးက တွေးလိုက်ပါသေးရဲ့…

*

www.burmeseclassic.com

www.burmeseclassic.com



တစ်လမ်းလုံး ဒရိုင်ဘာကို 'ဘု'လာသမျှ နိုင်ငံတကာ ဟာသထဲကလို ပညာပေးကြည့်လိုက်တာ။ ငွေလေးထောင့်ငါးရာ သက်သာသွားတဲ့အကြောင်း သူငယ်ချင်းမသုံးယောက်ကိုတော့ တင်တင်းမှာ လက်ဖက်ရည်တိုက်ပြီး ပြောကိုပြောရဦးမယ်လို့…

'ဟဲ့… ဖူးဖူး၊ ဒါဆို… နင်က မောင်ကောင်းထိုက် ဟာသ ပဒေသာ စာအုပ်ထဲကအကွက်နဲ့ လုပ်လိုက်တာပေါ့ ဟုတ်လား'

ကင်တင်းမှာ စန္ဒာဝင်းက ကြာဇံကြော်ကို စားနေရင်းမှ မေးလိုက်ပါတယ်။

'တစ်လမ်းလုံး… စီးစီးပိုးပိုး ပြောလာတာရယ်၊ မတန်တဆ ကားခပေးရတာရယ်ကို ငါက ပညာစမ်းကြည့်လိုက်တာပါ၊ ဒီတော့ လေးထောင့်ငါးရာ သက်သာသွားပြီး နင်တို့ကို အခုလို ကျွေးနိုင်တာပေါ့'

'ဖူးဖူး… ငါကတော့ တွေးပြီး အဲဒီ ကားဒရိုင်ဘာကိုပဲ ရယ်ချင်တယ်၊ လူရှင်းတဲ့နေရာမှာ ကားရပ်ပြီး နင့်ဟန်းချိန်းကို သူ့ကားထဲမှာ ကျန်ခဲ့တယ်အထင်နဲ့ရှာရင်းက ဟုတ်မှ မဟုတ်တော့ နင့်ကို မေတ္တာပို့မှာပဲ'

သန္တာလင်းက စကားအဆုံးမှာ ရယ်လိုက်ပါတယ်။

'ဒရိုင်ဘာက… ဖူးဖူးဆိုတဲ့ ရှော့ခ်ကို သွားစမ်းတာကိုး၊ ဖူးဖူးမှာ ရှော့ခ်ရှိတာ ဒင်း မှတ်သွားပြီ'

ခင်မာချိုက အအေးကိုသောက်ရင်းမှ ကော်ဖီမစ်သောက်နေတဲ့ မေစံပယ်ဖူးကိုကြည့်ပြီး ပြောလိုက်ပါတယ်။

'ငါ့ကို… ပညာပေးလို့ နည်းနည်းလေး ရှော့ခ်ရိုက်ကြည့်လိုက်တာပါ'



မေစံပယ်ဖူးစကားကို သူငယ်ချင်းမ သုံးယောက်က ဘာစကားမှ မဆိုတော့ဘဲ စားစရာရှိတာများကိုသာ ကိုယ်က မကျွေးရတိုင်း အပီအပြင် အားပေးလို့နေပါလေရဲ့။

■

www.burmeseclassic.com

www.burmeseclassic.com



**အနာဂတ်လှလှ ပိုင်ဆိုင်ဖို့ ပစ္စုပ္ပန်မှာ ဆန့်ကျင်ဘက် လိင်နှစ်ဦး ကတောက်ကဆ ဖြစ်ကြတာ သဘာဝကျပါတယ်။**

## အခန်း(၅)

သန်းစိုးတစ်ယောက် ကျူတိုရီယယ်ကို ဂုဏ်ထူးထွက်အောင် ဖြေနေသလား။ သို့မဟုတ် လက်ရေးလှလှ ကျင့်သလိုမျိုး ဖြေနေသလား မသိ။ ဒီကောင်ကိုစောင့်ရင်း ကျောင်းကင်တင်းမှာ ထမင်းစားလို့တောင် ပြီးပြီ။ အခုထိ ရောက်မလာသေးဘူး၊ စိန်လင်းလည်း ဒီအတိုင်းပဲ။ ဒီအချိန်ဆို ရောက်လာဖို့ကောင်းပြီ။ အတန်းထဲမှာ ဘာတွေ မွှေနေသလဲ မသိ။

'ဟူး… ဗိုက်ဆာလိုက်တာ ဓေရတုရာ၊ ဒီနေ့တော့… ငါ တော်တော်ဖြေနိုင်တာ လက်ရေးကလည်း ငါတစ်သက်မှာ ဒီနေ့အလှဆုံးလို့ကို ပြောရမှာပဲ။'

သက်ပြင်းကိုမှုတ်ထုတ်ရင်း ဂုဏ်ယူဝင့်ကြွား တက်ကြွတဲ့ လေသံမျိုးနဲ့ သန်းစိုးက ကျွန်တော့်အနားရောက်လာရင်းမှ ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်လိုက်ပါတယ်။

'မင်းနဲ့ကွာ… တော်ရုံဖြေပေါ့ဟာ၊ တကယ်တမ်းမှ'

'မင်း… မသိပါဘူး ဓေရတုရာ၊ ငါ့ကို… ကျူတိုရီရယ် စစ်တဲ့ ဆရာမက အမြဲတမ်း လက်ရေးမလှဘူး ပြင်လို့ပြောတာ

www.burmeseclassic.com



တမင်တကာ တစ်လုံးချင်း လက်ရေးလှရေးသလို ဖြေနေလို့ပါကွာ’

‘နေဦး… သန်းစိုး၊ မင်း… ဘာမှ မမှားနဲ့ဦး၊ စိန်လင်းတို့ဘက်ကို မလာပုံထောက်ရင် ဒီကောင်ရှိတဲ့ အတန်းဘက်သွားမယ်၊ အဲဒီကျမှပဲ စားတော့ကွာ’

သန်းစိုးက ကျွန်တော့်ကို စိတ်ပျက်သလိုမျိုး ကြည့်လိုက်ရင်းက…

‘ဖေရတုရာ… မင်းက စားပြီးတော့ ပြောအားရှိတာပေါ့၊ ငါ့မှာ ဗိုက်ဆာဆာနဲ့ ဒီကောင့်အတန်းဘက် လိုက်ရဦးမယ်’

‘ဒါတော့… မတတ်နိုင်ဘူး၊ ဒီကောင့်ကို ငါတို့ ဘော်ဘော်ကိုဂျာကြီးမှာတဲ့ကိစ္စ မပြောလို့ မရဘူး’

‘ဘာကိစ္စမို့လို့လဲကွာ…’

သန်းစိုးတို့များ မျိုးရိုးဂုဏ်သိက္ခာ ထိန်းသိမ်းတဲ့ နေရာမှာ ဘယ်သူမှ လိုက်လို့မမီဟု ပြောရမလိုပင်။

အရပ်ထဲမှာ စပ်စပ်စုစု သတင်းပေးသတင်းယူ သတင်းဖြန့်ချိတာမျိုးကို ဘိုးအေ၊ ဘွားအေတွေ ခေတ်ကစ၍ သန်းစိုးတို့ခေတ်တိုင် လက်ဆင့်ကမ်း သယ်ဆောင်လာလို့ ဖြစ်ပါတယ်။

‘စိန်လင်းရဲ့ အဒေါ်အပျိုကြီး ဘုတော တောနေတာကို စိန်လင်းက ဖေဒင်ဆရာနဲ့ ဘယ်လိုယတြာချေရမလဲလို့ အကူညီတောင်းနိုင်းတာလေ၊ အဲဒီကိစ္စ သွားပြောရမှာ’

‘ယတြာက ဘာမို့လို့လဲ၊ ငါ့ကို ပြောပါလားကွာ’

‘မရဘူး… သိချင် မင်းလိုက်ခဲ့’

‘ဖေရတု… မင်းကတော့ကွာ’



သန်းစိုးအကြောင်းကို ကျွန်တော် ကောင်းကောင်း နပ်ပါတယ်။ သိပ်စပ်စုချင်တဲ့ကောင်အတွက် ကျွန်တော် တစ်ကွက်တော့ ချန်ရမှာပေါ့။

စိန်လင်းဆီ သွားရာလမ်းတစ်လျှောက်မှာတော့ သန်းစိုးက တစ်လမ်းလုံး ယတြာက ဘာလဲ မေးတာကို ကျွန်တော့်မှာ လက်ခါပြီ ရတာ အကြိမ်ကြိမ်ပါပဲ။

*

‘ဖေယျတုနဲ့ သန်းစိုး… လာဟေ့…’

ကျွန်တော် ထင်ပါတယ်။ စိန်လင်းတစ်ယောက် ချိန်းဆိုထား လျက်သားနဲ့ ကျွန်တော်တို့ဘက် မလာတာ ဒီကောင် လေပေးကောင်း နေလို့ပါ။

သူ့ဘေးနားမှာ ကျောင်းသားသုံးယောက်က ဝိုင်းလို့ နေပါတယ်။

‘စိန်လင်း… ဖေရတုက ကိုဂျာကြီးပေးတဲ့ ယတြာ မင်းရဲ့ အဒေါ်အပျိုကြီးကိစ္စအတွက် လာတာတဲ့ကွ၊ ကိုဂျာကြီးက ယတြာ ဘာပေးလိုက်သလဲဆိုတာ ဖေရတုက ငါ့ကို မပြောဘူးကွာ၊ ငါ့မှာ… ဗိုက်ဆာဆာနဲ့ လိုက်လာရတာ’

‘ဘာကွ… ဘာယတြာလဲ၊ ငါ့အဒေါ် အပျိုကြီးက သူ့ဘာသာ သူနေတဲ့ဟာ၊ ဘာတွေလဲကွ’

စပ်စုချင်သော သန်းစိုးစကားကြောင့် စိန်းလင်း ဒေါ်င်းစား သွားရင်းက သန်းစိုးကို ဘုတောတောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာမှ…မဟုတ်ဘူးဟေ့၊ မင်းရှိတဲ့ဆီကို သန်းစိုးကလိုက်ဖို့ ကဂျီကဂျောင်လုပ်နေလို့ ငါက မင်းရဲ့အဒေါ် အပျိုကြီးကို အသုံးချပြီး ခေါ်လာတာ၊ ဘယ်ရမလဲ၊ စပ်စုတဲ့မျိုးရိုးဂုဏ်ကို ထိန်းတဲ့ သန်းစိုး ဝုန်းခနဲ ပါလာတော့တာပဲ'

'သြော်… ဒီလိုလား၊ ဧရာ… မင်း!!!××××!!!'

အဖြစ်မှန်သိသွားတဲ့ သန်းစိုးဆီကနေ နောက်ဆက်တွဲ ကျွန်တော့်ကို မေတ္တာပို့စကားလုံးတွေ တရစပ် ထွက်ပေါ်လာပါတယ်။

'သန်းစိုး… ဘာမှမပူနဲ့၊ ဒီကောင့်ကို နိုင်ကွက်ရှိတယ်'

'ဗုန်း!! ဟောဟိုရှေ့က ဖြတ်သွားတဲ့ အလယ်ကကျောင်းသူရဲ့ လွယ်အိတ်… လိုက်ဆွဲ… ဆွဲ…'

စိန်လင်းက စားပွဲခုံကို လက်နဲ့ပုတ်ရင်း ကျွန်တော့်ခါးကို တို့လိုက်ပါတယ်။ ခါးတို့ရင် ယောင်တတ်တဲ့ ကျွန်တော် ဘာတတ်နိုင်မှာလဲ။

စိန်လင်းပြောတဲ့အတိုင်း ထိုင်ရာမှထပြီး လမ်းလျှောက်သွားနေတဲ့ ကျောင်းသူသုံးယောက်ထဲက အလယ်ကကျောင်းသူရဲ့ အိတ်ကို လက်နဲ့ သွားဆွဲလိုက်ပါတယ်…

အဲဒီမှာပဲ…

*

'ဟဲ့… ဟဲ့… ဘာလုပ်တာလဲ၊ ဘာလုပ်တာလဲ…'

မေစံပယ်ဖူးတစ်ယောက် ရုတ်တရက်ကြောင်သွားပါတယ်။ စန္ဒာဝင်းနဲ့ ခင်မာချိုတို့နဲ့ လမ်းလျှောက်နေတာကို နောက်ကနေ သူမ



လွယ်ထားတဲ့ Hand Bag အိတ်ကို သူမနဲ့ သက်တူရွယ်တူလောက် ရှိမယ့် ကျောင်းသားတစ်ယောက်က လှမ်းဆွဲလိုက်လို့ပါ။

ရုပ်ရည်က ခပ်သန့်သန့်နဲ့ ဟောဒီ ဒဂုံတက္ကသိုလ်ထဲမှာ ဒီလိုမျိုး လူမြင်ကွင်းမှာ အလစ်သုတ်တဲ့ လူမျိုးရှိတာ အံ့သြနေမိပါတယ်။

'Sorry … Sorry …ပါဗျာ၊ ကျွန်တော်က ခါးတို့ရင် ယောင်တတ်တာ၊ ခါးတို့တဲ့သူက တစ်ခုခုခိုင်းပြီး ခါးတို့လိုက်တာနဲ့ လျှောက်လုပ်မိသွားလို့ပါ၊ တကယ်… တောင်းပန်ပါတယ်ဗျာ'

'ရှင်မလဲ… ယောင်စရာရှားလို့၊ ကျွန်မရဲ့… အိတ်ကိုမှဆွဲရတယ်လို့'

'ဒါက… ဟောဟိုက သူငယ်ချင်းကြောင့်ပေါ့ဗျာ'

တကယ့်ရိုးသားတဲ့ အမူအရာမျိုးနဲ့ မေစံပယ်ဖူးကို ခါးတို့ခံရလို့ အိတ်ဆွဲတဲ့သူက ရှင်းပြနေပါတယ်။

'ရှင့်… သူ ယ်ချင်းတွေကိုလည်း ပြောဦး၊ ဒါမျိုး… သွားမလုပ်နဲ့လို့၊ တော်ကြာ… လက်ဆွဲ ဘာဆွဲဆိုရင် ပြဿနာတက်ကုန်မယ်'

စန္ဒာဝင်းက အဲဒီလူကို ဘုတောတောပြီး ပြောလိုက်ပါတယ်။

'ဟုတ်ပါတယ်ဗျာ… သူငယ်ချင်းတွေက လစ်ရင်လစ်သလို ကျွန်တော် ယောင်တတ်တဲ့အကျင့်ကို အနိုင်ယူပြီး စတတ်ကြတယ်၊ သူငယ်ချင်းဆိုတော့ ခွင့်လွှတ်ရတာပေါ့ဗျာ၊ ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ကို နားလည်ပေးတဲ့အတွက် ခွင့်ပြုပါဦး'

အဲဒီလူက မေစံပယ်ဖူးတို့နားကနေ အားနာတဲ့ပုံမျိုးနဲ့ ထွက်

www.burmeseclassic.com

www.burmeseclassic.com



သွားပါတယ်။ ပြီးတော့ သူ့ သူငယ်ချင်းတွေကို လှမ်းအော်ဆူနေပါတယ်။

'တော်သေးတာပေါ့… ဖူးဖူးရယ်၊ နင့်အိတ်ကို… လာလုတာ ပဲဆိုပြီး ငါ လက်ကို ကုန်းကိုက်တော့မလို့'

'ဟယ်… အခုမှ နင်ကလာပြီး သတ္တိက ပြနေသေးတယ်၊ ခင်မာချိုရယ်'

စန္ဒာဝင်းက မေစံပယ်ဖူးကိုကြည့်ရင်းက ပြုံးလိုက်ပါတယ်။

'စန္ဒာဝင်း… နင်… ဘာပြုံးတာလဲ'

'ဖူးဖူးရယ်… နင်က အမြဲတမ်း နင့်ကို လာယစ်တဲ့သူတွေကို တစ်ခုမဟုတ် တစ်ခုယစ်ပြီး ရှော့ခ်ရှိကုန်တာ၊ အခုဟာနဲ့ကျတော့ နင်က… ဘာမှမဖြစ်ဘဲ ကျေကျေနပ်နပ်နဲ့ ခွင့်လွှတ်လို့ ကမ္ဘာကြီး ဘာဖြစ်သွားပြီလဲ မသိဘူး'

မေစံပယ်ဖူးက လက်ထဲမှာ ကိုင်ထားတဲ့ Hand Bag အိတ်ကို ပြန်လွယ်လိုက်ပါတယ်။

'လူတစ်ယောက်မှာ… ရိုးသားတဲ့ စိတ်အမှန်လား၊ ဒါမှ မဟုတ် မရိုးမသားဘဲနဲ့ ခွင်ဆင်တာလားဆိုတာ လူတစ်ယောက်ရဲ့ မျက်နှာ၊ ကိုယ်အမူအရာနဲ့ စကားတွေကို အကဲခပ်ကြည့်ရင် သိနိုင်တာပဲဟာ၊ အခု ဒီလူက တကယ်ဖြစ်တာ၊ သူ့ရဲ့ပျော့ကွက်ကို သူ အမှန်အတိုင်းပြောတဲ့လေသံနဲ့ သူ့သူငယ်ချင်းတွေကို လှမ်းဆူတဲ့အသံ ကြားကတည်းက အဲဒီလူ ရိုးရိုးသားသား ဖြစ်မယ်ဆိုတာ ငါ သိပြီး သားပဲ'

'စန္ဒာဝင်းရေ… ဒါဆို သေချာပြီ၊ ဖူးဖူးတော့… အဲဒီလူနဲ့



ဇာတ်လမ်းတွဲတွေ လာတော့မယ်ထင်တယ်'

'ဟုတ်တယ်… ခင်မာချိုရေ၊ ကိုယ်က… ရှော့ခ်ရှိနေတာ၊ ကိုယ့်ကို… ဟိုက ပြန်ရှော့ခ်ရှိလာဖို့ ဖြစ်တော့မယ်ပေါ့၊ မြင်နေရပြီ၊ အနာဂတ်ကတော့ ဘာတွေဖြစ်မလဲ ဆက်ကြည့်ရမယ်'

မေစံပယ်ဖူးကတော့ ဘာမှမပြောဘဲ လမ်းလျှောက်နေရင်းက ကားမှတ်တိုင်မှာ ကျောင်းသားတွေ ကားပေါ်တိုးဝှေ့တက်နေတာကိုပဲ ကြည့်နေမိပါတယ်။

အချစ်ဆိုတာ ကားပေါ်မှာ နေရာရဖို့ တိုးတက်သလိုမျိုးဆိုရင်တော့ တော်တော်မွန်းကျပ် ပင်ပန်းစရာကြီးပါလားနော်…

*

'တော်သေးတယ်… ဇေရတုရေ၊ ငါက… မင်းကို နောက်လိုက်တာ၊ တကယ့်ရှော့ခ်ပေါ့၊ ဘာပြဿနာမှ မဖြစ်သွားလို့'

စိန်လင်းက ကျွန်တော့်ကို ရောက်ရောက်ချင်းဆိုသလို ပြောလိုက်ပါတယ်။

'မင်းကကွာ… ငါ့ပျော့ကွက်ကို သိရဲ့သားနဲ့၊ တော်သေးတာပေါ့ကွာ၊ ခါးပိုက်နှိုက်လို့ မအော်လို့ နို့မို့ အရှက်ရပြီ'

'ဇေရတုရေ… ငါက ပထမတော့ သန်းစိုးအတွက် မင်းကို ပြန်စလိုက်တာ၊ ဒီကနေ လှမ်းကြည့်တော့မှ ငါတို့ ဓာတုဗေဒက မေစံပယ်ဖူး ဖြစ်နေတာ၊ ဒါကြောင့်… ငါ ဝင်မရှင်းတာ၊ ငါနဲ့က… အကြောတည့်တာ မဟုတ်ဘူး၊ တကယ့်ရှော့ခ်ပေါ့၊ မင်းကို… ဟိုက ဘာမှ ပြန်မပြောသွားတာကိုပဲ ငါက တော်တော် အံ့အားသင့်နေတာ'

www.burmeseclassic.com



'ပြောမလားကွ… ငါက ရိုးရိုးသားသား အဖြစ်မှန် ပြောပြတာပဲဟာ'

ကျွန်တော်က သန်းစိုးဘေးနား ဝင်ထိုင်လိုက်ပါတယ်။ သန်းစိုးက စိန်လင်းဆီက စီးကရက်ကို ယူလိုက်ရင်း…

'စိန်လင်းရေ… မင်းကြီးဒေါ်ကိစ္စ အသုံးချလို့ မင်းက… ဖေရတုကို ပြန်နောက်တယ်၊ ဒီကောင်က… တကယ့်ကို လုပါတယ်ဆိုတဲ့ ရှော့ခ်ရှိပါတယ်ဆိုတဲ့အမျိုးသမီးကိုမှ သွားပြီးဆုံမိတယ်၊ ဘာရှော့ခ်မှ မရှိဘဲ ပြဿနာက အေးအေးချမ်းချမ်း ဖြစ်လာတာဆိုတော့ ကော့ မြားနတ်မောင်က တည့်အောင် လမ်းညွှန်ပေးတာပဲဖြစ်ရမယ်'

'သန်းစိုးရာ… မြားနတ်မောင်ကို လမ်းမညွှန်ခိုင်းပါနဲ့ကွာ၊ ငါ့သူငယ်ချင်း ဒီရှော့ခ်ကြောင့်… စိတ်ညစ်သွားမယ်၊ ဟိုက… စွာက စွာနဲ့ မလုပ်ပါနဲ့ကွာ'

'နေပါဦး… စိန်လင်းရာ၊ မင်းတို့က… အဲဒီ ရှော့ခ် ဘာညာ ပြောတာ ကာယကံရှင် ငါကတော့ လှသလား၊ မလှသလား မကြည့်မိပါဘူးကွာ၊ ကိုယ့်အဖြစ်နဲ့ ကိုယ်ရှက်နေလို့ မျက်နှာပူပြီး မင်းကို ဒေါသထွက်နေလို့ ဘာမှ မသိလိုက်ဘူး'

'အေး… မသိတာဘဲကောင်းတယ်၊ အကောင်းဆုံးက အခု ဖေရတု လက်ဖက်ရည် ထပ်သောက်လိုက်ဦး'

'သောက်မယ်… စိန်လင်း၊ ဒါပေမယ့်… ငါ့ကို ခါးမတို့ဘူးလို့ ကတိပေး'

'ပေးတယ်ကွာ… စိတ်ချ!!'



တော်တော်သောက်လို့ ကောင်းတဲ့ လက်ဖက်ရည်။ လက်ဖက်ရည်သောက်နေတဲ့အချိန်မှာ စောစောက ကိစ္စတွေ ဘာမှခေါင်းထဲ မရောက်တော့။

အချစ်ဆိုတာ သေချာပါတယ်။ သောက်နေတဲ့ လက်ဖက်ရည်လောက် အရသာရှိမှာ မဟုတ်။

■

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ဖြစ်တည်မှုဟာ

ကိုယ့်ကိုယ်ပိုင် အလံတော်ပါပဲ။



# အခန်း(၆)

ဦးဝင့်နောင်ဖူး အိမ်ထဲကို ခြေသံပြင်းပြင်းနဲ့ ဝင်လာပါတယ်။ မျက်နှာကို အကဲခတ်တာနဲ့ တစ်ခုခု ဒေါသဖြစ်လာပုံရပါတယ်။

ဖိနပ်ချွတ်တာတောင် စည်းကမ်းတကျ ဖိနပ်ချွတ်တဲ့ ဦးဝင့်နောင်ဖူးတစ်ယောက် ဟိုတစ်ဖက် ဒီတစ်ကောက်ချွတ်ခဲ့တာကို ဆေးဆိုင်မှာထိုင်ရင်း မဂ္ဂဇင်းစာအုပ်ဖတ်နေတဲ့ မေစံပယ်ဖူး အကဲခတ်မိတာပေါ့။

'ဒက်ဒီ… ဘာတွေဖြစ်လာတာလဲ'

'နေဦး… ဒက်ဒီကို ရေအေးအေးလေး တစ်ခွက်ပေး'

ဦးဝင့်နောင်ဖူးက ဆက်တီခုံပေါ်မှာ ထိုင်ချလိုက်ပါတယ်။ မေစံပယ်ဖူးက ရေခဲရေဗူးတစ်ဗူး ယူလာပေးပြီး ဖန်ခွက်နဲ့ရေတစ်ခွက် ငှဲ့တိုက်လိုက်ပါတယ်။

'ဒက်ဒီကို… သက်ကြီးပူဇော်ပွဲမှာ နာယက မလုပ်ခိုင်းဝါနဲ့၊ လုပ်ခိုင်းရင် အမြင်မတော်တာတွေရှိရင် ဒက်ဒီကပြောမိရင် မကောင်းဘူးဆိုတာ မဟုတ်ပါဘူး၊ ဦးဝင့်နောင်ဖူးက နာယက လုပ်လာတာ

www.burmeseclassic.com

www.burmeseclassic.com



ငါးနှစ်ရှိပြီ၊ အမြင်မတော်တာရှိရင် ပြောရမှာပေါ့ဆိုလို့ ဒီနှစ်လည်း နာယကလုပ်တာ စစချင်း အလှူခံတဲ့နေ့မှာပဲ ကြည့်လေ…’

ဦးဝင့်နောင်ဖူးက စကားစကို ရပ်ထားလိုက်ပြီး ကျန်နေတဲ့ ရေကို ဆက်သောက်လိုက်ပါတယ်။ ပြီးတော့ သောက်ရေဖန်ခွက်ကို ပြန်ချထားလိုက်ပါတယ်။

‘အလှူခံတာ ဘာဖြစ်လို့လဲ… ဒက်ဒီရဲ့’


‘ဘာဖြစ်ရမှာလဲ… သမီးရဲ့၊ အလှူခံမဏ္ဍပ် ကစ်ပတ်အလှူခံဖို့ စက်ငှားပါဆို ငှားလာလိုက်တဲ့ စက်တွေက စတီတ်ရှိုးဖျော်ဖြေကြမှာကျနေတာပဲ၊ ပြီးတော့… အလှူခံတာက နည်းနည်း၊ စက်ကိုဖွင့်ပြီး သီချင်းတွေဖွင့်ပြီး ကာရာအိုကေဆိုနေတာ အလှူခံဆော်သြတဲ့သူက လုပ်နေတော့ လူကဲ့ရဲ့စရာ ဖြစ်တာပေါ့၊ တော်ကြာ… တကယ့်ရည်ရွယ်ချက် ပျောက်သွားပြီး အနှစ်သာရမရှိဘဲ နာယကဖြစ်တဲ့ ဒက်ဒီတို့အပါအဝင် လူကြီးတွေ ဂုဏ်သိက္ခာကျကုန်မှာပေါ့၊ ဒက်ဒီလည်း ဒီကိစ္စ အပြတ်ပြောခဲ့တယ်’

ဦးဝင့်နောင်ဖူး စကားနားထောင်ပြီးတဲ့အခါ မေစံပယ်ဖူးက ပြုံးလိုက်ပါတယ်။

သူ့ဒက်ဒီက လမ်းကိစ္စ၊ ရပ်ရေးရွာရေးကိစ္စ မလုပ်ဘူး မလုပ်ဘူးနဲ့ အချိန်တန်တော့လည်း မနေနိုင် လုပ်နေကိုင်နေ အမြင်မတော်တာတွေ့ရင် ပြောရင်းဆိုရင်း ပြဿနာဖြစ်တာ မကြာခဏ ကြုံဖူးနေလို့ပါပဲ။

‘ဒက်ဒီကလည်း ဘာဖြစ်လဲ… ကိုယ့်အလုပ် ကိုယ်လုပ်တာပဲဟာ၊ ပြဿနာတော့ ရှိကြတာပဲ၊ အမေရိကန်မှာ စကားပုံတစ်ခုရှိ





တယ်လေ၊ The dogs bark but the caravan goes on ဆိုတာလေ ခွေးတွေ ဘယ်လောက်ဟောင်ဟောင် ကယ်ရဗင်လှည်းကြီးကတော့သွားနေမြဲပဲတဲ့’

‘ဟ… ရှားရှားပါးပါး ဒက်ဒီ… သမီးက ဒက်ဒီကို စကားပုံတွေ ဘာတွေရှင်းပြလို့ပါလား၊ လုပ်စမ်းပါဦး… သမီးရဲ့’

ဦးဝင့်နောင်ဖူးက တစ်ခါဖူးမှ သမီးဖြစ်သူဆီကနေ ထိုတဲ့သို့ ရှင်းပြတာမျိုး မကြားဖူးသဖြင့် သိလိုစိတ်နဲ့ မေးလိုက်ပါတယ်။

‘အမေရိကတိုက်ကြီးကို ရှာဖွေတွေ့ရှိပြီး နိုင်ငံပေါင်းစုံက လူတွေလာပြီး အခြေချတုန်းက မြင်းနှစ်ကောင် လေးကောင်ဆွဲတဲ့ ကယ်ရဗင် ပေါင်းမိုးလှည်းကြီးတွေက အိုးခွက်ပစ္စည်း စားစရာ အစုံအလင်ထည့်ပြီး နယ်ပယ်သစ်မှာ အခြေချတဲ့ လူတွေဆီ တစ်ရွာဝင် တစ်ရွာထွက် ဈေးလှည့်ရောင်းတယ်လေ ဒက်ဒီရဲ့၊ အဲဒီ ဈေးလှည်းကြီး ရွာထဲဝင်လာရင် လမ်းတွေက မညီမညာဆိုတော့ လှည်းက ဟိုယိမ်းဒီယိမ်းနဲ့ လှည်းပေါင်းမိုးထဲက ပစ္စည်းတွေချင်း ထိရိုက်သံတွေက ထွက်နေ၊ ရွာထဲက ခွေးတွေကလည်း လှည်းကြီးကို မြင်လို့ဟောင်၊ ဒါပေမယ့်… လှည်းကြီးကတော့ သူ့တာဝန်ဖြစ်တဲ့ တစ်ရွာဝင် တစ်ရွာထွက် ဈေးရောင်းရင်း စားသုံးသူတွေကိစ္စ ဖြေရှင်းပေးနေတာပဲ’

www.burmeseclassic.com



'ဒက်ဒီလည်း ဘာဖြစ်လဲ၊ ဘယ်လူမှုရေးကိစ္စမဆို ပြဿနာရှိတာပဲရှိပေါ့၊ ကိုယ့်ရည်ရွယ်ချက် ကိုယ့်ပန်းတိုင်ကို ကိုယ်ရောက်ဖို့ ကိုယ့်စေတနာပဲလိုတာ၊ ကိုယ့်ဖြစ်တည်မှုအတွက် ဖြစ်လာတဲ့ကိုယ့်အခန်းတော်ကို ကိုယ်လွှင့်ထူဖို့ပဲ လိုတယ်'

'မှန်တာပေါ့… သမီးရယ်၊ ဒက်ဒီသမီးပြောတာ သိပ်မှန်တယ်၊ ရော့… ဒက်ဒီသမီး မောနေပြီ၊ ဒက်ဒီ… ရေတိုက်မယ်သောက်'

ဦးဝင့်နောင်ဖူးက ကျေနပ်တဲ့ ကြည်နူးတဲ့ အမူအရာနဲ့ သမီးဖြစ်တဲ့ မေစံပယ်ဖူးကို ရေတစ်ခွက်ငှဲ့ပြီး ပေးပါတယ်။ မေစံပယ်ဖူးက အလိုက်သင့်ယူပြီး သောက်ချလိုက်ပါတယ်။

ဒီမြင်ကွင်းကိုကြည့်ပြီး ကျေနပ်သူကတော့ ဒေါ်လေးလေးခင်မြစ်ပါတယ်။

ဘယ်နှယ့် အခုတော့လည်း သမီးနဲ့အဖေ အတိုင်အဖောက်တွေညီနေလို့ပါပဲ။

စောစောတုန်းကလို ဆူညံပူညံလေသံမျိုးလည်းမရှိ ဒေါသထွက်တဲ့ အမူအရာမျိုးလည်း ဦးဝင့်နောင်ဖူးမှာ မရှိတာလည်း ပါတာပေါ့။

သမီးမေစံပယ်ဖူးကို ဆတ်ဆတ်ထိ မခံမလေး၊ ရှော့ခ်ရှိတဲ့ကောင်မလေးလို့ လူတွေပြောပြောနေကြတာ အခုလို သမီးက အဖေကို ရှင်းပြနားချတာမျိုးများ တွေ့ရင် အဲဒီလူတွေ ဘယ်လိုချီးမွမ်းကြလေမလဲလို့ မိခင်တစ်ယောက်ပီပီ ဖြည့်ပြီးတွေးနေမိတာ လက်ထဲမှာကိုင်ထားတဲ့ တံမြက်စည်းနဲ့ ကြမ်းပြင်ကိုလှည်းဖို့တောင် မေ့လျော့နေ




ပါရဲ့။ အိမ်ထောင်စုတစ်စုမှာ ဖျောင်းဖျနှစ်သိမ့်မှုပေးနိုင်သူတစ်ဦး အိမ်ထောင်စုတိုင်းမှာ ရှိသင့်တာကတော့ အမှန်ပါ။

ဒီလိုဆို အိမ်တွင်းစစ်ပွဲ အသေးစားလေးတွေ ဘယ်တော့မှ မဖြစ်နိုင်တော့ပါ။

■

www.burmeseclassic.com

**ပျော်ရွှင်မှုရယ်**
**ပြီးတော့ အသိပညာ**
**အဲဒီနှစ်ခုက**
**အတူတကွ**
**ခရီးသွားလာနေတဲ့ မိတ်ဆွေတွေပေါ့။**



## အခန်း(၇)

ကျွန်တော် တော်တော်တော့ စိတ်ထဲမကောင်းဘူး။ ဘယ်နယ့်ဗျာ ကိုယ်အားပေးတဲ့ မန်ချက်စတာယူနိုက်တက်အသင်းက တိုက်စစ်မှူးရွန်နီ ဂိုးပေါက်က ပျောက်နေ၊ ရီးယဲမက်ဒရစ်ကို ပြောင်းမလိုလို သတင်းထွက်နေတဲ့ 'ရော်နယ်ဒို'လေးကို ဖာဂူဆန်ကြီးက ကိုယ့်မိန်းမကို ချော့သလိုမျိုးနဲ့ အသင်းမပြောင်းဖို့ ချော့ရရဲ့ ပရီးမီးယားလိဂ်အမှတ်ပေးဇယားမှာ ချဲလ်ဆီးက ထိပ်ဆုံးရောက်နေဆိုတော့…

ဒီကြားထဲ ဟိုတစ်နေ့က စိန်လင်းစလိုက်တာ ကံကောင်းလို့ ပြဿနာ အကြီးကြီးဖြစ်တော့မလို့။ အိမ်ပြန်ရောက်တော့မှာ အဖြစ်က တော်တော်ကြီးမှန်း စဉ်းစားမိတယ်။

'ဇေရတု… ဘာတွေ ဒီလောက်စဉ်းစားနေတာလဲ၊ အတန်းချိန် မတက်ဘဲ မင်း ဒီဆိုင်မှာ ထိုင်နေတာဆိုတော့ ကေနွှ မေးတော့မှာ သာလွဲမယ်၊ မင်း… ဘယ်အမျိုးအမီးကို စိတ်ဝင်စားနေပြီလဲ၊ ကျော့ကောင် လှိုဝက်မထားနဲ့'

www.burmeseclassic.com

www.burmeseclassic.com



သွားပြီ။ အရေးထဲ ကိုယ့် Feeling နဲ့ ကိုယ်တွေးနေတာ သန်းစိုးက ရောက်လာပြီး ထင်ရာမြင်ရာတွေ စွတ်ပြောနေပါတယ်။

'သန်းစိုးရာ စကားကျယ်ကျယ်နဲ့ လျှောက်မပြောစမ်းပါနဲ့၊ တော်ကြာ… လူတွေက တစ်မျိုးထင်နေမယ်'

'ထင်တော့… ဘာဖြစ်လဲကွာ၊ ကိုယ့်ပါးစပ်နဲ့ ကိုယ်ပြောတာ၊ သူများပါးစပ် ငှားပြောတာမှ မဟုတ်တာ၊ ကိုယ်ကြိုက်တဲ့ အမျိုးသမီး အကြောင်း ကိုယ်စဉ်းစားတာ ဘယ်သူက တရားစွဲလို့ရမှာလဲ၊ အချစ်ဆိုတာ စဉ်းစားလေ ပိုပြီးကြည်နူးစရာဖြစ်လေ၊ အချစ်ဆိုတာ ဝယ်ယူရတာမှ မဟုတ်တာ သုံးစွဲရတာ ငြီးငွေ့ဖို့တောင် မလိုဘူး၊ ဟုတ်တယ် မဟုတ်လား'

တော်တော်ကြောင်တဲ့ သန်းစိုး။ သူ့စိတ်ထဲသူ ပြောချင်ရာတွေ လျှောက်ပြောနေတာ ဒီကောင့်ကိုယ် ဒီကောင် သိပ်ဟုတ်နေပြီလို့ ထင်နေရသလားမသိ။

'မင်းက… မင်းအထင်နဲ့ လျှောက်ပြောနေတာ၊ ဒီမှာ ချစ်တဲ့ စိတ်နဲ့ပတ်သက်လို့ ကမ္ဘာပေါ်မှာ သုတေသနပြုစုထားတာရှိတယ်၊ မင်းစောစောကပြောတဲ့ အချစ်ဆိုတာ ငြီးငွေ့ဖို့မလိုဘူးဆိုတဲ့ ကိစ္စပေါ့'

'ဟော့… ငါပြောတဲ့ အကြောင်းအရာက ကမ္ဘာ့သုတေသန အထိတောင် ဖြစ်သွားပြီးလား၊ Sorry ကွာ၊ ငါက… အဲဒီလောက် ကြီးကျယ်မှန်း မသိလို့ပြောမိတာ ဘွာတေးနော်'

အရေးထဲ သန်းစိုးက စိတ်ကြီးဝင်သွားသလို အမူအရာမျိုး ဖြစ်သွားပါတယ်။ သူ့ကိုယ်သူ ဒဿနပညာရှင်တစ်ဦးလိုမျိုး ဖြစ်နေပါတယ်။

'ဟော့ကောင်… မပေါနဲ့၊ သေသေချာချာ နားထောင်၊ အဲဒီ



ငြီးငွေ့ခြင်းကိစ္စကို ပြောမလို့၊ လူ့ရဲ့… ဦးနှောက်ထဲမှာ အိုက်ဆိုဒိုဇင်း (Isodoxine)လို့ခေါ်တဲ့ ဓာတ်တစ်မျိုးထွက်နေရင် အဲဒီလူမှာ ချစ်တဲ့ စိတ် ဖြစ်ပေါ်တယ်၊ ကိုယ်နဲ့ အတူတူနေတဲ့ ချစ်သူအပေါ်မှာ ချစ်ခင် မြတ်နိုးတဲ့ စိတ်တွေဟာ နှစ်နှစ် သုံးနှစ်လောက် ဖြစ်တည်နေတယ်၊ အဲဒီ (Isodoxine) ဓာတ်မထွက်တော့တဲ့ အချိန်လည်း ရောက်ရော ကိုယ့်ချစ်သူကို ငြီးငွေ့သွားပြီး တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်ချင်လောက်အောင်တော့ မဖြစ်ပေမယ့် နည်းနည်းတော့ ချစ် စိတ်တွေ လျော့ကျလာတယ်တဲ့ကွာ၊ ဒီတော့… ချစ်သူတွေဆိုရင် နည်းနည်း စိတ်ကုန်လာတယ်၊ လင်မယားကျတော့ နည်းနည်း ကတောက်ကဆတွေ ဖြစ်လာတယ်တဲ့'

ကျွန်တော့်စကားကို ဒီကောင် တလေးတစား နားထောင် တာကိုတော့ ကျွန်တော် အသိအမှတ်ပြုပေးရမှာပါ။

'ဒါကတော့… ကိုယ်တိုင် ချစ်သူရှိမှ မှန်လား မှားလား သိမှာကွ၊ ဒီတော့… မင်းရဲ့စကားကို ငါထောက်ခံချက် မပေးသေး ဘူး၊ မင်းလည်း… ဒီအတိုင်းပဲ၊ မင်းမှာ… ချစ်သူရှိလာမှ ဒီစကား မှန်လား မှားသလား မင်းပြောနိုင်မှာ၊ စာတွေနဲ့ လက်တွေ့ သိခြား စီပါကွာ'

'ဒီမှာ… သန်းစိုး၊ ငါ့အတွက်တော့ မှန်ဖို့များမယ်'

'ဧရတု… မင်း စကားကို ကုန်အောင်မပြောနဲ့၊ အချစ်ဆိုတဲ့ အရာ မင်း ဖြစ်တည်လာမှ မင်းသောင်တရမယ်၊ အဲဒီအခါကျရင် ငါ့ကို ဆရာတင်ဖို့ပြင်ထား၊ လာ… စိန်လင်းတို့ အတန်းဖက်သွားမယ်၊ ဒီကိစ္စကို အဲဒီမှာ ဆက်ဆွေးနွေးမယ်'

သန်းစိုးလေသံက တော်တော် မာနေတာ။ သူ့ကိုယ်သူ ဘီတ်ျ

www.burmeseclassic.com



နာသူဒွေးလေသံမျိုးနဲ့ ကျွန်တော့်ကို ပြောဆိုပါတယ်။ ဘာရမလဲ ကျွန်တော်လည်း ဇေရတ္တပဲဟာ။

'အေး… ဆက်ဆွေးနွေးမယ်'

ကျွန်တော့်လေသံကလည်း မာမာပါပဲ။ သန်းစိုးနဲ့ ကျွန်တော်တို့နှစ်ယောက် စိန်လင်းဆီ သွားရာလမ်းတစ်လျှောက်မှာ အချစ်အကြောင်း ဆွေးနွေးတာတွေက မသိသူတွေကတော့ အချစ်သုတေသီအလား ထင်ကုန်ကြမလား မသိ။

အချစ်ဆိုတဲ့ဟာကြီးက ဒီလောက်ရှင်သန်နေတာ ကျွန်တော်တို့ ပြောဖို့ ဆွေးနွေးဖို့အထိကို ဖြစ်လာရတာ။

အချစ်ဆိုတာ မသေသေး ဖော်စပ်ထားသလား မသိ။

*

ဒီအုတ်ခုံဘောင်လေးက ထင်ရှူးပင်တွေနားမှာဆိုတော့ အရိပ်ရပြီး မေစံပယ်ဖူးတို့ သူငယ်ချင်းမလေးဦး အတန်းချိန် အားတဲ့အချိန်မျိုးမှာ အတင်းပြောလို့ကောင်းမှကောင်း။ အခုလည်း ပြောနေလိုက်ကြတဲ့ အကြောင်းအရာတွေက စုံသမှ သိပ်စုံ။

ဒီလိုပဲ သူတို့ထိုင်နေတဲ့ အုတ်ခုံဘောင်နားမှာ စက်ဘီးပေါ် ကွမ်းယာဗန်းတင်ပြီးရောင်းတဲ့ ဦးလေးကြီးကလည်း ကွမ်းယာရောင်းလိုက်၊ ကွမ်းယာဝယ်တဲ့ ကျောင်းသားတွေနဲ့ စကားပြောလိုက် ရယ်လိုက်နှင့် ရှိနေပါတယ်။

'ဟဲ့… ဖူးဖူး၊ ရယ်တော့ ရယ်ရတယ်ဟ၊ အခု… ငါတို့ ပညာရှာနေတာနဲ့ ပတ်သက်ပြီး စဉ်းစားမိလို့'

ဟိုပြောဒီပြော ပြောနေရာကနေ မဆီမဆိုင် နွှာဝင်းက ဘာကိုတွေးမိပြီး ပြောလိုက်သလဲ မသိပါ။



'နင်က… ဘာကို ဆိုလိုချင်လို့လဲ စန္ဒာဝင်းရဲ့'

သန္တာလင်းက သိလိုဇောနဲ့ မေးပါတယ်။

'ငါတို့… ပညာတွေရှာ၊ တချို့က… ပညာရှာရင်း ကြင်ရာရ၊ တချို့က… အလုပ်ခွင်မှာ ကြင်ရာရ၊ တချို့က… မိဘပေးစားလို့ အိမ်ထောင်ကျနဲ့၊ နောက်ဆုံး… ကိုယ့်ခင်ပွန်း ဇနီးမယား သားသမီးတွေနဲ့ အသိုက်အမြုံဖြစ်ရင်းက နေ့တွေကုန်မှန်း မသိကုန်နဲ့ ငါတို့ ပညာရှာတာ အဲဒီ အသိုက်အမြုံအတွက်များ ဖြစ်နေသလားလို့ပါ'

'စန္ဒာဝင်း… နင့်ပါးစပ်က တော်တော်လေးသွားပြီ၊ ပေါ့ပေါ့ ပါးပါးပေါ့ဟာ'

'ဟုတ်တယ်… ခင်မာချိုပြောတာ မှန်တယ်၊ အဲဒီလိုလျှောက် စဉ်းစားလို့က နင် အဲဒီအသိုက်အမြုံက လူပီပီ သောက၊ သောကမောဟ၊ ဒေါသစိတ်ဖိစီးမှုတွေနဲ့ လုံးလည် ချာလည်လိုက်နေမှာပဲ'

သန္တာလင်းက သူ့စကားသူပြောရင်း ရယ်နေပါတယ်။ မေစံပယ်ဖူးကတော့ လေအဝေ့မှာ ယိမ်းထိုးလှုပ်ယမ်းနေတဲ့ ထင်းရှူးပင်တွေဆီက ထင်းရှူးရွက်တွေနဲ့ ထင်းရှူးကိုင်းတွေကို မော့ကြည့်လိုက်ပါတယ်။

'စောစောက… နင်တို့ ပြောသလို နင်တို့ အသိုက်အမြုံဟာ လုံးလည်ချာလည် လိုက်နေမယ်ဆိုရင်တော့ နင်တို့ အသိုက်ဆောက်တာ မှားပြီ၊ အသိုက်မဆောက်ဘဲ လှောင်အိမ်သာဆောက်ပေတော့၊ အဲဒီလှောင်အိမ်ကို သားသမီးဆိုတဲ့ အရုံအတားအဆီးတွေနဲ့ကာပြီး ဇနီးမယားဆိုတဲ့ အချုပ်အပြစ် ခရာတာတာတွေနဲ့ စီမံပြီး ကိုယ့်ခင်ပွန်းကို သိမ်းသွင်းပေတော့၊ အဲဒါဆို… သူဟာ အချိန်တန်ရင် သံယောဇဉ်

www.burmeseclassic.com

www.burmeseclassic.com



စိတ်နဲ့ ကိုယ့်လှောင်အိမ်ကို ပြန်လာမှာပဲ၊ ဒါဆို စိတ်ချမ်းသာလိမ့်မယ်၊ ဒါက... ငါပြောတာ မဟုတ်ဘူးနော်၊ စာအုပ်ထဲမှာ အကြံပြုထားတာ ဖတ်ဖူးတာ'

မေစံပယ်ဖူးက စကားအဆုံး ကွမ်းယာရောင်းနေသည့် ဦးလေးကြီးကို ကြည့်လိုက်တော့ အဲဒီ ဦးလေးကြီးကလည်း သူတို့လိုပဲ ကွမ်းယာဝယ်နေတဲ့ ကျောင်းသားတွေနဲ့ လေကောင်းနေတာကို မြင်နေရပါတယ်။

'ဖူးဖူး... နင်လည်း အိမ်ထောင်ရေး အဘိဓမ္မာတွေ လေးလေးနက်နက် လျှောက်ပြောနေ၊ နင့်... အနာဂတ် ဘယ်လိုဖြစ်မလဲ ငါတို့... စောင့်ကြည့်ဦးမယ်၊ အချစ်ဆိုတာ ရွေးချယ်မှုဆိုတာကို နင် တစ်နေ့ မလွဲမသွေ ရွေးတဲ့အခါကိုကြည့်ပြီး ဝေဖန်ပြမယ်၊ အခု တော့... လုပ်ထားပေါ့ဟာ'

'ဒီမှာ... သန္တာလင်း၊ အခု... ငါတို့ ဒဂုံတက္ကသိုလ်မှာ ပညာလာရှာတဲ့ ရည်ရွယ်ချက်က ဘာလဲ၊ နင်တို့... အချစ်လာရှာဖို့ ရည်ရွယ်ချက်လား၊ ရည်ရွယ်ချက်တွေ မှားတော့မယ်'

မေစံပယ်ဖူးစကားကို သူငယ်ချင်းမသုံးဦးက မတိုင်ပင်ထားဘဲ ပြိုင်တူမျက်စောင်းထိုးလိုက်ပါတယ်။ မေစံပယ်ဖူးကတော့ ရေသန့်ဗူးကိုဖွင့်ပြီး သောက်နေမိပါတယ်။

'အံမယ်... အံမယ်... ဖူးဖူး နင် ကြီးကျယ်မနေနဲ့၊ အချိန်တန်ရင် နင်လည်း ယောကျ်ားမယူမှာ ကျနေတာပဲ၊ ငါတို့... နင့်ကို ဝေဖန်မယ့်အချိန် ကောင်းကောင်း ရောက်လာမယ် မှတ်'

စန္ဒာဝင်းစကားကို မေစံပယ်ဖူးက ဘာမှမပြောဘဲ အုတ်ခုံ ဘောင်ပေါ်မှာ ထိုင်ရင်းကနေ ကွမ်းယာရောင်းတဲ့ ဦးလေးကြီးက



ကျောင်းသားတွေနဲ့ သူတို့လိုပဲ တော်တော် စကားပြောနိုင်တာပဲလို့။ ကွမ်းယာရောင်းနေရင်း ပါးစပ်က အငြိမ်မနေဘဲ တောက်လျှောက် ပြောနေလို့ပါ။

*ယောကျ်ားတွေများ မိန်းမတွေလိုပဲ လေကို ပိုက်ဆံမပေးရ တိုင်း တော်တော်သုံးစွဲနိုင်တာပဲလို့။*

*

သန်းစိုးနဲ့ ကျွန်တော်နဲ့ ဆွေးနွေးတဲ့ကိစ္စက စိန်လင်းဆီရောက်တဲ့အထိ စကားစမပြတ်သေး။ သန်းစိုးကလည်း ဘယ်ကနေဘယ်လို ဖတ်ထားမှန်းမသိတဲ့ အချက်အလက်တွေနဲ့ ငြင်းပါတယ်။ စိန်လင်းကတော့ ဘာမှမပြောဘဲ ကျွန်တော်တို့နှစ်ယောက် ပြောနေဆိုနေတာကိုပဲ နားထောင်နေပါတယ်။

စိန်လင်းတို့ စာသင်ဆောင်နားက ကင်တင်းမှာ အချိန်အတော်ကြာကြာ ကျွန်တော်တို့ ထိုင်ပြီးတဲ့အခါ သုံးယောက်သား ထွက်လာကြပါတယ်။

လမ်းရောက်မှပဲ စကားဝိုင်းမှာ လုံးဝ ဝင်ရောက် မဆွေးနွေးတဲ့ စိန်လင်းက ပြောပါတော့တယ်။

'ဇေရတုနဲ့ သန်းစိုး... မင်းတို့နှစ်ယောက် ပြောတာတွေက အလကား အချိန်ကုန်တယ်ကွာ၊ မင်းတို့မှာ ရည်းစားရှိတာလည်း မဟုတ်ဘဲနဲ့ ကိုယ်သန်ရာသန်ရာကိုယ် ပြောနေတာ၊ အချစ်ဆိုတာ ထွန်ယက်ပြီးမှ ရိတ်သိမ်းရကယ်၊ မျိုးကြဲရုံလောက်နဲ့ ဘာမှဖြစ်လာမှာ မဟုတ်ဘူး၊ အခုဟာက... မင်းတို့နှစ်ယောက်က မျိုးစေ့တောင် မကြဲရသေးဘဲနဲ့ ထွန်ယက်တော့မလို ရိတ်သိမ်းတော့မလိုနဲ့ လျှောက်

www.burmeseclassic.com



ပြောနေတာ အလကား၊ ငါ့မှာ… အချိန်ကုန်အောင် နားထောင်နေရတယ်၊ နှမြောလိုက်တာ အချိန်တွေ တော်တော်ကုန်သွားတာပဲ'

'ဟေ့ကောင်… စိန်လင်း၊ ဘာအချိန်ကုန်တာလဲ၊ ငါတို့… ပြောသမျှ နားထောင်ပြီး မင်းက မုန့်တွေ တစ်ချပြီးတစ်ခု ထိုင်စားနေတာကိုများ ဘာလေး ညာလေးနဲ့ မင်းဟာလေ'

'ဟဲ့… ဟဲ့… ဒါကတော့ ဓရေတ့ရာ၊ လောကကြီးမှာ အလွယ်ကူဆုံးနဲ့ အချိုမြိန်ဆုံး အလုပ်က လူတွေကို ဩဝါဒပေးတဲ့ အလုပ်လေ၊ အခု… မင်းနဲ့သန်းစိုးကို ဩဝါဒပေးရတာ တော်တော်အရသာရှိလိုက်တာကွာ၊ ဟား… ဟား… ဟား…'

ကျွန်တော့်စကားကို ပြန်ချေပပြီး စိန်လင်းက ရယ်လိုက်ပါတယ်။ ဒါ ဒီကောင် သက်သက်လူလည်ကျတာ။ ဒီကောင် အနိုင်နဲ့ ပိုင်းတာ။ ဓာတုဗေဒ ဘာသာရပ်သမားပီပီ သူ့ရဲ့ Equation တွေထဲ ကျွန်တော်တို့နှစ်ယောက် မျောပါသွားတာ…

'မင်းတော့ကွာ…'

ကျွန်တော်က ဒေါသထွက်သလို ပုံစံမျိုးနဲ့ ကွမ်းယာရောင်းနေတဲ့ ဦးလေးကြီးရဲ့ စက်ဘီးနားအရောက်မှာ စိန်လင်းကို တွန်းမလို့ အလုပ်…

'ဟေ့ကောင်… ဓရေတ့၊ ဟောဒီမှာရှိတဲ့ ကွမ်းယာရောင်းတဲ့လူရဲ့ ထုံးအိုးက ထုံးနဲ့ အဲဒီလူ့ရဲ့မျက်နှာကိုသုတ်လိုက် သုတ်လိုက်…'

စိန်လင်းက မထင်မှတ်ဘဲ ကျွန်တော့်ခါးကိုတို့ပြီး အမိန့်ပေးလိုက်ပါတယ်။ ကျွန်တော်လည်း ကွမ်းယာရောင်းတဲ့ ဦးလေးကြီးရှိတဲ့နေရာ ပြေးသွားလိုက်ပါတယ်…

ဒီမှာပဲ…



'ဟေ့… ဟေ့… ဘာဖြစ်လို့ ထုံးအိုးထဲ လာနှိုက်ရတာလဲ'

'ဟေ့… ဟေ့… ဘာဖြစ်လို့ ငါ့မျက်နှာကို ထုံးနဲ့သုတ်တာလဲ'

'ဟေ့… ဟေ့… မလုပ်နဲ့၊ မလုပ်နဲ့'

*

အုတ်ခုံဘောင်ပေါ်မှာထိုင်ရင်း လေပစ်နေတဲ့ မေစံပယ်ဖူးတို့ သူငယ်ချင်းလေးယောက် ရှေ့မှာမြင်လိုက်ရတဲ့ မြင်ကွင်းကို မြင်လိုက်ရလို့ အံ့အားသင့်ရင်းက ပြုံးလိုက်ကြပါတယ်။ ကျောင်းသားတစ်ဦးက ကွမ်းယာရောင်းတဲ့ ဦးလေးကြီးရဲ့မျက်နှာကို ထုံးတွေနဲ့သုတ်နေလို့ပါ။

'ဟဲ့… ဖူးဖူး၊ အဲဒါ… ဟို… ဟို… နင့်အိတ်ကိုယောင်ပြီးဆွဲတဲ့သူ မဟုတ်လား'

စန္ဒာဝင်းက တစ်စုံတစ်ရာကို မှတ်မိတဲ့ပုံစံမျိုးနဲ့ မေစံပယ်ဖူးကို လှမ်းပြောလိုက်ပါတယ်။ ဒီတော့မှ မေစံပယ်ဖူး သေသေချာချာ ကြည့်မိတော့ ဟိုတစ်နေ့က သူ့အိတ်ကို ယောင်ပြီးဆွဲတဲ့ ကျောင်းသား ဖြစ်နေပါတယ်။

သူနဲ့ နည်းနည်းအကွာအဝေးမှာက သူ့သူငယ်ချင်းနှစ်ယောက်က သူ့ကိုကြည့်ပြီး ရယ်နေပါတယ်။ ဒီလူကို ခါးထပ်တို့ပြန်ပြီ ထင်ပါရဲ့။

*

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တော်တော်စိတ်ညစ်သွားပါတယ်။ လက်မှာလည်း ထုံးတွေက ပေကျံ။ ကွမ်းရောင်းတဲ့ ဦးလေးကြီးရဲ့ မျက်နှာပေါ်မှာလည်း ကျွန်တော် သုတ်ထားတဲ့ ထုံးတွေကပေနေ…။

‘ဦးလေး… စိတ်မဆိုးပါနဲ့၊ ကျွန်တော်က… ခါးတို့ရင် ယောင်ပြီ၊ ခါးတို့တဲ့သူနိုင်းတာ လျှောက်လုပ်တတ်လို့ပါ၊ အခုလည်း… ဟောဟိုက ကျွန်တော် သူငယ်ချင်းက ခါးဝှိုပြီး စလိုက်တာကြောင့် ဒီလိုဖြစ်သွားတာ ခွင့်လွှတ်ပါ’

‘ဟော… ငါ့တူက ယောင်တတ်တာကိုး၊ အေးပါကွာ… လူက အမျိုးမျိုးပေါ့၊ မင်းသူငယ်ချင်းတွေက… တော်တော် အစသန်တာပဲ’

ကွမ်းယာရောင်းတဲ့ ဦးလေးကြီးက ပြုံးလိုက်ရင်းမှ သူ့မျက်နှာမှာရှိတဲ့ ထုံးတွေကို လက်နဲ့သုတ်နေပါတယ်။

‘ဟော့ကောင့်… သန်းစိုးနဲ့စိန်လင်း ဒီလာဦး ဒီမှာ ဦးလေးကြီးတို့ လာရှင်းပြဦး’

သန်းစိုးနဲ့စိန်လင်းက ရယ်ကျဲကျဲပုံစံနဲ့ ကျွန်တော်နဲ့ ဦးလေးကြီးအနား ရောက်လာပါတယ်။

‘ဦးလေး… ခွင့်လွှတ်ပါ၊ ကျွန်တော်က… ဇေရတုကို တစ်ခါတလေ ဒါမျိုး နောက်နေကျမို့လို့ပါ’

စိန်လင်းက ကွမ်းယာရောင်းတဲ့ ဦးလေးကြီးကို တောင်းပန်ပါတယ်။

‘စတာတော့ စပေါ့ကွာ၊ ဒါပေမယ့်… မသိတဲ့လူကို ယောင်ပြီး သွားလုပ်မိရင် ပြဿနာရှိနိုင်တယ်၊ ဆင်ခြင်ပေါ့ကွယ်၊ ကိုယ့်



အပျော်ဟာ တခြားလူအတွက်တော့ ဒုက္ခမဖြစ်စေနဲ့ပေါ့’

‘မှန်တာပေါ့… ဦးလေးရယ်၊ လုပ်ပါဦး… 92နဲ့ တစ်ရာဖိုးလောက် ဦးရဲ့စကားက တန်ဖိုးရှိလိုက်တာ’

‘ဒါကတော့… ဦးက အသက်ကလည်းရ ဘဝအတွေ့အကြုံကလည်းရှိ ဆိုတော့’

စိန်လင်းကတော့ လုပ်ချပြီလို့ ကွမ်းယာရောင်းတဲ့ ဦးလေးကြီးစကား အလိုက်အထိုက်ကို ပင့်ပေးလိုက်တာ ဦးလေးကြီးကတော့ သူ ဆင်ထားတဲ့ ဗွင်ထဲကို တန်းဝင်သွားပါတယ်။

ကျွန်တော်ကတော့ ကျွန်တော့်လက်မှာ ပေကျံနေတဲ့ ထုံးတွေကိုကြည့်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေတုန်း ပတ်ဝန်းကျင်ကို သတိထားကြည့်လိုက်တော့ အုတ်ခုံဘောင်ပေါ်မှာ ထိုင်နေတဲ့ ကျောင်းသူလေးဦးကို တွေ့ရပါတယ်။ ခပ်ချောချော အမျိုးသမီးတစ်ဦးရဲ့ ဘေးမှာ ရေသန့်ဗူး တစ်ဘူးထောင်ထားတာကို မြင်ရလို့ ရေနည်းနည်းတော့ တောင်းမှပဲလို့ ဆုံးဖြတ်လိုက်ပါတယ်။

*

‘ကျွန်တော့်ကို… ရေနည်းနည်းလောက် ပေးနိုင်မလား မသိဘူး၊ လက်က ထုံးတွေ ရေနဲ့ဆေးချင်လို့ပါ၊ ထုံးက ပေါက်သလား မသိဘူး၊ လက်က နည်းနည်းစပ်လာလို့’

မေစံပယ်ဖူးရှိတဲ့နေရာ ယောင်တတ်တဲ့ ကျောင်းသားရောက်လာပြီး ရေလာတောင်းပါတယ်။ သူ့ခမျာ ဖိုတစ်နေ့က မေစံပယ်ဖူးရဲ့ အိတ်ကို လက်နဲ့ဆွဲခဲ့တာကို မမှတ်မိဘူးလား။ ဒါမှမဟုတ် မသိချင်

www.burmeseclassic.com



ယောင်ဆောင်ပြီး ပြောနေတာလား မသိ။ သေချာတာကတော့ လုံးဝ မသိတာ ဖြစ်နိုင်ပါတယ်။

'ရပါတယ်… တစ်ဘူးလုံး ယူလိုက်ပါ'

'တစ်ဘူးလုံးတော့ မယူပါဘူးဗျာ၊ ကျွန်တော် လိုသလောက် ဝဲယူပါ့မယ်'

မေစံပယ်ဖူး ကမ်းပေးတဲ့ ရေသန့်ဘူးကို အဲဒီယောင်တတ်တဲ့ ကျောင်းသားက ယူလိုက်ပြီး ခပ်လှမ်းလှမ်းမှာ ရေဗူးကိုဖွင့်ပြီး သူ့လက်မှာ ပေနေတဲ့ထုံးတွေကို ဆေးလိုက်ပါတယ်။ ပြီးတော့ မေစံပယ်ဖူးတို့ ရှိတဲ့နေရာရောက်လာပြီး မေစံပယ်ဖူးကို ရေသန့်ဗူးပြန်ပေးပါတယ်။

'ကျေးဇူးပါပဲ ခင်ဗျာ…'

'ဟွေ့… တစ်ရှူး… ရှင့်လက်က ရေစိုနေတာတွေ သုတ်ဦး'

ဘာကြောင့်မှန်းမသိ မေစံပယ်ဖူးက တစ်သျှူးရွက် နှစ်ရွက် ပေးလိုက်ပါတယ်။ ဒါကို ကျွန်တဲ့ သူငယ်ချင်းမသုံးဦးက အကဲခတ်နေပါတယ်။

'ထပ်ပြီး… ကျေးဇူးတင်ပါဗျာ'

'ရပါတယ်… ထပ်ပြီး ကျွန်မရဲ့အိတ်ကို လက်နဲ့ယောင်ပြီး ထပ်မဆွဲဖို့ဘဲ လိုပါတယ်၊ ဒီတစ်ခါဆိုရင်တော့… မော်ကွန်းထိန်းရုံး ရောက်မယ်'

'ဗျာ… ခင်ဗျားက ဟိုတစ်နေ့က…၊ ဟာ… မှတ်မိပြီ'

မေစံပယ်ဖူး စကားကြောင့် တစ်သျှူးစလေးတွေနဲ့ လက်ကို သုတ်နေတဲ့ ယောင်တတ်တဲ့ကျောင်းသားက အံ့အားတသင့်ဖြစ်သွားပါတယ်။



'ခွင့်လွှတ်ပါဗျာ၊ ကျွန်တော်… အဲဒီနေ့က ရှက်ကလည်း ရှက်၊ လန့်လည်းလန့်သလို ဖြစ်သွားတာနဲ့ မျက်နှာကို သေသေချာချာ မကြည့်မိတာ'

'အခုလို… သေသေချာချာ ကြည့်မိတော့ ဘာဖြစ်လဲ'

အရေးထဲ စန္ဒာဝင်းက ရယ်ရင်းကမေးလိုက်ပါတယ်။

'ချောတာပေါ့ဗျ… မော်ဒယ်၊ ဒါမှမဟုတ်… မင်းသမီးလုပ်လို့ ရတယ်'

'ဟွဲ့… ဖူးဖူး၊ နင်… ဟောဒီက ကိုကိုယောင်တတ်သူကို မုန့်ကျွေးတော့'

'သန္တာလင်းရာ… နင်ကလည်း ဘာတွေပြောနေတာလဲ'

အရေးထဲ သူငယ်ချင်းမတွေကနောက်တာကို ဟိုက အတည် ထင်ပြီး ပြောနေပါတယ်။

'စိန်လင်းနဲ့ သန်းစိုး… လာဦး၊ ဒီမှာ… ဟိုတစ်နေ့က ယောင်ပြီး အိတ်လှမ်းဆွဲမိတဲ့ ကျောင်းသူတွေဟေ့'

အဲဒီယောင်တတ်တဲ့ ကျောင်းသားက ကွမ်းယာရောင်းတဲ့ ဦးလေးကြီးနဲ့ လေပေးဖြောင့်နေတဲ့ ကျောင်းသားနှစ်ယောက်ကို လှမ်းအော်လိုက်ပါတယ်။

'စိန်လင်း… ဒါ… မင်းက ငါ့ကို ခါးတို့လို့ ဟိုတစ်နေ့က ဒီက သူ့အိတ်ကို သွားဆွဲမိတာ၊ အခုလည်း… မင်းက ငါ့ကို ခါးတို့လို့ ကွမ်းယာရောင်းတဲ့ ဦးလေးကြီးကို မျက်နှာထုံးနဲ့ တို့မိပြီး လက်မှာ ထုံးပေလို့ ဒီမှာ ရေနည်းနည်းလာတောင်းရင်းက ဒီက မှတ်မိသွားတာ'

www.burmeseclassic.com



အရေးထဲ ယောင်ဟတ်တဲ့ ကျောင်းသားက ပေရှည်နေပါရဲ့။

'စိန်လင်းနဲ့ ဘာဖြစ်လို့ ပေါင်းတာလဲ၊ သူက… မျက်နှာက ပြောင်မှပြောင်၊ အရမ်း… အစအနောက်သန်တာ ရှင် မှားမယ်'

စန္ဒာခင်က စိန်လင်းဆိုတဲ့ ကျောင်းသားကိုကြည့်ပြီး ယောင်တတ်တဲ့ကျောင်းသားကို သတိပေးစကား ဆိုနေပါတယ်။

'ကျွန်တော်တို့က… သူငယ်ချင်းတွေဆိုတော့ ကျွန်တော့်မှာ အများဆုံး သူ့ဒဏ်ခံရတာပေါ့ဗျာ'

'ဟော့ကောင်… ဇေရတု၊ နိဒါန်းတွေနောက်မှပြော ဒီက သူတို့နဲ့ ခင်မင်တဲ့အထိမ်းအမှတ်နဲ့ မင်း တစ်ခုခုလိုက်ကျွေး'

ယောင်တတ်တဲ့ကျောင်းသားကို သူ့ သူငယ်ချင်းတစ်ယောက်က ဝင်ပြောပြန်ပါတယ်။

'ရပါတယ်… လာပါ၊ မိတ်ဆွေဖြစ်တဲ့ အထိမ်းအမှတ်ပေါ့'

'စိန်လင်း… ငါ့ကို ဆိုင်ရောက်ရင် ထပ်အရှက်မခွဲပါနဲ့ကွာ၊ မင်း… ခါးမတို့ရဘူးနော်'

'အေးပါ… ဇေရတုရာ စိတ်ချ၊ ဒီ့အတွက်… မပူနဲ့၊ မင်း ငါ့ကိုသာ အဝ ဝယ်ကျွေး၊ ဗိုက်ဝနေရင် ငါမလုပ်ဘူး'

'အဲဒါသာကြည့်ဗျာ… ဒီကောင် တကယ်မွေတာ'

'ကဲပါ… ရှင်တို့ ဂုဏ်ပုဒ်တွေ နောက်မှဖော်ကြ ကျွေးချင်လည်း လိုက်ကျွေးတော့'

တစ်ချိန်လုံး ဘာစကားမှ ဝင်မပြောတဲ့ ခင်မာချိုက ပြောလိုက်ပါတယ်။



အဲဒီနောက် စားသောက်ဆိုင်မှာ မေစံပယ်ဖူးကော သူငယ်ချင်းမတွေကော၊ ယောင်တတ်တဲ့ကျောင်းသားကော သူ့ သူငယ်ချင်းတွေပါ လက်ပံပင် ဇရက်ကျသလို ဆုံညံနေတော့တာပါပဲ…

ကျောင်းသားဘဝဆိုတာ ဒါပါပဲ။

■

www.burmeseclassic.com

www.burmeseclassic.com



**ကိုယ်တို့**

**ကောင်းကင်ကြီးကို**

**ဘာဖြစ်လို့**

**မေ့နေကြတာလဲ။**

## အခန်း(၈)

ကျွန်တော် ထိုင်နေတဲ့ ကင်တင်းထဲမှာတော့ ကျောင်းသား ကျောင်းသူတွေရဲ့ စကားသံတွေက ဆူညံနေပါတယ်။ တော်သေးတာ ပေါ့။ ကျွန်တော်က ဩော်နဲ့ ဆူသံညံသံတွေ မခံချင်လို့ ဗန်ဒါပင် လေးအောက်က ထီးနီနီမိုးထားတဲ့ စားပွဲအောက်မှာ ထိုင်နေမိလို့ပါ။

ဒီနေ့မှပဲ သန်းစိုးကော စိန်လင်းကပါ ကျောင်းမတက်ကြ။ ကိုဂျာကြီးရဲ့အိမ်မှာ မျက်နှာကြက်တွေ ပြန်ပြင်ဖို့ လက်သမားခေါ်သေး အထပ်သားဝယ်ပေးနဲ့ အလုပ်ရှုပ်နေလို့ ကျွန်တော်တစ်ယောက်တည်း ကျောင်းတက်ဖြစ်တယ်။

ဒါနဲ့ပဲ အတန်းအားတာနဲ့ ဒီကင်တင်းမှာ လာထိုင်နေမိရင်း စာအုပ်ဖွင့်ပြီး စာသားအချို့တောင် ရေးမိသေးတယ်။

**ဘဝဆိုတာ**

**ဒီလောက် ဆိုးဆိုးဝါးဝါးကြီး**

**မဟုတ်ပါဘူး။**

**တစ်ခါတလေတော့လည်း**

**ကျယ်ကျယ်လောင်လောင် အသံတွေ**

**လိုအပ်တာပေါ့။**

**တိတ်ဆိတ်ခြင်းဆိုတာလည်း ရှိရမှာပေါ့။**

www.burmeseclassic.com

www.burmeseclassic.com



ဒီစကားလုံးတွေက ဟောဒီကင်တင်းမှာထိုင်ရင်းက အတွေး ရလို့ ရေးမိသွားတာပါ။

'ဧရတု…၊ ဘာလဲ… ကဗျာတွေ ရေးနေတာလား'

မထင်မှတ်ဘဲ ကျွန်တော်ထိုင်နေတဲ့ စားပွဲဝိုင်းရှိရာကို မေ စံပယ်ဖူးက ရောက်လာပါတယ်။

'မဟုတ်ပါဘူး၊ လာ… ထိုင်ပါ'

'မမေစံပယ်ဖူး… တစ်ခုခုသောက်ပါဦး'

ကျွန်တော်က ဖိတ်ခေါ်လိုက်တဲ့အခါ မေစံပယ်ဖူးက လွတ်နေ တဲ့ခုံမှာ ဝင်ထိုင်လိုက်ပါတယ်။

'သံပုရာရည်… တစ်ခွက်လောက် မှာပေးပါ'

'ဟော့… သံပုရာရည်တစ်ခွက်'

မေစံပယ်ဖူးအတွက် သံပုရာရည်တစ်ခွက် ကျွန်တော်လှမ်းမှာ လိုက်ပါတယ်။

'မမေစံပယ်ဖူး… သူငယ်ချင်းတွေ မပါဘူးလား'

'သူတို့… ပရက်တီကယ် မပြီးသေးလို့ ကျန်ခဲ့တယ်'

'ကျွန်တော်လည်း… ဒီနေ့ သူငယ်ချင်းနှစ်ယောက်က အသိ ရဲ့အိမ်ပြင်လို့ ဝိုင်းကူဖို့ ကျောင်းမတက်ဖြစ်ဘူး၊ ကျွန်တော်တစ်ယောက် တည်း ကျောင်းတက်ရင်း အတန်းချိန်အားလို့ ဒီမှာလာထိုင်တာ၊ သူငယ်ချင်းနှစ်ယောက် မရှိတော့ ပျင်းသား'

'မမေစံပယ်ဖူး… သောက်လိုက်ဦး'

ကျွန်တော်နှင့် မေစံပယ်ဖူး စကားပြောနေတုန်း သံပုရာရည် လာချပေးလို့ ကျွန်တော်က မေစံပယ်ဖူးရှေ့ဘက် သံပုရာရည်ခွက်ကို ရွှေ့ပေးလိုက်ပါတယ်။



'ဘာလဲ… ရှင့်ကို ခါးတို့ဖို့ စမယ့်လူမရှိလို့ ပျင်းနေတာ နေမှာပေါ့'

မေစံပယ်ဖူးက သူ့စကားသူ သဘောကျပြီး ပြုံးလိုက်ပါ တယ်။

တစ်ခါဖူးမှ အပျိုမိန်းကလေးတစ်ဦး ပြုံးတာကို သေသေချာ ချာ မကြည့်ဖူးတဲ့ကျွန်တော် အခု မသိမသာကြည့်မိတော့ တော်တော့် ကို လှသားလို့…

'ဟုတ်တယ်… သူတို့နှစ်ယောက်ကို ကျေးဇူးတင်ရမှာ ဘာ ကြောင့်လဲဆို သူတို့ ခါးတို့လို့ မမေစံပယ်ဖူး တို့နဲ့ ရင်းနှီးခွင့်ရတာ'

'ကျွန်မကို…သူငယ်ချင်းတွေ ခေါ် သလို ဖူးဖူးလို့ ခေါ်လို့ရပါတယ်'

'ဟုတ်ကဲ့ပါ… သောက်လိုက်ဦး'

မေစံပယ်ဖူးက သံပုရာရည်ခွက်ကို ပိုက်နဲ့ သုံးလေးချက်လောက် စုပ်သောက် လိုက်ပါတယ်။ ပြီးတော့ စားပွဲပေါ်မှာ ကျွန် တော်ဖွင့်ပြီးရေးထားတဲ့ စာသားတွေကို မသိ မသာ ကြည့်လိုက်ပါတယ်။

'ဖူးဖူးက… လူတွေရဲ့လက်ရေး ကိုကြည့်ပြီး စိတ်နေသဘောထားနဲ့ အမူ အကျင့်ကိုခန့်မှန်းတဲ့ Science of Hand Writing Analysis ကို ကျွမ်းကျင်လို့လား'



www.burmeseclassic.com



'မကျွမ်းပါဘူး ဇေရတုရဲ့… လက်ရေးဗေဒဟာ လက်ရေးရှင်ရဲ့ စဉ်းစားပုံ စဉ်းစားနည်း စိတ်ခံစားမှုပေါ်ပေါက်ပုံ၊ စွမ်းဆောင်နိုင်ရည်၊ စိတ်ဖိစီးတဲ့အဆင့်၊ ပေါင်းသင်းဆက်ဆံရေး စတာတွေကိုပဲ လေ့လာနိုင်တာလေ၊ လက်ရေးဗေဒတွေ ရှုးစမ်းမှုတွေက လက်ရေးရှင်တို့ ကောင်းခြင်းဆိုးခြင်း ပြောတာမဟုတ်ဘူး၊ အချက်အလက်တွေကိုပဲ သတင်းပေးတာပါ၊ ဒါ… ကျွန်မ ဖတ်ဖူးတာကို ပြောတာ'


ကျွန်တော်က မေစံပယ်ဖူးကို လေးစားသွားပါတယ်။ ဗဟုသုတနဲ့ ပတ်သက်လို့ ခေသူမဟုတ်ဘူးဆိုတာ သူပြောပုံ၊ ဆိုပုံကို ကြည့်ပြီး သိသာနိုင်ပါတယ်။

'ဖူးဖူးကို… ချီးကျူးပါတယ်၊ ဖူးဖူးက… စာတော်တော်ဖတ်ထားတာပဲ၊ ဒါနဲ့များ… ကျွန်တော့်ကို ဖူးဖူးအကြောင်းပြောကြတာက ဖူးဖူးက ဆတ်ဆတ်ကြဲ အထိမခံ ရှော့ခ်ရှိတယ်တဲ့၊ အခု… ဖူးဖူးရဲ့နေပုံထိုင်ပုံ ပြောဆိုပုံကို ကြည့်တော့လည်း တကယ့်ကို မိန်းမပီသတာပဲ၊ ဒီလို ဝေဖန်မိလို့ စိတ်မဆိုးနဲ့နော်၊ ကျွန်တော်က မြင်တာကို ပြောတာ'

မေစံပယ်ဖူးက ဘာမှမပြောဘဲ သံပုရည်ကို ဆက်သောက်နေပါတယ်။ သေချာတာက ကျွန်တော့်စကားတွေကများ သူ့ကို အလုပ်ပေးလိုက်သလား မသိပါ။

'လူတွေမှာ… ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် ခုခံကာကွယ်ခွင့် ရှိပါတယ်၊ ကျွန်မလည်း ကိုယ့်ကိုလာပြီး ကျွန်မ သဘောမတူတဲ့ကိစ္စမျိုး ဆက်နွယ်လာရင် ခိုးခနဲ ဇက်ခနဲ ပြေရှင်းတာ ကျွန်မရဲ့ ခုခံပိုင်ခွင့်အမှတ်တံဆိပ်ပဲလေ၊ ဒါကို တစ်မျိုးကောက်ချက်ချရင်





တော့ ကျွန်မလည်း မပြောတတ်ဘူး၊ မိန်းမသားတစ်ဦးမှာ မှန်တာကို ရဲရင့်စွာနဲ့ ဒိုလောက်တော့ ခုခံကာကွယ်ခွင့် ရှိရမှာပေါ့'

ဇန်ဒါပင်ပေါ်မှ ဇန်ဒါရွက်တစ်ရွက်က လေအတိုက်မှာ အပင်ပေါ်ကကြွေကျလာပြီး ကျွန်တော်တို့ စားပွဲဝိုင်းရှိရာသို့ လွင့်မျောလာပါတယ်။ ကျွန်တော်က ဇန်ဒါရွက်ကို လက်နဲ့အသာဖမ်းလိုက်ပါတယ်။ ပြီးတော့ ဇန်ဒါရွက်ကို စားပွဲဝိုင်းဘေးကို လွှင့်ပစ်လိုက်ပါတယ်။

'ကျွန်မအမြင်ပြောရရင် လူတွေက အမျိုးသမီးတွေဆိုရင် နည်းနည်း နာမည်ပျက်တံဆိပ်တပ်ချင်ကြသလား မသိဘူး၊ အိန္ဒိယ အမျိုးသမီး စာရေးဆရာမ မာဂျာနီဆတ္တရာပီရဲ့ ရုပ်ပြဇာတ်လမ်းတစ်ပုဒ် ဖတ်ဖူးတယ်၊ စာရေးဆရာမက သူ့ရဲ့ ကိုယ်ပွားဇာတ်ကောင် မာဂျီ ဆိုတဲ့ အမျိုးသမီးကို သူမ ဒဿနဖွင့်ဟထားတာ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးလား၊ မဖွံ့ဖြိုးလားဆိုတာ အဲဒီတိုင်းပြည်မှာ အမျိုးသမီးတွေကို ဘယ်လို ဆက်ဆံသလဲဆိုတာကိုကြည့်ပြီး အကဲဖြတ်နိုင်တယ်တဲ့၊ အစ္စလမ်သမ္မတနိုင်ငံက အမျိုးသမီးတွေဟာ အမျိုးသားတွေရဲ့ ထက်ဝက်မျှပဲ တန်ဖိုးရှိတယ်ဆိုတဲ့အစွဲကို အမျိုးသမီးတွေရဲ့ခေါင်းထဲ ရိုက်သွင်းတာ အဖွဲ့အစည်းက တာလီဘန်တွေလက်ထက်က အမျိုးသမီးတွေကို ကြည့်ပါလား'

ကျွန်တော်နဲ့ မေစံပယ်ဖူးတို့ နှစ်ယောက်သား ပြောနေကြတဲ့

www.burmeseclassic.com



တောင်ဝိုင်းက တော်တော် လေးလေးနက်နက် ဖြစ်လာပြီလား မသိပါ။

'ဖူးဖူးကလည်း… အမျိုးသမီးမှ မဟုတ်ပါဘူး၊ အမျိုးသားဆိုတာကကော ကျွန်တော်တို့ ဒဿနကဗေဒအမြင်အရ ပြောရရင် ဘာထူးဆန်းလို့လဲ၊ ယောကျာ်းဆိုတာ မိန်းမဆီကဖြစ်လာ၊ မိန်းမဆီမှာပဲ သူ့ဘဝ ဆုံးရတာပဲဟာ၊ အမေကြောင့် လူ့ဘဝကို ရောက်လာတယ်၊ လူဖြစ်လာတယ်၊ အရွယ်ရောက်တယ်၊ အိမ်ထောင်ကျပြီး ဇနီးမယားနဲ့ နေတယ်၊ အဲဒီ… ဇနီးမယားဆိုတဲ့ အမျိုးသမီးဆီမှာပဲ အိမ်မှုကိစ္စ သံယောဇဉ်တွေနဲ့ ဘဝဆုံးသွားတာပဲ မဟုတ်လား၊ ဒီတော့… မထူးပါဘူးဗျာ၊ ယောကျာ်း၊ မိန်းမဆိုတာ တစ်ဦးနဲ့တစ်ဦး နားလည်မှုတွေနဲ့ အရိုအသေပေးဖို့ပဲ လိုတာ'

မေစံပယ်ဖူးက လက်ကျန်သံပုရာရည်ကို အကုန်သောက်လိုက်ပါတယ်။ ပြီးတော့ သူမ သူငယ်ချင်းတွေများ လာမလားလို့ ထိုင်ရာကနေ လမ်းမဘက်ကို လှမ်းကြည့်လိုက်ပါတယ်။

'ဇရေတုလည်း… စကားပြောကောင်းသားပဲ၊ ဒဿနိကဗေဒသမားလို့ မပြောရဘူး'

'ဟာဗျာ… ယူတဲ့ ဘာသာရပ်နဲ့ မဆိုင်ပါဘူး၊ ကိုယ့်အမြင်ကို ပြောတာပါ'

'ဟုတ်ပါတယ်လေ… ဟုတ်ပါတယ်'

မေစံပယ်ဖူးက ကျွန်တော်အဆိုကို လက်ခံသည့်အလား ပြုံးရင်းက ပြောလိုက်ပါတယ်။ ဒီတစ်ခါတော့ ဖြစ်ချင်တာဖြစ် ကျွန်တော် မေစံပယ်ဖူးပြုံးတဲ့ အပြုံးကို ဖြောင်ကျကျကြည့်မိပါတယ်။



ဒါကို မေစံပယ်ဖူးက သိလို့လားမသိ မျက်နှာလွှဲလိုက်ပါတယ်။


သေချာတာက သူနှင့်ကျွန်တော် နှစ်ယောက်သား စကားပြောနေတုန်း ကောင်းကင်ကြီးကိုကြည့်ဖို့ ဘာကြောင့်များ မေ့နေကြသလဲ မသိတာပါပဲ။

■

www.burmeseclassic.com

ကိုယ့်ကောင်းကြောင်းပဲ
ကိုယ်ပြောမယ်။
ကိုယ့်မကောင်းကြောင်း
မိတ်ဆွေတွေ ပြောပလေ့စေပေါ့။

(မာယာကျော့စတီး)



BURMESE CLASSIC .com

## အခန်း(၉)

စန္ဒာဝင်းရယ်၊ ခင်မာချိုရယ်၊ ပြီးတော့ သန္တာလင်းတို့ သုံးယောက် မထင်ထားပါဘဲနဲ့ မေစံပယ်ဖူးရဲ့အိမ်ရောက်လာပြီး မေစံပယ်ဖူးအိမ် ခြံဝင်းထဲက ခုံတန်းလျားကို ခေါ်လာပါတယ်။ မေစံပယ်ဖူးကတော့ သူတို့ သုံးယောက် ဘာကိစ္စများရှိလို့လဲ မသိ ဖြစ်နေပါတယ်။

'ဖူးဖူး… ဟဲ့… ရှော့ခ်ရှိတယ်ဆိုတဲ့ အမျိုးသမီး နေစမ်းပါဦး နင်က မနေ့ တစ်နေ့ကမှသိတဲ့ ဧရာတုနဲ့ တစ်စားပွဲထဲ အတူထိုင်ပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘာတွေ လေကန်တာလဲ တစ်ခါဖူးမှ နင် ဒါမျိုးမဖြစ်ဘူးဘဲနဲ့'

ခုံတန်းလျားမှာ ထိုင်ထိုင်ချင်းဆိုသလို စန္ဒာဝင်းက ဒေါနဲ့မောနဲ့ မေးပါတယ်။

'ဟုတ်တယ်… ဒါ ဘာသဘောလဲ၊ နင်က… ငါတို့သုံးယောက်ကို ဘာဖြစ်လို့ လျှို့ဝှက်ထားတာလဲ၊ 'နင်တို့… ဘာတွေပြောနေတာလဲ ပြောပြဦး'

အရေးထဲ ခင်မာချိုက တရားခံမေးသလို မေးပြန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီအကြောင်းကို… ကင်တင်းက စားပွဲထိုးကောင်လေးက ငါတို့ကို ပြောပြမှသိရတာ၊ အံ့ပါရဲ့… ဖူးဖူးရယ်၊ နင့်ရဲ့… တစ်ခါက စကားတွေ ဘယ်ပျောက်သွားပြီလဲ'

သန္တာလင်းက ခြေထောက်ကို လွှဲနေရင်းက စွဲချက်တွေတင် ပြန်ပါတယ်။

'ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် ကင်တင်းက စားပွဲမှာထိုင်ပြီး စားရင်းသောက်ရင်း စကားပြောတာ ရန်ကုန်ကတ္တသိုလ် တည်ထောင်ခါစကတည်းက ရှိနေတာ၊ ကမ္ဘာပြားကဲ့ခေတ်ရောက်မှ ဘာလို့ သက်နေကြလား'

စန္ဒာဝင်းက မေစံပယ်ဖူးကို မျက်စောင်းထိုးလိုက်ပြီး…

'သစ်တာပေါ့… ဖူဖူးရဲ့၊ နင်က… ဒါမျိုးမှ မရှိဖူးတာ၊ ငါတို့… အံ့အားသင့်နေတာပေါ့'

'အံ့အားမသင့်နဲ့… စန္ဒာဝင်းရေ၊ အဲဒါ ဖူးစာပါဖို့ ဖြစ်လာတာ၊ ဟိုက… ယောင်ပြီး သူ့အိတ်ကိုဆွဲရ၊ ရေသန့်ဘောင်းရဲ ဒင်းက… တစ်ရှူးပေးရနဲ့၊ ကြည့်နေ… ဟိုက ရည်းစားစကား လာပြောတော့မယ်'

'ခင်မာချိုပြောတာ… ငါ ထောက်ခံတယ်၊ ဟဲ့… ဖူးဖူး… ခုရက် ရည်းစားစကား လာပြောရင် နင် နည်းနည်းတော့ တောင့်ထား… သိက္ခာကျမယ်'

ရှေ့ဖြစ်လာမယ့် အနာဂတ်ကို ကြိုသိသလိုမျိုး သူငယ်ချင်းမ သုံးဦးက ထင်မြင်ချက်ပေးနေတာကို မေစံပယ်ဖူးက ဘာမှမပြောဘဲ သူတို့ ပြောတာကိုသာ နားထောင်နေပါတယ်။

'နင်တို့… ပြောချင်တာ ဒါပဲလား၊ ဒီမှာ… ငါ့ကို နင်တို့



လျှော့မတွက်နဲ့၊ ဧရေတုကို… ငါ အကဲခပ်ပြီးပြီ၊ သူက ငါနဲ့စကားပြောတယ်၊ ငါ့မှာ… ရည်းစားရှိလား ဘာလား မမေးဘူး၊ ငါ့ရဲ့… အနေအထားကို မစပ်စုဘူး၊ ငါနဲ့ သူနဲ့အကျိုးရှိမယ့် ဗဟုသုတ ရစေမယ့် စကားမျိုးတွေပဲပြောကြတာ၊ တစ်ခုပဲရှိတယ် စကားဝိုင်းသိမ်းခါနီးမှာ သူ ငါ့ကိုကြည့်တဲ့ အကြည့်ပဲ၊ အဲ့ဒီအကြည့်မှာ သူ တစ်နေ့ငါ့ကို နှစ်သက်လာမယ့် အရိပ်အရောင်မျိုးတွေ တွေ့ရတယ်၊ ဒါကလည်း မဆန်းပါဘူး၊ ဖြစ်တတ်တာပဲ၊ ဒီ့အတွက် ငါ့မှာ အဖြေရှိပြီးတယ်'

'ဖူးဖူးရယ်… အဲဒီလို ကြည့်တာမှန်းသိရင် သူ့ခါးကိုတို့လိုက်ပါလား'

'ခင်မာချိုပြောတာ ဟုတ်တယ်၊ အဲဒီတော့မှ ဟိုက ယောင်ယောင်မှားမှားနဲ့ ဖူးဖူးလက်ကို ဆွဲဖက်'

'စန္ဒာဝင်း… ဒါဆို ရှော့ခ်ပေါ့၊ ဟုတ်လား…'

'ဟုတ်တယ်… သန္တာလင်းရေ'

သူငယ်ချင်းမ သုံးဦးကတော့ မေစံပယ်ဖူးကို ကြည့်လိုက်ရယ်လိုက်နှင့် ဖြစ်နေပါတယ်။

မေစံပယ်ဖူးကတော့ ဘာမှမပြောဘဲ တစ်ခုခုကိုသာ တွေးနေပါတယ်။ အဲ့ဒါကိုတော့ သူငယ်ချင်းမ သုံးဦးစလုံး မသိရေးချမသိ။

*

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



'ဇေရတု… ဒါဆိုရင် မင်းလေ ကိုဂျာကြီးကို ကျေးဇူးတင်ရမယ်၊ ငါတို့… ကိုဂျာကြီးအိမ် ဝိုင်းကူညီလို့ မင်း ဒီလိုအခြေအနေကောင်းသွားတာ'

'သန်းစိုး… ဒါဆို ငါက ပိုပြီးကျေးဇူးတင်ထိုက်သူထဲမှာ ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဇေရတုနဲ့ ဖူးဖူး ဒီလိုဖြစ်ဖို့ ခါးတို့ခဲ့တာလေ'

အရေးထဲမှာ ကျေးဇူးရှင်ချင်း သန်းစိုးနဲ့စိန်လင်းတို့ နှစ်ယောက်က ပြိုင်နေကြပါတယ်။ ကိုဂျာကြီးကတော့ ဆေးပေါ့လိပ်ကို ဖွာရင်း ကျွန်တော့်မျက်နှာကို ကြည့်လိုက်ပါတယ်။

'ဘဝဆိုတာ… အကြောင်းအရာ အဖြစ်အပျက်မှတ်တမ်းတွေ စုပုံထားတာကွ၊ အဲဒီထဲမှာမှ အချစ်ရယ်လို့ ဖြစ်ပေါ်လာရင် ပေးသူရှိမှ ဖြစ်သလို ယူသူရှိမှလည်းဖြစ်တယ်၊ အဲသလိုမှ မဟုတ်ရင် အလကားပဲ'

'ဒါဆို… ကိုဂျာကြီး လူပျိုကြီး ဖြစ်နေတာ ပေးသူမရှိသလို ယူသူလည်း မရှိလို့ပေါ့ ဟုတ်လား'

စိန်လင်းက လှမ်းမေးလိုက်ပါတယ်။ အဲဒီအခါမှာ ကိုဂျာကြီးမျက်နှာက စောစောကလိုမဟုတ်ဘဲ တစ်ခုခုကို လွမ်းသလိုမျိုး အနေအထား ပြောင်းသွားပါတယ်။

'ကိုယ့်မှာ… အတိတ်ဆိုတာ ရှိခဲ့ဖူးတာပေါ့၊ အဲ့ဒီအတိတ်ဆိုတာကို မသိချင်ယောင်ဆောင်ပြီး ကြိုးနဲ့ချည်တိုင်မှာ ချည်ထားလို့ကတော့ ကိုယ်ပဲ အဲဒီချည်တိုင်မှာ တစ်ကျွန်းကျနေသလို ဖြစ်သွားမှာ၊ ကိုယ် ချစ်ခဲ့ဖူးပါတယ်၊ အသည်းကွဲခဲ့ဖူးပါတယ်၊ အခုလို လွမ်းနေဆဲပါပဲ'



ကိုဂျာကြီး ခံစားမှုအဆင့်က ကီးမြင့်လို့ လာနေပါပြီ။ တစ်ခါမှမှ ကိုဂျာကြီးဆီက ရင်တွင်းဖြစ် အစစ်အမှန်ကို မကြားခဲ့ရဖူးပါ။ နည်းနည်းတော့ မီးမြှင့်ရပါဦးမယ်။

'ကိုဂျာကြီး… ဘယ်လိုဖြစ်လို့ ကွဲခဲ့လွမ်းခဲ့ရတာလဲဗျာ'

'ဒီလို… ဇေရတုရာ၊ ကိုယ့်ရဲ့လန်းဆန်းစွာ ပွင့်ဖူးလာတဲ့ အချစ်ပန်းဟာ ကြွေကျပျက်သုဉ်းခဲ့ရတာပေါ့၊ အချစ်ဟာ… ပွင့်မယ်မှ မကြံရသေးဘူး၊ ကိုယ့်အချစ်ဟာ အပင်ပြန်မဖြစ်အောင် မီးလောင်ကျွမ်းခဲ့ရတယ်'

စိန်လင်းနဲ့သန်းစိုးကတော့ ကျွန်တော့်ကို မျက်စိမှိတ်ပြကြပါတယ်။ ဒါကို အဆွေးဖီလင်ဝင်နေတဲ့ ကိုဂျာကြီးက မသိ။

'ကိုဂျာကြီး… ဘယ်အရွယ်မှာ အသည်းကွဲခဲ့ လွဲခဲ့ရတာလဲ'

သန်းစိုးက မေးလိုက်လို့ စကားအဆုံးမှာပဲ…

'မှတ်ပုံတင် လုပ်ပြီးခါစ အသက်ဆယ့်ရှစ်နှစ် အရွယ်မှာပေါ့ကွာ၊ သူနဲ့ ဖြစ်တာကို မိဘတွေက ခွဲကြ၊ ဟိုဘက် ဒီဘက်တွေက ခွဲကြတယ်လေ၊ ဒါနဲ့… ငါတို့ ဝေးခဲ့ရင်း ငါ လူပျိုကြီးဖြစ်နေရတာ'

ကိုဂျာကြီးနဲ့ ရင်းနှီးခင်မင်နေတာ ကြာခဲ့ပါပြီ။ ဒါပေမယ့် ဒီနေ့ကြမှပဲ အဖြစ်မှန်သိရလို့ပါ။ ကျွန်တော်တို့ ရပ်ကွက်ထဲကို ကိုဂျာကြီးပြောင်းလာကတည်းက ခင်တာ ဒါမျိုး မကြားခဲ့ရရိုး အမှန်ပါ။

'ကိုဂျာကြီးနဲ့… ချစ်ဦးသူ လွဲခဲ့ရ၊ ကွဲခဲ့ရတော့ ကိုဂျာကြီးရဲ့ ချစ်သူက ဘယ်အရွယ်လဲ'

စိန်လင်းက ကိုဂျာကြီးရဲ့ ခံစားချက်ကို စာနာစိတ်နဲ့ မေးမြန်းပါတယ်။

'ငါ့ချစ်သူက ငါနဲ့ ရည်းစားဖြစ်တော့ ကလေးသုံးယောက်

www.burmeseclassic.com



အမေ တစ်ခုလပ်ပေါ့ကွာ၊ ငါတို့ရဲ့ နှစ်အိမ်ကျော်ကို ပြောင်းလာရင်း ငါနဲ့ ချစ်သူဖြစ်တာ၊ ဒါကို… မိဘတွေက ဝိုင်းဖျက်ကြတာ ရက်စက်တယ်ကွာ'

'သြော်… ကိုဂျာကြီးရယ်၊ ဖြစ်မှ ဖြစ်တတ်တယ်ဗျာ'

စိန်လင်းက ကိုဂျာကြီး စကားအဆုံး ထိုကဲ့သို့ မှတ်ချက်ချလိုက်ပါတယ်။ ကျွန်တော်နဲ့ သန်းစိုးကတော့ ရယ်မိတာ မပြောပါနဲ့တော့။ ကိုဂျာကြီးအဖို့ ရည်းစားရှာတာ အတော်ခက်ခဲခဲ့ပါလားလို့ သူ့ခများ မိဘကိုတောင် အပြစ်မြင်သေးရဲ့။

'ဒီမှာ… ဧရာတု၊ ငါ့ဘဝမှာ… ငါ့ချစ်သူနဲ့သာ လွဲခဲ့ရပေမယ့် ငါဆုတောင်းပေးတယ်၊ မင်းနဲ့… ဖူးဖူးဆိုတဲ့ ကောင်မလေး ချစ်သူ ဖြစ်ပါစေလို့ လိုအပ်တာပြော ငါ ကူညီမယ်၊ ဒါ… ကိုဂျာကြီးရဲ့ Promise ပဲ'

ကိုဂျာကြီးကတော့ အတည်ပေါက်ပြီး လုပ်ချလိုက်ပြန်ပါပြီ။

'ကိုဂျာကြီးကလည်းဗျာ… သူနဲ့ ကျွန်တော်သိတာကလည်း ဘာမှ ကြာသေးတာ မဟုတ်ဘဲနဲ့၊ တော်ကြာ… ကြားသွားမှဗျာ ပြဿနာ တက်နေပါဦးမယ်၊ ကျွန်တော်ကလည်း ချစ်တယ်လို့ မပြောရသေးပါဘူး'

'ဧရာတုရာ… ဒါ ဘာဆန်းလို့လဲ၊ အခု မင်းမချစ်လည်း နောက်ချစ်မယ့်ဟာ ငါကြိုပြောတာ မလွန်ပါဘူးကွာ၊ ဂျာကြီးပြောရင် လွဲခဲတယ်ဟေ့၊ မင်း… အဲဒီ ဖူးဖူးဆိုတဲ့ ကောင်မလေးကို ချစ်ကို ချစ်လာစေရမယ်၊ အတွေ့အကြုံအရပြောတာ'

ကိုဂျာကြီးပြောသမျှ ကျွန်တော့်ခများ နောက်ဆက်တွဲစကားတွေ ဆက်တိုက်နားထောင်နေရပါတယ်။



ကျွန်တော်တင်မက သန်းစိုးနဲ့ စိန်လင်းလည်း ထိုအတူပါပဲ။ ကိုဂျာကြီးတို့များ ကျွန်တော်တို့ အိမ်ပြန်ခါနီး အထိတောင် သူ့ကပဲ talking တွေ ဒိုင်ခံလွှတ်လို့ မနည်း သူ့ရဲ့လေကြောင်းကို ဖြတ်တောက်ပစ်ခဲ့ရပါတယ်။

*

ကိုဂျာကြီး လေကြောင်းကို ဘာနဲ့ ဖြတ်တောက်ပစ်ရသလဲဆိုတော့ ဒီည ရှောင်တခင် ညေ့စာရင်းစောစောစစ်မယ်ဆိုတဲ့ သတင်းရလို့ပါလို့ ပြောရပါတယ်။

အဲဒီတော့မှ ကိုဂျာကြီးက ပျာပျာသလဲ ကျွန်တော်တို့သုံးဦးကို အတင်းနှင်လွှတ်ပါတယ်။

ဘာဖြစ်လို့လည်းဆို တစ်ခါက ကိုဂျာကြီးအိမ် ညေ့သည်လာတုန်းက ညေ့စာရင်း မတိုင်မိ ပို့ စီမံချက်နဲ့ ခေတ္တသုံးရက်လောက် အချုပ်ခံလိုက်ရလို့ပါပဲ။

ဒီအကြောင်းကို အခွင့်ကြုံတိုင်း ကိုဂျာကြီးက ရပ်ကွက်ထဲက လူတွေ ဆင်ခြင်ဖို့ ကြုံရင်ကြုံသလို လေရှည်တတ်သေးတယ်ဗျ…


ကိုဂျာကြီးများ လွယ်တာမှတ်လို့…

■

www.burmeseclassic.com

www.burmeseclassic.com





ကိုယ့်ကိုယ်ပိုင်

အိမ်မက်... စိတ်ကူးတွေကို

ဘယ်တော့မှ မဝှက်လေနဲ့။



## အခန်း(၁၀)

တန်ဆောင်မုန်းလ ရောက်ပြီဆိုတော့ လမ်းတိုင်းလမ်းတိုင်းမှာ ဘုံကထိန်ပဒေသာပင်တွေက အပြည့်ပါပဲ။ ကားတို့မှောင်းလာရင်းနဲ့ ကျွန်တော် စာသင်ရမယ့် အဆောင်ရောက်တော့မှ သတိရတယ်။ ဒီနေ့ ကျွန်တော်တို့ ဒုဿနိကဗေဒဌာနမှာ ကထိန်သင်္ကန်းဆပ်လှူပွဲရှိလို့ အတန်းတွေ ပိတ်ထားတာဖြစ်နေလို့ပါ။ ကျွန်တော့်အသာလ ရပ်ဌာနတွေမှာလည်း ဒီအတိုင်းဆိုတော့ သန်းစိုးနဲ့စိန်လွင်လည်း ကျောင်းလာမှာ မဟုတ်တာ သေချာတယ်လို့ ကျွန်တော် တွေးရင်းမှ ပါတယ်။

ဒါနဲ့ပဲ အိမ်ကိုပြန်ရင် ကောင်းမယ်လို့။ ဒီလိုမှန်းသာသိရင် စိန်လင်းနဲ့ သန်းစိုးကို ကျောင်းသွားခါနီး ဝင်ခေါ်ခဲ့ရင် ဒီလိုဖြစ်မှာ မဟုတ်။ အိမ်ကအဝေးကြီး ကိစ္စရှိတော့ သွားရလို့ ဒီလိုမျိုးလွဲချော်တာ ဟိုပဲ ပြောရလိမ့်မယ်။

www.burmeseclassic.com



'သာဓုပါခင်ဗျာ… အလှူရှင်တစ်ဦးကလည်း အလှူငွေတစ်ရာတဲ့၊ ဟုတ်ကဲ့… ကျွန်တော်တို့ အနေးယဉ် လုပ်သားများ ဘုံကထိန်မှာ သင်္ကန်းအလှူရှင် လိုနေပါတယ်၊ သင်္ကန်းအလှူရှင်ကို ရှာနေပါတယ်'

တောင်ဥက္ကလာပ သစ္စာလမ်းမကြီးအတိုင်း ကျွန်တော် ကားမောင်းလာရင်း ကုန်းဘောင်လမ်းထိပ်က အနေးယာဉ်ဂိတ်ရှေ့မှာ ဘုံကထိန် ပဒေသာပင်တစ်ခုကို ချထားပြီး လူတင်ယောက်က အနေးယာဉ်ဂိတ်ထဲကနေ မိုက်ကရိုဖုန်းကိုင်ပြီး ဥပဿကာ လုပ်နေပါတယ်။ ပဒေသာပင်မှာတော့ ဝတ္ထုပစ္စည်းအချို့ကို ချိတ်ဆွဲထားပါတယ်။

ကျွန်တော့်စိတ်ထဲ ဘယ်လိုဖြစ်တယ်မှန်း မသိ။ အဲ့ဒီအနေးယာဉ်ဂိတ်ထဲက ဘုံကထိန်မှာ သင်္ကန်းလှူချင်စိတ် ပေါက်လာပါတယ်။

ဒါနဲ့ပဲ ကားကို ပလက်ဖောင်းဘေး ကပ်ရပ်လိုက်ပါတယ်။

'ဗေရတု… ဗေရတု…'

ကျွန်တော် ကားရှိရာကနေ အနေးယာဉ်ဂိတ်နားသို့ လျှောက်အလာ အနေးယာဉ်ဂိတ်ဘေးနားမှာ ရှိတဲ့ United လက်ဖက်ရည်ဆိုင်ထဲကနေလှမ်းခေါ်လို့ ကြည့်လိုက်တော့ မေစံပယ်ဖူးနဲ့ သူ့သူငယ်ချင်းမသုံးဦး ဖြစ်နေပါတယ်။ ကျွန်တော့်ကို လှမ်းခေါ်တာက မေစံပယ်ဖူး ဖြစ်နေလို့ပါ။

'ဘယ်ကိုသွားမလို့လဲ… ထိုင်ပါဦး၊ ခါးမတို့ပါဘူး'

မေစံပယ်ဖူးတို့ရှိတဲ့ လက်ဖက်ရည်ဆိုင်ထဲ ဝင်သွားတော့ မေစံပယ်ဖူးက လှမ်းမေးရင်း ကျွန်တော့်ကို နောက်လိုက်ပါတယ်။

'ကျောင်းလာတာ ဒီနားမှာ ကထိန်သင်္ကန်းကပ်တော့ အတန်း



တွေက မရှိဘူး၊ အိမ်ပြန်ဖို့ ကားမောင်းလာတာ၊ ဒီအနေးယာဉ်ဂိတ်က ပဒေသာပင်မှာ သင်္ကန်းလှူမယ့်လူ မရှိသေးတာကြားလို့ အဲဒါ… လှူမလို့ ကားရပ်ပြီး ဆင်းလာတာ'

'ဒါဆို… အတော်ပဲ၊ ဗေရတုတစ်ယောက်တည်း လှူလို့ရဘူး၊ ကျွန်မလည်း သင်္ကန်းဖိုး တစ်ဝက်ပါမယ်'

မေစံပယ်ဖူးက အဲဒီလိုပြောတော့ သူငယ်ချင်းမသုံးဦးက မေစံပယ်ဖူးကို အံ့အားသင့်သလို ကြည့်နေပါတယ်။

'ကောင်းတာပေါ့ဗျာ၊ နေဦး… ကျွန်တော် သင်္ကန်းဖိုး ဘယ်လောက်ကျသလဲ သွားမေးဦးမယ်'

ကျွန်တော်က မေစံပယ်ဖူးတို့နားကနေ ပဒေသာပင်ချထားတဲ့ ဆိုက်ကားဂိတ်ရှိရာ သွားပြီး သင်္ကန်းတစ်စုံ ဘယ်လောက်လဲမေးတော့ ငွေနှစ်သောင်းလောက် ကျမယ်လို့ပြောပါတယ်။

ဒါနဲ့ ကျွန်တော်လည်း မေစံပယ်ဖူးတို့ ရှိတဲ့နေရာပြန်လာပြီး ပြောရပြန်ပါတယ်။

'နှစ်သောင်းတဲ့… မေစံပယ်ဖူးရဲ့'

'ဒါဆို… ကျွန်မ တစ်သောင်းပေးတယ်၊ ဗေရတုက… တစ်သောင်းစိုက်'

ပြောပြောဆိုဆိုပါပဲ မေစံပယ်ဖူးက Hand Bag အိတ်ကိုဖွင့်ပြီး ငွေတစ်ထောင်တန် ဆယ်ရွက် ထုတ်ပေးပါတယ်။

'ဟဲ့… ဖူးဖူး၊ နင်နဲ့သူက တစ်ယောက် တစ်ဝက်ဆိုလှူတာပဲ ဟာ နင်ပါ လိုက်သွားလေ၊ ဒါမှ… ကုသိုလ်ရမှာပေါ့'

မေစံပယ်ဖူးရဲ့ သူငယ်ချင်းမတစ်ဦးက အကြံပေးပါတယ်။

'ရပါတယ်… ဗေရတုသွားလည်း ဖြစ်တာပဲဟာ'

'ဘယ်ဟုတ်မလဲ… ဖူးဖူးရဲ့ တစ်ယောက်တစ်ဝက် လှူ

www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ ဘာဝေးလို့လဲ ခြေလှမ်းငါးလှမ်းလောက် လှမ်းရမှာ လိုက်သွားပြီး လှူလိုက်'

မေစံပယ်ဖူးရဲ့ နောက်ထပ် သူငယ်ချင်းမ တစ်ဦးကလည်း ထပ်အကြံပြုပြန်ပါတယ်။

'ဖူးဖူး လိုက်မှာလား၊ ကျွန်တော် လက်ထဲ ပိုက်ဆံကိုင်ပြီး ဘာလုပ်ရမှာလဲ'

'လိုက်မယ်… လိုက်မယ်… ဟွင်း'

မေစံပယ်ဖူးက ကျွန်တော့်စကားကြောင့် ထိုင်ရာမှထလိုက်ပြီး သူငယ်ချင်းမတွေကို မျက်စောင်းထိုးလိုက်ပါတယ်။

ကျွန်တော်နဲ့ မေစံပယ်ဖူးတို့နှစ်ယောက် လက်ဖက်ရည်ဆိုင်နဲ့ ကပ်လျက်ရှိတဲ့ ဆိုက်ကားဂိတ်ရှိရာကို လာခဲ့ပါတယ်။

'အစ်ကို… စောစောက သက်န်းလှူဖို့ပြောတာ အဲဒါ လာလှူတာ'

'သြော်… ဟုတ်ကဲ့'

ဆိုက်ကားဂိတ် အလှူခံတဲ့နေရာရောက်တော့ ကျွန်တော်က မိုက်ကရိုဖုန်းနဲ့ ပြောနေသူကိုပြောရင်း ကျွန်တော့်အင်္ကျီ အိတ်ထဲက ငွေတစ်ထောင်တန် ဆယ်ရွက်ကို ထုပ်ပြီးငွေနှစ်သောင်းကို ပေးလိုက်ပါတယ်။

'ဒီက… အလှူရှင် အစ်ကိုနဲ့ အစ်မရဲ့နာမည်ကို ပြောပါ'

မိုက်ကရိုဖုန်းနဲ့ အလှူခံနေတဲ့သူက ကျွန်တော်နဲ့ မေစံပယ်ဖူးကိုကြည့်ပြီး မေးလိုက်ပါတယ်။

'ဇေရတုနဲ့… မေစံပယ်ဖူးပါ'

ကျွန်တော်က အလိုက်သင့် ပြန်ဖြေလိုက်ပါတယ်။




'ဟုတ်ကဲ့ခင်ဗျာ… ကျွန်တော်တို့ [illegible] ဘုံကထိန် ဝဒေသာပင်မှာ လိုအပ်နေတဲ့ အလှူဖြစ်တဲ့သင်္ကန်းကို ဟောဒီက ကိုဇေရတုနဲ့ မမေစံပယ်ဖူးတို့ ဇနီးမောင်နှံက [illegible] သဒ္ဒါ ပေါက်လို့ လှူဒါန်းသည့်အတွက် ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းကြရပါစေဗျာ၊ သာဓု… သာဓု… သာဓု…'

မထင်မှတ်ဘဲ အလှူခံကြေငြာတဲ့ သူက သူထင်သလို မိုက်ကရိုဖုန်းနဲ့ အော်ပြောလိုက်တဲ့အဟုက် ကျွန်[illegible] မျက်နှာအကော် ပွသွားပါတယ်။

မေစံပယ်ဖူးခမျာလည်း ရှက်သွ[illegible] တည်း ဆိုက်ကားဂိတ်ရှေ့ကနေ လက်ဖက်[illegible] သွားပါ တယ်။

'အစ်ကို… အစ်ကို… ပွဲကုန်ပြီ၊ [illegible] ယောက်က လင်မယားမဟုတ်ဘူး၊ သူငယ်ချင်းတွေ [illegible]'



'ဟေ… ဟုတ်လား၊ နေ… နေ…'

မိုက်ကရိုဖုန်းကိုင်ပြီး အလှူခံသူက ကျွန်တော့်စကားကြောင့် ဖျံ့အားသင့်သွားရင်းက…

'ဟုတ်ကဲ့ခင်ဗျာ… ကျွန်တော် ကြေညာတာ မှားသွားလို့ပါ၊ ကိုဇေရတုနဲ့ မမေစံပယ်ဖူးတို့ လင်မယား မဟုတ်ကြပါဘူး၊ သူငယ်ချင်းတွေပါ၊ လင်မယားမဟုတ်တဲ့ သူငယ်

www.burmeseclassic.com



ချင်းတွေဖြစ်တဲ့ ကိုဇေရတုနဲ့ မမေစံပယ်ဖူး တို့ ကျွန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ ကျွန်တော်က ပြန်လည် ပြင်ဆင်ပြောပြီး ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်'

ပြဿနာကတော့ ရှာပတ်ပြီလို့။ ဆက်ပြီး ဒီဆိုက်ကားဂိတ်မှာနေလျှင် ထပ်ပြီး အလွဲတွေပေါ်လာမှာစိုးတဲ့အတွက် မေစံပယ်ဖူးတို့ရှိတဲ့ လက်ဖက်ရည်ဆိုင်ဆီကို ကျွန်တော်သွားလိုက်ပါတယ်။

ဆိုင်ထဲမှတော့ မေစံပယ်ဖူးကို သူ့ သူငယ်ချင်းမသုံးဦးက နောက်နေပါတယ်။ မေစံပယ်ဖူးကတော့ ရှက်နေလို့ ထင်ပါရဲ့ သူမထံမှ ဘာစကားသံကိုမှ မကြားရပါ။

'စန္ဒာဝင်း… နင် အလျော်ကောင်းလို့ ဒီလို ငါ့ခများ အပျိုဘဝကနေ အအိုဘဝရောက်ရတာ'

'ဖူးဖူး… ဘာလဲ၊ နင်က… ဇေရတုရောက်လာမှ အားကိုးရှိလို့ အခုမှ ပြန်ပြောတာပေါ့ ဟုတ်လား'

စန္ဒာဝင်းဆိုတဲ့ အမျိုးသမီးက မေစံပယ်ဖူးကို ပြန်ဘုတောပါတယ်။

'ကဲ… ကိုဇေရတု၊ ဒီနေ့… ရှင့်ရဲ့ မင်္ဂလာရှိတဲ့နေ့ ဖြစ်တဲ့အတွက် ကျွန်မတို့ကို ဒကာခံပေတော့'

မေစံပယ်ဖူးရဲ့ သူငယ်ချင်းမတစ်ဦးက ရယ်မောရင်းပြောပါတယ်။

'ရပါတယ်ဗျာ… စားကြပါ၊ ဒါမျိုးက… ကျွေးကောင်းပါတယ်'

'ဘာ… ကျွေးကောင်းတာလဲ၊ ဟွန်း… ခါးတို့လိုက်လို့'



ကျွန်တော့် စကားအဆုံး မေစံပယ်ဖူးက ကျွန်တော့်ကို မျက်စောင်းထိုးရင်းကနေ ပြောလိုက်ပါတယ်။

သူမထိုးလိုက်တဲ့ မျက်စောင်းက ကျွန်တော် ပြာမကျသွားပါ။ ဘာမင်တကာ လှပ်ဒေါသဖြစ်တဲ့ ပုံစံမျိုးနဲ့ထိုးလိုက်တဲ့ မျက်စောင်းဖြစ်နေလို့ပါ။

သေချာတာကတော့ ကျွန်တော့်ခများ တစ်ခါဖူးမှ ယခု ခံစားလိုက်ရတဲ့ ကြည်နူးမှုမျိုး ဆန့်ကျင်ဘက်လိင်တစ်ယောက်နှင့် ပတ်သက်ပြီး မခံစားဖူးလို့ပါ။

*

**အချစ်ဆိုတာ ဒါလား…**
**ချစ်တတ်သူများကို**
**မေးကြည့်ရပါဦးမယ်…**

*

*

'ဇေရတု… အဲဒါ အချစ်ပဲ၊ မင်းတစ်ခါက… ပြောခဲ့သလို မင်းရဲ့ ခန္ဓာကိုယ်ထဲမှာ အချစ်ကို ဖြစ်ပေါ်စေတဲ့ အိုက်ဆိုဒိုဇိုင်းဓာတ်တွေ တော်တော်ထွက်လာလို့ ဖြစ်ရမယ်'

လမ်းထိပ်က လက်ဖက်ရည်ဆိုင်က တိတ်ဆိတ်နေပေမယ့် လက်ဖက်ရည်ဆိုင်ရှေ့မှာတော့ ဆူညံနေပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဘုံကထိန်အလှူခံမဏ္ဍာပ်တွေဆီက ထွက်ပေါ်နေတဲ့ ဆောင်း

www.burmeseclassic.com

www.burmeseclassic.com



ဘောက်ထဲက အသံတွေကြောင့်ပါ။ မနက်ကဖြစ်တဲ့ကိစ္စကို ညရောက်တော့ စိန်လင်း၊ သန်းစိုးနဲ့ ကိုဂျာကြီးတို့ကို လက်ဖက်ရည်ဆိုင်မှာ ယခုလိုပြောပြဖြစ်တော့ သန်းစိုးက မှတ်ချက်ချပေးပါတယ်။

'ဖေရတု… မင်းက ငါနဲ့ သန်းစိုးနဲ့ကို ကျေးရူးတင်၊ ငါတို့ ကျောင်းမလာလို့ မင်း ဒီလို အခွင့်အရေးမျိုး ဖြစ်လာတာ၊ ငါတို့ဟာ… ကျေးရူးရှင်စစ်စစ်တွေလို ဖြစ်နေပြီ၊ ငါတို့… စေတနာ နားလည်ကွာ မမိုက်နဲ့'

စိန်လင်းက ကျွန်တော့် ကျောပြင်ကိုပုတ်ရင်းမှ ဆရာကြီး လေသံမျိုးနဲ့ ပြောလိုက်ပါတယ်။ ဒီကောင့်လေသံက နည်းနည်း တင်စီးသလိုပါပဲ။

'ပြောထားပေါ့ကွာ…တစ်နည်းမဟုတ် တစ်နည်းဖြစ်နေတာ ကိုး'

'ဒါနဲ့… နေပါဦး၊ ဖေရတု… မင်းကို ဂျာကြီးဆိုတဲ့ ငါမေးမယ်၊ အတွေ့အကြုံရင့်ကျက်တဲ့ လူတစ်ဦးက မေးတာလို့ သဘောထား'

ကိုဂျာကြီးကတော့ သူ့ဝသီအတိုင်း ဆရာကြီး ဝင်လုပ်ပြန်ပါတယ်။

'ဘာမေးမှာလဲ… ကိုဂျာကြီးရာ'

'မင်းက… အဲဒီ ရှော့ခ်ရှိပါတယ်ဆိုတဲ့ ကောင်မလေးကို ချစ်သွားပြီ မဟုတ်လား'

ထိုမေးခွန်းအတွက် ကျွန်တော် ဘယ်လိုပြန်ဖြေရမှန်းမသိ။

'အဲဒါတော့… တိတိကျကျ မပြောတတ်ဘူးဗျ'





'အေး… အဲဒါ မင်းက သူ့ကို ချစ်သွားလို့ပဲ၊ ဒီမှာ… အချစ်ဆိုတာပြောရခက်တယ်၊ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာလည်း ချစ်သွားတတ်တာပဲ၊ မင်းနဲ့…အဲဒီကောင်မလေးက မျက်စိတစ်မှိတ်လျှပ်တစ်ပြက်မှမဟုတ်တာ ဆိုတာကြာပြီပဲ၊ မင်း ချစ်သလားစကားလိုက်ပြော၊ အခြေအနေ ကောင်းနိုင်ပါတယ်၊ မင်းကို ဘာငြင်းစရာရှိလဲ'

'ကိုဂျာကြီး… လျှောက် မမြှောက်ပေးနဲ့၊ ဒီကောင်… မပြောရဲဘူး၊ တော်ကြာ ပြောပါပြီတဲ့ ဟိုက ဖါးရိုက်ရင် ဘယ်လိုလုပ်မလဲ'

သန်းစိုးက ကိုဂျာကြီးကို သတိပေးပါတယ်။

'သန်းစိုး… မင်း ညံ့လှချည်လား၊ အိုင်တီခေတ်ကြီးမှာ ရည်းစားစကား လူကိုယ်တိုင်မပြောရဲရင် ပ.ဒ်ီးဖုန်းနဲ့ဆက်ပြော၊ ဒါမှ မဟုတ် Chat Room ထဲကပြော၊ ဒါမှမဟုတ် Message ပို့ အများကြီးပဲဟာကွာ'

'ကိုဂျာကြီးကလည်း လူလချင်းတွေ့ပြီး ပြောတာကမှ ပိုရင်ခုန်ဖို့ကောင်းတာပေါ့'

'ဒါဆိုလည်း… စိန်လင်းရာ စကားလိုက်ပြောခိုင်းကွာ လက်ဖက်ရည်ဆိုင်စားပွဲဝိုင်းက စကားဝိုင်းကတော့ ကာသ

www.burmeseclassic.com



ကံရှင် ကျွန်တော့်အတွက် အချင်းချင်း ငြင်းခုံစကားနိုင်လုပွဲက စတင်နေပါပြီ။

'ဇေရတု… အချစ်နဲ့ ပတ်သက်ပြီး စကားကို ကြီးကြီးကျယ်ကျယ်တွေပြောတာ အခု… မင်းတွေ့ပြီ မဟုတ်လား၊ ဒီမှာ… အချစ်ကို မလှည့်ဖြားနဲ့ မင်း ပိုခံစားပြီး ဒုက္ခရောက်သွားမယ်၊ အချစ်ဟာ… ဘယ်လောက် နတ်ကြီးတယ် မှတ်လဲ'

'သန်းစိုး… မင်းပြောတာ ဂျာကြီးဆိုတဲ့ ငါ ထောက်ခံတယ်၊ ငါ့ဘဝရဲ့ချစ်ကိုယ်တွေ့ကာလမှာ ငါ အချစ်နတ်ဖမ်းစားခံရတာ၊ ဒီနေ့ အထိပါပဲကွာ… ချစ်သူနဲ့ ဝေးကွာခြင်းဟာ…'

'ကိုဂျာကြီးရာ… အရေးထဲ ကြော်ငြာလာထိုးနေသေးတယ်၊ ပြီးမှ… ခင်ဗျားရင်တွင်းဖြစ်တွေကို ဟောဟို အလှူခံမဏ္ဍာပ်ကနေပြီး တစ်ရပ်ကွက်လုံး ကြားအောင် အော်'

စိန်လင်းက ဝင်ပြီးပြောတော့မှ ကိုဂျာကြီး ငြိမ်သွားပါတယ်။ ကျန်သေးတဲ့ လက်ဖက်ရည်ကို ဆက်သောက်နေပါတယ်။

သူ့ဟာနဲ့သူတော့ ဟုတ်နေတာပါပဲ။ ကိုဂျာကြီးဆီက ဘာစကားသံမှ မကြားရတော့…

'ခင်တာမင်တာ သိပ်မကြာသေးတာတွေ ဘာတွေလုပ်မနေနဲ့ ဇေရတု၊ ဖူးဖူးကို… မင်းကြိုက်တယ် မဟုတ်လား၊ ဒါမျိုးက ရင်ခုန်သံ မြန်နေတုန်းပဲကောင်းတာ ဒီလောက်စွာတဲ့သူက မင်းနဲ့မှ ငြိမ်နေတာ အဲဒါ ဖူးစာပဲ'

စိန်လင်းက တက်ကြွတဲ့လေသံနဲ့ ကျွန်တော်ကို အားပေးနေပြန်ပါတယ်။



ကျွန်တော်ကတော့ ဘာမှတ်ချက်မှ မပေးဘဲ ကြယ်တွေစုံနေတဲ့ မိုးကောင်းကင်ကြီးကိုပဲ ကြည့်နေမိပါတယ်။ ကြယ်တွေစုံလို့လား မသိ ကောင်းကင်ကြီးက လှနေလို့…

■

www.burmeseclassic.com



ကိုယ့်နှလုံးသားကို
ကြိုးဖြည်လွှတ်လိုက်ပြီ...

## အခန်း(၁၁)

မေစံပယ်ဖူးကို သူငယ်ချင်းမတွေက ဘာစကားမှမပြောဘဲ အကဲခပ်နေတာ ဘာဖြစ်လို့လဲလို့ စိတ်ထဲ ဇဝေဇဝါတွေ ဖြစ်နေပါတယ်။

ဟုတ်တော့ မဟုတ်သေးပါဘူး။ ဘယ်နှယ့် သူတို့နဲ့ကိုယ်နဲ့က ဘာပြဿနာမှလည်းရှိတာ မဟုတ်ဘဲနဲ့ ကေ့္က တစ်ခုခုတော့ တစ်ခုခု ပါပဲ။

'နေကြပါဦး... နင်တို့က ငါ့ကို ဘာစကားမှမပြောဘဲ သုံးယောက်သား ဝိုင်းအကဲခပ်နေတာ ဘာသဘောလဲ၊ ပြောပါဦး'

မေစံပယ်ဖူးက မကျေနပ်တဲ့ လေသံမျိုးနဲ့ ပြောပါတယ်။

'အကြောင်းရှိလို့ပေါ့... အကြောင်းရှိလို့'

ခင်မာချိုက မေစံပယ်ဖူးကို မဲ့ကာရွဲ့ကာ ပုံစံမျိုးနဲ့ပြောလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်… ဦးဝင့်နောင်ဖူးရဲ့ သမီးရေ၊ ဘယ့်နှယ်… သူ့ဘာသာသူ သက်န်းလျှုတဲ့ကိစ္စ၊ ကိုယ်က ကိုယ်ဘာသာ ကိုယ်စားနေသောက်နေလျက်နဲ့ တစ်ဝက်လှူပါရစေ၊ ဘာနဲ့ ညာနဲ့သွားစတာ အလှူ ခံသမားက လင်မယားဆိုပြီး မှားကြေငြာ၊ အဲဒါကို အဲဒီနေ့ကတည်းက ငါတို့က အပြတ်ဝေဖန်ချင်တာ အပီဖွဲ့ချင်တာ ဇေရတုကို အားနာလို့'

သန္တာလင်းကလည်း အရင်ဘဝက ရန်ငြိုးရှိသလိုမျိုး စွဲချက်တွေ တင်ပါတယ်။

'အံမယ်… ဒါကို သင်းက ရှက်သလိုလို ဘာလိုလိုနဲ့ အကျေနပ်ကြီး ကျေနပ်နေတာ၊ ဖူးဖူး… နင်က ဇေရတုကို အနည်းနဲ့အများ စိတ်ဝင်စားနေပြီ ဇေရတုအတွက် နင်ရှော့ခ်ဖြစ်သွားတာ'

လာလာ ချည်သေးရဲ့ စန္ဒာဝင်းကလည်း လူကို တရားခံအလား လက်ညှိုးထိုးပြီး ပြောပြန်ပါတယ်။

'နင်တို့… သုံးယောက်က ပုံပြင်ထဲက မျက်မမြင်ပုဏ္ဏားတွေလို ငါ့ကို ဆင်လိုသဘောထားပြီး ကိုယ်သန်ရာကိုယ် ပြောနေကြတာပါလား၊ ကျွတ်… ကျွတ်… သနားစရာပါလားကွယ်'

မေစံပယ်ဖူးက သနားစရာပုံစံမျိုး သူငယ်ချင်းမသုံးဦးကို လှောင်လိုက်ပါတယ်။

'ဟဲ့… စကားလမ်းကြောင်း မလွှဲနဲ့၊ ကိုယ်သန်ရာကိုယ်ပြောတာ မဟုတ်ဘူး၊ မှန်တာကိုပြောတာ၊ နင်ဝန်ခံမှာလား၊ ဝန်မခံဘူးလား ငါတို့ကို အချစ်ဆိုတာ လှောင်အိမ်တွေ ဘာတွေလာလုပ်မနေနဲ့ပြော'

သန္တာလင်းက စိတ်မရှည့် အမူအရာမျိုးနဲ့ မေစံပယ်ဖူးရဲ့လက်ကို ကိုင်ပြီး မေးလိုက်ပါတယ်။



'အချစ်ဆိုတာဘာလဲ၊ ငါမသိဘူး၊ ဖြစ်သင့်ဖြစ်ထိုက် လုပ်သင့်လုပ်ထိုက်လို့ ဖြစ်မိသွားတာ လုပ်မိသွားတာလို့ပဲ ငါယူဆတယ်၊ အဲဒါဟာ အချစ်ဆိုရင်တော့ ငါလည်း မတတ်နိုင်ဘူး'

'ဒါဆို… ဖူးဖူး၊ ဟိုက… နင့်ကို ရည်းစားစကား လာပြောရင် နင် ချက်ခြင်း အဖြေပေးမှာပေါ့'

ခင်မာချိုက မေစံပယ်ဖူးစကားကြောင့် အံ့အားတသင့် မေးပါတယ်။

'အဖြေပေးချင်း မပေးချင်းက ဒီလောက်မဟုတ်ဘူး၊ တန်ဘိုးထားသလား မထားသလားဆိုတာ ချစ်ခြင်းမေတ္တာမှာ အရေးပါတယ်၊ တစ်ခဏပျော်ရွှင်မှုအတွက် မဟုတ်ဘူး၊ တစ်ဘဝတာ အေးမြမှုက ပိုအရေးကြီးတယ်၊ ဒီတော့… နင့်တို့စောင့်ကြည့်ပါ၊ ငါဟာ… ကိုယ်ကျင့်တရားပြည့်ဝတဲ့ မိဘနှစ်ပါးက မွေးဖွားလာတဲ့ သမီးပါ၊ ငါရဲ့… ဘဝခရီးဖော်ချစ်သူဟာ ငါ့အပေါ်တန်ဘိုးထားသူ၊ ငါကလည်း တန်ဘိုးထားရသူ၊ သူကလည်း စိတ်နေစိတ်သဘောထား ပြည့်ဝသူဖြစ်ရမယ်၊ မဖြစ်ရင်တော့ နေပလေ့စေ အိမ်နောက်ဖေးမှာ ငှက်ပျောတောစိုက်ပစ်လိုက်မယ်၊ ငါ့မှာ… အစီအစဉ်ရှိပါတယ်။

'သိပ်ပြတ်သားတဲ့… ဖူးဖူး၊ ရော့… ရေသောက်ဦး၊ မောနေမယ်'

စန္ဒာဝင်းက မေစံပယ်ဖူးကို ရေသန့်ဗူး ကမ်းပေးပါတယ်။ မေစံပယ်ဖူးလည်း ဘယ်ရမလဲ။ အဖုံးဖွင့်ပြီး တစ်ကျိုက်မော့သောက်လိုက်ပါတယ်။

*

www.burmeseclassic.com

www.burmeseclassic.com



**အချစ်ဆိုတာ**

**ကိုယ်သောက်တဲ့ ရေသန့်ဗူးထဲက ရေလို**

**မကြည်လင် မအေးမြဘူးလို့**

**ဘယ်သူ ပြောနိုင်မလဲ။**

*

ဒီနေ့ တော်တော့ကို မင်္ဂလာရှိလိုက်တာ။ တိုက်လည်း တိုက်ဆိုင်တယ်လို့ ကျွန်တော်က သန်းစိုးမသိအောင် အတန်းကနေ အသာလေးလစ်ထွက်လာပြီး မေစံပယ်ဖူးတို့ရှိတဲ့ စာသင်ဆောင်ဘက်ကို သွားမယ်။ အခြေအနေပေးရင် မေစံပယ်ဖူးကို ကင်တင်းမှာထိုင်ဖို့ ခေါ်မယ်။ တစ်သက်လုံး ကြိုးချည်ထားတဲ့ ကျွန်တော့် နှလုံးသားကို ကြိုးဖြည်ပြီး မေစံပယ်ဖူးကို ရင်ဖွင့်မယ်လို့ မချုပ်နိုင်သော ဆုံးဖြတ်ချက်တွေချရင်း ရဲဝံ့စွာလာခဲ့တာ…

ဟော… ကျွန်တော့်ရှေ့တည့်တည့်ကနေ မေစံပယ်ဖူးကလည်း လာနေလို့ပါ။ ခါတိုင်းဆို ကားပါလာတာ ဒီနေ့တော့ မေစံပယ်ဖူး ဘာကြောင့် ကားမယူလာသလဲ မသိ။ သူငယ်ချင်းမတွေလည်း မတွေ့ရ။

ဒါ… နတ်တွေကများ ဖန်တီးပေးသလား မသိပါ။

မေစံပယ်ဖူးက ကျွန်တော်ကို မြင်တော့ပြုံးပြပါတယ်။

လှလိုက်တဲ့အပြုံး။ ဒီအပြုံးကြောင့် ကျွန်တော့် နှလုံးသားကို ကြိုးဖြည်ခဲ့ရတာ။

'ဘယ်လဲ… ဇေရတု'



'ဖူးဖူးတို့… အဆောင်ဆီကို လာတာ'

'စိန်လင်းဆီလား…'

'မဟုတ်ဘူး… ဖူးဖူးဆီ ရည်ရွယ်ပြီးလာတာ'

'ဘာကိစ္စ…'

'လာပါ… ကင်တင်းမှာ သွားထိုင်ရအောင်'

'သွားလေ…'

ဤကဲ့သို့ အပြန်အလှန်စကားတွေနဲ့ 'အိုကေ' နေလို့ ကျွန်တော် ကိုယ့်ကိုကိုယ် သိပ်ဟုတ်နေပါလားဆိုပြီး ဘဝင်တောင်မြင့်နေသေး။

*

ဇန်ဒါရွက်တွေက လေအတိုက်မှာ လှုပ်ယမ်းနေပြီး မြေပြင်ပေါ်ကြွေကျနေပါတယ်။ ဟိုတစ်စ ဒီတစ်စနဲ့ ကင်တင်းက နေ့လည်ထမင်းစားချိန် မဟုတ်သေးတော့ လူရှင်းနေတယ်။

ကျွန်တော် ထိုင်နေကျ စားပွဲဝိုင်းမှာ ဖူးဖူးနဲ့ ကျွန်တော်ထိုင်ပါတယ်။ မှာစရာရှိတာတွေမှာပြီး ၁၂စကားမှမဆို ဖြစ်သေးပါ။ ဒီကြားထဲ ဖုန်းလာလို့ ဖူးဖူးက သူ့ဟမ်းဖုန်းကို ပိတ်လိုက်တယ်။

'ပြောပါဦး… ကျွန်မကို ရည်ရွယ်ပြီးလာတယ်ဆိုတာ ဘာကိစ္စလဲ'

မေစံပယ်ဖူးက မေးရိုးမေးနေကျ လေသံနဲ့ မေးပါတယ်။

'ဘယ်က… စပြောရမှန်းတောင် မသိဘူး၊ ဒါပေမယ့်… ပြောရမှာပဲ၊ ဖူးဖူးမှာ ချစ်သူရှိလား၊ အိမ်က… သဘောတူထားသူရှိလား'

www.burmeseclassic.com

www.burmeseclassic.com



မေစံပယ်ဖူးက ရယ်လိုက်ရင်း…

'အဲဒါတွေ… မရှိဘူးဆိုရင် ဧရတုက ရည်းစားစကားကို ပြောမယ်ဆိုပါတော့ ဟုတ်လား'

'ရည်းစားစကား မဟုတ်ပါဘူး ဖူးဖူး၊ ကျွန်တော်… တစ်ဘဝစာအတွက် ဖူးဖူးကို ကျွန်တော်တို့ ဘွဲ့တွေရ ကျောင်းပြီးရင် လက်ထပ်ချင်ပါတယ်၊ ကျွန်တော် မိဘမျိုးရိုးအကြောင်း စုံစမ်းနိုင်ပါတယ်၊ မထင်မှတ်ဘဲ ဆုံတာ မကြာပေမယ့် အဲဒါကို အခွင့်အရေးယူတာ မဟုတ်ပါဘူး'

ကျွန်တော့် စကားအဆုံး ဖူးဖူးက ကျွန်တော့်မျက်နှာကို ကြည့်လိုက်ပါတယ်။ သူ့အကြည့်က ကျွန်တော့်စကားကြောင့် ကျွန်တော့်ကို စိတ်ဆိုးတဲ့ အကြည့်တော့ မဟုတ်ပါ။

'ကျွန်မသိပါတယ်၊ တစ်ချိန်မှာ ဧရတုက ကျွန်မကို ဒီလိုစကားမျိုးပြောမယ်ဆိုတာ၊ မထင်မှတ်တဲ့ အဖြစ်အပျက်တွေက ဒီလိုတွန်းပို့လိုက်တာလေ၊ ကျွန်မအဖို့လည်းတော်တော်ထူးခြားတယ်၊ ကျွန်မဘဝမှာ တော်ရုံတန်ရုံ ယောကျ်ားလေး ကျွန်မအနားကပ်လို့ မရဘူး၊ ဒါကြောင့်… ကျွန်မကို ရှောင်ရှိတယ်လို့တောင် တံဆိပ်ကပ်ကြသေးတာ၊ ဧရတုနဲ့ကျတော့ ဘယ်လိုဖြစ်ကုန်မှန်းမသိဘူး၊ ဒါတွေ… ထားပါ၊ ကျွန်မ… ဆန္ဒတစ်ခုကို ရှင် လိုက်လျောနိုင်မလား'

'ဖူးဖူး… ဘာကို ဆိုလိုချက်တာလဲ'

'ကျွန်မကို… ဘဝခရီးဖော်အဖြစ် လက်တွဲမယ့်သူဟာ ကျွန်မကို တန်ဖိုးထားတဲ့သူဖြစ်ရမယ်၊ သူကလည်း တန်ဖိုးထားသလို ကျွန်မကလည်း သူ့ကိုတန်ဖိုးထားပြီး ကျွန်မဘဝကို ပုံအပ်ချင်တယ်၊ ဒီတော့… ဧရတုက ကျွန်မကို ဘယ်လောက်တန်ဖိုးထားသလဲ၊



ထားသလဲဆိုတာ သိရအောင် ဧရတုက မထင်မှတ်ဘဲ ကျွန်မ အံ့အားသင့်စရာ ငါးခုလုပ်ပြရမယ်၊ အဲ့ဒီလို… လုပ်ပြနိုင်မယ်ဆိုရင်တော့ ရှင် ကျွန်မကို တန်ဖိုးထားကြောင်း ကျွန်မအသိအမှတ်ပြုမယ်'

ကျွန်တော် ပြုံးလိုက်ပါတယ်။ ကျွန်တော် မြတ်နိုးပြီး ဘဝခရီးဖော်အဖြစ် လက်တွဲမယ့်သူက ကျွန်တော့်ကို စိန်ခေါ်ပြီလို့။

'ကျွန်တော့်ရဲ့… သိမ်းဆည်းထားတဲ့ နှလုံးသားကိုတောင် ဖူးဖူးအတွက် ကြိုးဖြည်လွှတ်လိုက်ပြီဆိုမှတော့ ကျန်တာတွေက ကျွန်တော် မလုပ်နိုင်တာ မရှိပါဘူး၊ နောက်ရက်တွေကစပြီး ဖူးဖူး စောင့်သာကြည့်ပေတော့၊ အံ့အားသင့်စရာ ငါးခုပြည့်ခဲ့ရင်တော့ ဖူးဖူးလက်ခံဖို့သာပြင်ပေတော့'

'အိုကေ… ဧရာ'

ကျွန်တော့် စကားအဆုံး မေစံပယ်ဖူးက ကျေနပ်တဲ့ပီတိအပြုံးမျိုးနဲ့ ပြုံးလိုက်ပါတယ်။

သေချာတာကတော့ အဲ့ဒီအပြုံးတွေ တစ်နေ့မှာတော့ ကျွန်တော့် လက်ဝယ်အပိုင် ရောက်ရှိလာတော့မယ်ဆိုတာပါပဲ။

*

ဒီကမ္ဘာကြီးမှာ ကျွန်တော့်လို အဖြစ်အပျက်မျိုးတွေ မည်မျှ မည်မျှတောင် ရှိလေပြီလဲကွယ်…

*

www.burmeseclassic.com

www.burmeseclassic.com



ကိုဂျာကြီးက ဒီနေ့ ကျွန်တော်နှင့် မေစံပယ်ဖူးတို့အကြောင်းကို နားထောင်ပြီး လေးလေးနက်နက် စဉ်းစားနေပါတယ်။ သန်းစိုးနဲ့ စိန်လင်းကတော့ ဘာထင်မြင်ချက်မှ မပေး…

'ဇေရတု… ဒါဆို ဖူးဖူးဆိုတဲ့ ကောင်မလေး အံ့အားသင့်အောင် မင်းဘယ်လို အကြောင်းအရာတွေကို ရှာမလဲ'

'ဒါများ… လွယ်လွယ်လေးပဲ ကိုဂျာကြီးရာ ဒီကောင့်မျက်နှာ အိုးမည်းသုတ်ပြီး ညဖက် ကောင်မလေးအပြင်ထွက်တဲ့အချိန် သရဲခြောက်ဗျာ'

စိန်လင်းက ကျွန်တော့်ကိုကြည့်ပြီး ပြောပါတယ်။

'စိန်လင်း… တကယ့်ထောင်တန်တဲ့ ကိစ္စ မင်းပေါ့အောင် မလုပ်နဲ့၊ ဒါ… ဇေရတုအတွက် သိပ်အရေးကြီးတယ်၊ ငါတို့ပါ ဝိုင်းစဉ်းစားပေးရမယ်'

ဒီတစ်ခါကျတော့ သန်းစိုးက တယ်ဟုတ်နေပါတယ်။ ကျွန်တော့်ဘက်က မခံမရပ်နိုင်တာတွေဘာတွေဖြစ်လို့…

'လူတော်တော်များများက Wonderful အံ့အားသင့်ဖွယ်ရာကိစ္စကို လျှောက်စဉ်းစားတာများတာ၊ ယုတ္တိဗေဒနည်းအရ ရိုးရိုးလေးတွေးကြည့်၊ အဲဒီလူတွေ ထင်ထားတဲ့ ရိုးရိုးလေးကိစ္စမှာ အံ့အားသင့်စရာတွေ အများကြီးရှိတယ်၊ အဲဒါကို… အကောင်အထည်ဖော်ရမယ်၊ အကူအညီလိုတဲ့အခါမှာသာ နှစ်ယောက် ငါ့ကို ကူညီဖို့အသင့်ပြင်'

'ကြိုက်ပြီ… ဇေရတု၊ ကူညီမယ်'

သန်းစိုးက လက်သီးဆုပ်ပြီး ကြိမ်းဝါးပါတယ်။ စိန်လင်းကတော့ တစ်ခုခု တွေးနေသလိုပါပဲ။

ကိုဂျာကြီးကတော့ သူလည်း ကျွန်တော် ဘယ်လိုစီစဉ်လေ




မလဲ သိပ်သိချင်နေပါတယ်။ သူတို့တောင် ဒီလိုဖြစ်နေရင် ကာယကံရှင် မေစံပယ်ဖူးကတော့ သေချာသမှ သိပ်သေချာ။ သူလည်း သိချင်နေမှာ အမှန်ပါပဲ။

■

www.burmeseclassic.com

www.burmeseclassic.com




## အခန်း(၁၂)

နေ့ကမေစံပယ်ဖူးတို့ ထိုင်နေတဲ့ အုတ်ခုံဘောင်တန်းလျားများမှာ မေစံပယ်ဖူးရဲ့ကားက ရပ်ထားတာဆိုတော့ ကွယ်ထားပေးသလို ဖြစ်နေပါတယ်။ ဒါကြောင့် မေစံပယ်ဖူးတို့ သူငယ်ချင်းတစ်သိုက် ကောင်းကောင်း လေပေးလို့ရနေတာပေါ့။

'ဖူးဖူးရယ်... နင်ကလည်း တစ်ခါတည်း အဖြေတန်းပေးလို့ ရသားနဲ့ နင်မကြိုက်တာလည်း မဟုတ်ဘဲနဲ့'

'မဟုတ်သေးဘူး... ခင်မာချိုရဲ့၊ ဖူးဖူးဒီလိုလုပ်တာ မှန်တယ်၊ ဟိုက... တကယ်တန်ဖိုးထားရင် လုပ်ပြနိုင်ရမှာပေါ့'

'စန္ဒာဝင်းပြောတာမှန်တယ်၊ ငါတို့က... ဘယ်လို အံ့အားသင့်အောင် ဇရေတုလုပ်ပြမလဲဆိုတာ စောင့်ကြည့်ဦးမယ်'

သန္တာလင်းက မေစံပယ်ဖူးဆီကနေ ဘာများပြောမလဲ။ မေစံပယ်ဖူးကို အကဲခပ်လိုက်ပါတယ်။ မေစံပယ်ဖူး အမူအရာကတော့ အေးအေးဆေးဆေးပါပဲ။

www.burmeseclassic.com



'လွယ်လွယ်ကူကူနဲ့ရတဲ့ ပစ္စည်းတစ်ခုကို တန်ဖိုးထားတဲ့သူ နည်းလိမ့်မယ်၊ ငါ့ တစ်ဘဝစာပေးရမယ့် ကိစ္စအတွက် ဇေရတုက ငါ အံ့အားသင့်မယ့် ကိစ္စငါးခု သူလုပ်ပြရမှာ သူ့အတွက် တန်ဖိုးရှိပါတယ်ဟာ'

သန္တာလင်းက မေစံပယ်ဖူးကို ကြည့်လိုက်ပြီး…

'ဖူးဖူး… နင် မှန်မှန်ပြောနော်၊ ဇေရတုကို နင် တကယ်ချစ်လား'

မေစံပယ်ဖူးက လက်ထဲမှာ ကိုင်ထားတဲ့ ရေသန့်ဘူးကိုကြည့်လိုက်ပါတယ်။ ရေက တစ်ဝက်ပဲရှိနေလို့…

'အဲဒီလို… နင် မေးတာကိုက မရိုးမိဘူးလား၊ ငါ့ကို… ယောကျ်ားလေးတွေက ချဉ်းကပ်ကြတယ်၊ သူတို့က…ငါ စိတ်ဝင်စားအောင် မလုပ်နိုင်ဘူး၊ ဇေရတုကျတော့… ဘယ်လိုမှ မမျှော်လင့်ထားတဲ့ပုံစံနဲ့ တွေ့ရတယ်၊ တွေ့ဆုံပုံတွေကလည်း မထင်မှတ်ထားတဲ့ဟာမျိုးတွေ၊ အဲဒီမှာ နင်တို့ပြောသလို Shock ဖြစ်သွားတာပဲ'

'ဟယ်… ဖူးဖူး၊ ဒါဆို… နင် ချစ်နေတာ သေချာသွားပြီ'

'အဲဒါလည်း… ကောင်းပါတယ်ဟယ်၊ ငါတို့… စုံစမ်းပြီးပြီ၊ ဇေရတုတို့က မျိုးကောင်းရိုးကောင်း ဝိုက်ဆံချမ်းသာတယ် တစ်ဦးတည်းသောသားပဲ၊ သဘောသိပ်ကောင်းတယ်တဲ့'

'ခင်မာချိုကော သန္တာလင်းကော ဘာမှမပြောမနေနဲ့၊ ဇေရတုက ဖူးဖူးကို ဘယ်လို အံ့အားသင့်အောင် လုပ်မလဲဆိုတာ ကြည့်ရဦးမယ်ဟေ့၊ စိတ်ဝင်စားမှုအရှိန်ကတော့ မြင့်လာပြီ'

စန္ဒာဝင်းက မေစံပယ်ဖူးလက်ထဲက ရေသန့်ဘူးကိုယူပြီး အဖုံးဖွင့်ကာ မော့သောက်လိုက်ပါတယ်။ ပြီးတော့ ကာယကံရှင် မေစံပယ်



ဖူးကိုရည်ရွယ်ပြီး စကားတွေပြောနေတာ လက်ပံပင်ဇရက်ကျသလိုပါပဲ။

*

သန်းစိုးနဲ့ ကျွန်တော် စာသင်ခန်းကနေ ထွက်လာတော့ အုတ်ခုံဘောင်တန်းလျှားမှာထိုင်ရင်း လေပစ်နေတဲ့ မေစံပယ်ဖူးတို့အုပ်စုကို မြင်ရပါတယ်။ နေထိုးလို့ထင်ပါရဲ့ ကားကိုရပ်ထားပြီး ထိုင်ပြီးတော့ကော လေကန်နေတာ ကျွန်တော်တို့နှစ်ယောက်ကို မမြင်…

ရုတ်ချည်းဆိုသလို ကျွန်တော် အကြံရသွားပါတယ်။

'သန်းစိုး… မေစံပယ်ဖူးတို့ ဟိုမှာထိုင်နေတာ တွေ့လားမင်းက သူတို့နဲ့ စကားတွေပြောရင်းက အာရုံက မင်းဆီရောက်အောင်လုပ် ငါ့ကိုတွေ့လားဆို မတွေ့ဘူးပြော၊ မင်း… စကားပြောလို့မှ သူတို့နဲ့ မလှမ်းမကမ်းနားက ငါ့ကိုစောင့်နေ သွား… သွား…'

'ဘာလုပ်ဖို့လဲကွာ… မင်းကလည်း'

'သွားမှာသာ သွားစမ်းပါ သန်းစိုးရာ'

သန်းစိုးက ကျွန်တော့်ရှေ့ကနေ ခပ်သုတ်သုတ်ထွက်သွားပါတယ်။ ဘယ်ရမလဲ ကျွန်တော်လည်း သန်းစိုးနဲ့အမြန် လမ်းခွဲလိုက်ပါတယ်။

*

'သန်းစိုး… ဘယ်လဲ၊ ဇေရတု… မပါဘူးလား'

မေစံပယ်ဖူးတို့ စကားပြောနေတဲ့အနား သန်းစိုးရောက်လာတော့ စန္ဒာဝင်းက လှမ်းမေးလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီကောင့်ကို လိုက်ရှာနေတာ၊ ဒီကောင်... စိန်လင်းဆီများ ရောက်နေသလားလို့'

'ဘာလဲ... လိုက်ပြီး သူများစိတ်မချမ်းသာအောင် ခါးလိုက် တို့မလို့လား'

အရေးထဲ ခင်မာချိုက အစဖော်ပေးလိုက်ပါတယ်။

'မတို့တော့ပါဘူးဟာ... ခါးတို့ဖို့လိုမှ မလိုတော့တာ၊ နောက် ဆို သူ့ကို ခါးတို့မယ်သူက ရှိလာတော့မှာလေ'

သန်းစိုးက မေစံပယ်ဖူးကို မျက်စပြစ်ပြပါတယ်။ မေစံပယ် ဖူးကို ခင်မာချို၊ စန္ဒာဝင်းနဲ့ သန္တာလင်းတို့က ကြည့်ပြီးရယ်လိုက်ပါ တယ်။

မေစံပယ်ဖူးကတော့ ရှက်သလို အမူအယာမျိုးနဲ့ ဖြစ်လို့နေ ပါတယ်။ သြော်... ချစ်တော့လည်း ရှက်တတ်လာပြီပေါ့လေ။

*

သန်းငြိမ်းတဲ့ သူငယ်ချင်း တကယ့်ကို လေပေးကောင်းတာ အခုကျွန်တော် ယုံသွားပါပြီ၊ သူက မေစံပယ်ဖူးအုပ်စုနဲ့ လေပေးနေ တုန်း ကျွန်တော်က မေစံပယ်ဖူးတို့ ကျောပေးထားတဲ့ ကားဘေးကို သွားလိုက်ပါတယ်။ ကားတံခါးကို ဖြည်းဖြည်းလေးဖွင့်လိုက်ပြီး ကား မှန်ကို တင်လိုက်ပါတယ်။ ပြီးတော့ ဆေးပင်နဲ့ ကားမှန်မှာ I Love You လို့ရေးပြီး ကားမှန်ကိုပြန်ချပြီး ကားတံခါးကို အသာပိတ်ပြီး အဲဒီနေရာကနေ အသားကုန် သုတ်ခြေတင်ပါတော့တယ်။

*



'ကဲ... ဒီမှာ ခင်ဗျားတို့တစ်တွေ လေကို အလကားရတိုင်း ပြောကြဦး၊ ဧရာတုကို... သွားရှာလိုက်ဦးမယ်'

'ဖူးဖူး... ခါး တကယ်တို့ဖို့ ကျင့်ထားသော့နော်၊ ဟဲ... ဟဲ...'

သန်းစိုးက မေစံပယ်ဖူးကို ကလိပြီး သူတို့နားကနေ ထွက် သွားပါတယ်၊

'ဖူးဖူး... ငါတို့စားဖို့ ကျိန်းသေသလောက်ကိုရှိပြီ၊ အင်း... နင်တော့... အိုရတော့မယ်'

ခင်မာချိုက ရယ်ကာမောကာနဲ့ ပြောလိုက်ပါတယ်။ မေစံ ပယ်ဖူးကတော့ ဘာမှမပြောဘဲ လက်ပတ်နာရီကို ကြည့်လိုက်တော့ မနေ့လည်နှစ်နာရီတောင် ရှိနေပါပြီ။

'ကဲ... သူများကို ပြောချင်တာတွေ ပြောလို့ဝပြီလား၊ ပြန် မယ်... အတန်းလည်း မရှိတော့ဘူး'

'အေးပါ... ဖူးဖူးရယ်၊ ဒီလို... ဟာမျိုးက နင်အိုသွားရင် ဒီလို အတင်းပြောနိုင်တော့မှာ မဟုတ်တော့ဘူးလေ'

'စန္ဒာဝင်း... နင်နော်၊ ကဲ... ကားပေါ်တက်ကြ သွားမယ်'

မေစံပယ်ဖူးက ထိုင်ရာမှထကာ ကားတံခါးကို ဆွဲဖွင့်လိုက် ပါတယ်။ ကျန်တဲ့ သူငယ်ချင်းမသုံးယောက်ကလည်း ကားနောက်ခန်း တံခါးဖွင့်ပြီး ကားထဲ ဝင်ထိုင်လိုက်ပါတယ်။ မေစံပယ်ဖူးက ကားကို ကွေ့ပြီး ဘွဲ့နှင်းသဘင် လမ်းမကြီးအတိုင်း မောင်းလာပါတယ်။

'ဖူးဖူး... အိုက်တယ်၊ ကားမှန်တွေတင်လိုက်မယ်၊ AirCon ဖွင့်လိုက်'

သန္တာလင်းက သူ့ဘေးနားက ကားမှန်တွေကို တင်လိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ စန္ဒလင်းကလည်း သူ့ဘေးနားက ကားမှန်ကို တင်လိုက်ပါတယ်။

မေစံပယ်ဖူးကလည်း Air Con ခလုတ်ကိုဖွင့်ပြီး သူ့ဘေးက ကားမှန်ကို တင်လိုက်ပါတယ်။ ကားမှန်ထဲမှာ မထင်မှတ်တာကိုတွေ့လိုက်ရလို့ အံ့အားသင့်သွားပါတယ်။

**I Love You**

'ဟယ်… ဖူးဖူး၊ ဒါ… ဇေရတု ရေးသွားတာဖြစ်မယ်'

'ဒါ… ငါတို့ သန်းစိုးနဲ့ လေပေးနေတုန်း ဇေရတုက ကား နောက်ကိုလာပြီး ရေးသွားတာ ဖြစ်မယ်'

'ဟုတ်တယ်… သန်းစိုးက ငါတို့ကို စကားရောဖောရောနဲ့ အကြောင်ရိုက်တုန်း ဇေရတုက အလစ်ဝင်ရေးသွားတာနေမှာ'

မေစံပယ်ဖူးက ကျေကျေနပ်နပ်ကြီးပြုံးနေပါတယ်။ တကယ့်ကို ဘယ်လိုမှ မထင်ထားတဲ့ အံ့အားသင့်စရာ အဖြစ်အပျက်တစ်ခု ဖြစ်နေလို့ပါ။ ရှေ့ကို ဘယ်လိုအံ့အားသင့်စရာတွေ ကြုံတွေ့ရဦးမလဲ မသိပါ။

*

ဒဂုံတက္ကသိုလ်ကျောင်း အဝင်ဝရှေ့က အပိုင်းကြီးနားမှာ မတ်တပ်ရပ်နေတဲ့ ကျွန်တော် မေစံပယ်ဖူးမောင်းလာတဲ့ ကားကို လှမ်းမြင်နေရပါတယ်။

'ဖြောင်း… ဖြောင်း…'

မေစံပယ်ဖူးမောင်းလာတဲ့ ကားက ကျွန်တော်အနား ရောက်လာခါနီးမှာ ကျွန်တော်က လက်ခုပ်တီးလိုက်ပါတယ်။



ကားက ကျွန်တော့်အနားမှာ ရပ်လိုက်ပါတယ်။ ကျွန်တော်က ကားမှန်ကို လက်ညှိုးထိုးပြလိုက်ပါတယ်။ ပြီးတော့ လက်မထောင်ပြလိုက်ပါတယ်။

မေစံပယ်ဖူးက မျက်စောင်းတစ်ချက်ထိုးပြီး ပြုံးပြီးတော့ ကား ကို မောင်းထွက်သွားတာ ကားနောက်ခန်းက သူ့သူငယ်ချင်းတွေက ရယ်သံတွေတောင်ကြားရပါတယ်။

ညရောက်မှပဲ မေစံပယ်ဖူးကို ဖုန်းဆက်ပြီး ဘယ်လိုအံ့အားတသင့် ခံစားရသလဲဆိုတာ မေးရပါဦးမယ်။

မထင်မှတ်ဘဲ ပထမတစ်ခုကတော့ ချောမွေ့အဆင်ပြေသွားပြီပေါ့လေ။


*

ကျွန်တော်ရဲ့ ဒိုင်ယာရီ စာမျက်နှာကို လှလှပပလေး ရေးခွဲနိုင်ပြီပေါ့နော်…

■

www.burmeseclassic.com

www.burmeseclassic.com




## အခန်း(၁၃)

သန်းစိုးရော စိန်လင်းအပြင် ကိုဂျာကြီးပါ လက်ထဲမှာကိုင်ထားတဲ့ စာရွက်တွေကြည့်ပြီး ကျွန်တော့်ကို အံ့အားတသင့် ဖြစ်နေပါတယ်။

'ဧရတု... ဒါတွေကိုင်ပြီး မင်း ဒီနေရာကို ခေါ်လာတာ ဘာလုပ်ဖို့လဲ၊ ကော်ဘူးတွေ ဘာတွေကောကွာ'

စိန်လင်းက စိတ်မရှည်သလိုလေသံနဲ့ မေးပါတယ်။ ကိုဂျာကြီးနဲ့ သန်းစိုးကတော့ ဟိုကြည့်ဒီကြည့် ကြည့်လို့နေပါတယ်။ ကျွန်တော်ကတော့ ညဆယ်နာရီကျော်ပြီဖြစ်လို့ လူသူအသွားလာရှင်းနေတာကိုပဲ ကျေးဇူးတင်နေမိပါတယ်။

ကားတံခါးကိုဖွင့်ပြီး ကားထဲကနေ ဆော့ပင်သုံးချောင်းကို ကျွန်တော်က ယူလိုက်ပါတယ်။ ပြီးတော့ ကိုဂျာကြီး၊ သန်းစိုးနဲ့ စိန်လင်းကို ပေးလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဓေရတုကတော့ လုပ်ချပြန်ပြီကွာ၊ ဒါတွေနဲ့… ဒီဆော့ပင် [illegible] ဘာလုပ်ဖို့လဲ'

ကိုဂျာကြီးက လက်ထဲမှာကိုင်ထားတဲ့ ဆော့ပင့်ကိုကြည့်ပြီး ဘာလုပ်ရမှန်းမသိလို့ မေးပြန်ပါတယ်။

'ဘာလုပ်ရမှာလဲ… ရေးရမှာပေါ့၊ ကိုဂျာကြီးကော သန်းစိုးကော စိန်လင်းပါ၊ ဆော့ပင်နဲ့ကိုင်ထားတဲ့ စာရွက်တွေမှာ I Love You လို့ အကုန်ရေး၊ ကြီးကြီးရေးနော် ပြီးရင် ခေတ်တိုင်တွေမှာ ကျူရှင်ကြော်ငြာ စာရွက်တွေကပ်သလို လိုက်ကပ်မယ်'

'ဓေရတုရာ… မင်း ဘာကြောင်ပြန်ပြီလဲ'

'သန်းစိုးရာ… လုပ်မှာသာ လုပ်စမ်းပါ၊ ဒါက… ဒုတိယ အံ့အားသင့်ဖို့ ကိစ္စပဲဟ'

'မင်းတော့… သွားပြီ၊ ဂေါက်ပြီ'

စိန်လင်းက ကျွန်တော့်ကို ဘုတောတောရင်းက ကားနောက်အဖုံးမှာ ဆော့ပင်နဲ့ ကျွန်တော်ပြောတာကို ရေးပါတော့တယ်။ ကိုဂျာကြီးနဲ့သန်းစိုးတို့လည်း စာရွက်တွေ တစ်ရွက်ပြီးတစ်ရွက် ရေးပါတယ်။

ဒီအချိန်မှာပဲ လက်နှိပ်ဓာတ်မီး တဝင်းဝင်းနဲ့ လူအချို့ ကျွန်တော်တို့ကားနား ရောက်လာပါတယ်။

'ဟေ့… ခဏရပ်စမ်း၊ ဘာတွေရေးနေတာလဲ၊ ဘာလို့ဆော်စာတွေ ရေးဖို့လဲ၊ ရပ်စမ်း'

ရပ်ကွက်လုံခြုံရေးအဖြစ် ယူဆလို့ရတဲ့ လူအချို့က ကျွန်တော်တို့လေးဦးကို ဝိုင်းလိုက်ပါတယ်။ အဲဒီထဲက တစ်ယောက်က မေးမြန်းတာပါ။



စိန်လင်း၊ သန်းစိုးနဲ့ ကိုဂျာကြီးတို့ကတော့ မျက်နှာအတော်ပျက်နေပါတယ်။ တစ်ခုခုတော့ ဖြစ်ပြီလို့ စိတ်ထဲမှာထင်နေကုန်ကြပါတယ်။

'I Love You တွေ ရေးထားပါလား၊ ဘာတွေလဲ'

တာဝန်ကျ လုံခြုံရေးသမားတစ်ဦးက ရေးထားတဲ့ စာရွက်တွေကို ကြည့်လိုက်ရင်းမှ အံ့အားတသင့် မေးလိုက်ပါတယ်။

'ဒါက… ဆပ်ပြာကြော်ငြာပါ၊ ကျွန်တော်တို့ ကုမ္ပဏီက ဖြန့်မှာ'

'ကြော်ငြာဆိုလည်း… ပုံနှိပ်ထားတာလည်း မဟုတ်ပါလား'

'ဟုတ်ကဲ့… အဲဒါက ရိုးလို့ပါ၊ ဒီလို… စာရွက်ပေါ်မှာ ဆော့ပင်နဲ့ ရေးတာက ဘယ်သူမှ မလုပ်သေးဘူး၊ အဲဒါ… အသစ်ပဲ၊ ပြီးတော့… ငွေကုန်ကြေးကျလည်း သက်သာတယ်လေ လူတွေက I Love You ဆိုတာ ဘာလဲ စဉ်းစားဖို့ပါ၊ စားသုံးသူကို ပဟေဠိလုပ်ထားတာ၊ တီဗွီကြော်ငြာဆိုပြီး အကွက်ဖမ်းထားတာ၊ အခု ဓာတ်တိုင်တွေမှာ လိုက်ကပ်မလို့'

မထူးတော့ဘူးဆိုပြီး ကျွန်တော်လည်း ပါးစပ်ထဲရှိတာ လျှောက်ပြောလိုက်ပါတယ်။

'တော်သေးတာပေါ့ကွာ… တို့က ဟိုးစာရွက်၊ ဒီစာရွက်တွေ လျှောက်ကပ်မှာမှတ်လို့၊ အေး… မင်းတို့ ဆပ်ပြာအသစ်ထွက်ရင်တော့ A-21 နဲ့ ဘယ်ဟာသာလဲ သုံးကြည့်ရဦးမယ်၊ လာဟေ့… သွားမယ်'

ရပ်ကွက်လုံခြုံရေးဥက္ကဋ္ဌဟု ထင်ရတဲ့ လူကြီးကပြောပြီး ကျွန်တော်တို့ အနားကနေ လုံခြုံရေးသမားတွေ ထွက်သွားကြပါတယ်။ ဒီတော့မှပဲ အားလုံး သက်ပြင်းချနိုင်ပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဇေရတု… ကံကောင်းလို့ပေါ့ကွာ၊ အားလုံး အချုပ်ထဲရောက် တော့မလို့၊ အမှုကြီးတယ်နော်၊ တော်သေးတာပေါ့ကွာ၊ ဆပ်ပြာ ကြော်ငြာ ဝင်ကယ်သွားလို့'

'သန်းစိုးပြောတာ ဟုတ်တယ်၊ ဘယ်နှယ့်ကွာ… ဇေရတု ငါ… ရင်တုန်တာ အခုထိ မပြေသေးဘူး'

ကိုဂျာကြီးက လက်တုန်ခြေတုန်ဖြစ်ရင်းမှ ကျွန်တော့်ကို ပြော ပါတယ်။

'ဇေရတု… မင်းကိစ္စ မြန်မြန်လုပ်ကွာ၊ ငါ… ကံဇာတာ မကောင်းဘူးထင်တယ်၊ လုပ်… လုပ်… တော်ကြာ ကိုယ့်ရပ်ကွက် လည်း မဟုတ်ဘူးနော်၊ ပြဿနာ ရှောခ်ရှိတယ်'

စိန်လင်းက ရေးထားတဲ့ စာရွက်တွေကို ထပ်လိုက်ပါတယ်။

'ကားထဲမှာ ကော်ဖူးရှိတယ်၊ ရှေ့နားက ဓာတ်တိုင်ကနေ စ,ကပ်မယ်၊ ဓာတ်တိုင်တစ်တိုင်ချင်း ကပ်နော်၊ ကဲ… စမယ်၊ ဒါ… အမှတ်တရပေါ့'

'ဇေရတု… မင်း အမှတ်တရကတော့ကွာ လက်ထိပ်စော်နံ တယ်ဟေ့'

အဲဒီနောက် ဓာတ်တိုင်တစ်တိုင်ချင်းစီ စာရွက်တွေကို ကျွန်တော်တို့ လေးဦးသား ကော်သုတ်လိုက် ကပ်လိုက်နှင့် အလုပ်ရှုပ် နေပါတော့တယ်။

*

ဒီနေ့ည ဖြစ်ပျက်ခဲ့တဲ့အဖြစ်တွေကို နောင်တစ်ချိန်ပြန်ပြော လျှင်တော့ အမှတ်တရညတစ်ည ဖြစ်လာမှာက သေချာပါတယ်။



ပြီးတော့ မနက်ရောက်လျှင်တော့ မေစံပယ်ဖူးအဖို့ ဘာဖြစ် လေမလဲ ကျွန်တော် စဉ်းစားရင်း ကြည်နူးနေမိပါတော့တယ်။

*

'ဖူးဖူးရေ… ဒီနေ့ ကျောင်းပိတ်တယ်၊ မာမီနဲ့ ဈေးလိုက်ခဲ့'

ခြံထဲမှာ အပင်တွေကို ရေလောင်းနေတဲ့ မေစံပယ်ဖူးကို ဒေါ်လေးလေးခင်က ဈေးဆွဲခြင်းဆွဲပြီး အိမ်ထဲက ထွက်လာရင်းပြော လိုက်ပါတယ်။

'လိုက်မယ်လေ… မာမီရဲ့'

မေစံပယ်ဖူးက ရေပိုက်ခေါင်းကို ပိတ်လိုက်ပြီး ပိုက်ကိုချ လိုက်တယ်။ ပြီးတော့ ဒေါ်လေးလေးခင် လက်ထဲကဆွဲခြင်းကို ယူ လိုက်ပါတယ်။ ဒေါ်လေးလေးခင်က ခြံတံခါးကို ပြန်စေ့လိုက်ပါ တယ်။

'မာမီ… ဘာချက်မှာလဲ'

'ငါးခြောက်ထောင်းကြော်မယ်၊ ပဲဟင်းချက်မယ်၊ သရက်ချဉ် သုပ်မယ်'

'အိုကေ… ဗွတ်ရှယ်ပဲ'

မေစံပယ်ဖူး ပျော်သွားပါတယ်။ ဒီနေ့ ချက်မယ့်ဟင်းတွေက သူကော ဒက်ဒီပါ သိပ်ကြိုက်တဲ့ ဟင်းတွေဖြစ်နေလို့ပါ။

အိမ်နဲ့ဈေးနဲ့က သိပ်မဝေးတာမို့ ဒီလိုပဲ ဈေးသွားတိုင်း ကျောင်းပိတ်ရက်ဆို ဒေါ်လေးလေးခင်နဲ့ ဈေးကိုလမ်းလျှောက်ပြီး လိုက်နေကျမို့ပါ။

*

www.burmeseclassic.com



'သမီးရေ… ခါတ်တိုင်တွေမှာ I Love You လို့ ကြော်ငြာတွေ ကပ်ထားပါလား၊ ဘာ… ကြော်ငြာတွေလဲကွယ်'

ကားလမ်းမကြီးပေါ် ရောက်ရောက်ချင်း ဒေါ်လေးလေးခင်က ဈေးဆွဲခြင်းဆွဲထားတဲ့ မေစံပယ်ဖူးကိုလက်ညှိုးညွှန်ပြလို့ မေစံပယ်ဖူး ကြည့်လိုက်တော့ ခါတ်တိုင်တွေမှာ I Love You ဆိုတဲ့ စာလုံးတွေကို စာရွက်မှာရေးပြီး ကပ်ထားတာကို တွေ့လိုက်ရပါတယ်။

ကြည်နူးကျေနပ်တဲ့ အပြုံးတွေနဲ့ မေစံပယ်ဖူးက ပြုံးလိုက်ပါတယ်။ ဒါကို ဒေါ်လေးလေးခင်က မြင်လိုက်ပါတယ်။

'သမီး… ဘာတွေ သဘောကျလို့ ပြုံးနေတာလဲ'

'ဩော်… အဲဒီကြော်ငြာတွေကို ဘာသဘောနဲ့ ရေးထားတာလဲလို့၊ ဘာကြော်ငြာမှန်းလဲမသိ ကြောင်တောင်တောင်နဲ့ အဲဒါကို တွေးမိလို့ပါ'

မေစံပယ်ဖူးက အလိုက်သင့် မုသာဝါဒ သုံးလိုက်ပါတယ်။

'ကဲ…ကဲ… သမီးရေ သွားရအောင်၊ ဘုန်းကြီးဆွမ်းလောင်းဖို့ အမိချက်ရဦးမှာ'

မေစံပယ်ဖူးကတော့ ဒေါ်လေးလေးခင်နဲ့ ယှဉ်တွဲလျှောက်ရင်းမှ ခါတ်တိုင်တွေမှာကပ်ထားတဲ့ I Love You ကြော်ငြာတွေကို ခိုးခိုးကြည့်နေမိပါတယ်။

*

ပလက်ဖောင်းဘေးက ကွမ်းယာဆိုင်နားမှာ ရပ်နေတဲ့ ကျွန်တော် မြင်ရနေရတာက မေစံပယ်ဖူးက ဈေးဆွဲခြင်းဆွဲပြီး ဘေးကပါလာတာ သူ့အမေဖြစ်မယ်ထင်ရဲ့။ ကျွန်တော်ရှိတဲ့နေရာဆီ မျက်နှာမူပြီး လာနေပါတယ်။ ကျွန်တော် ရပ်နေတာကို မတွေ့ဘူးထင်ပါရဲ့။



မေစံပယ်ဖူးရဲ့အကြည့်တွေက ခါတ်တိုင်တွေမှာ ကပ်ထားတဲ့ စာရွက်တွေကို မသိမသာ ခိုးကြည့်ရင်း ကျေနပ်တဲ့ အပြုံးမျိုးဖြစ်လို့နေတာ တွေ့ရပါတယ်။

ကျွန်တော်ရှိတဲ့နားကို မေစံပယ်ဖူးတို့ သားအမိ ရောက်လာပါတယ်။ မေစံပယ်ဖူးက မထင်မှတ်ဘဲ ကျွန်တော်ကိုမြင်လို့ အံ့အားသင့်သွားပုံ ရပါတယ်။

ကျွန်တော်က မေစံပယ်ဖူးမြင်အောင် လက်နှစ်ချောင်းထောင်ပြလိုက်ပါတယ်။ ဒါကို မေစံပယ်ဖူးက မျက်စောင်းတစ်ချက် မသိမသာထိုးလိုက်ရင်း ကျွန်တော်ရှေ့ကနေ ဖြတ်လျှောက်သွားပါတယ်။

ကျွန်တော်ရဲ့ Woderful Two ကတော့ မေစံပယ်ဖူးရဲ့ **Heart** ကို တန်းထိတာ သေချာပြီလို့။

*


ဒီအဖြစ်အပျက်ကို သူငယ်ချင်းတွေပြောပြတော့ **ညတုန်းက** အကြောင်းကို ပြန်ပြောရင်း ကျွန်တော့်ကို မေတ္တာအတုံးလိုက် **အတစ်**လိုက် ပို့ပါတော့တယ်။

ဒါတွေဟာ တစ်ချိန်တော့ ကျွန်တော့်ဘဝရဲ့ ဒိုင်ယာရီစာမျက်နှာ(၂)မှာ မပါမရှိ ပါမယ့် အကြောင်းအရာတွေပဲ ဖြစ်ပါလိမ့်မယ်လို့…

■

www.burmeseclassic.com

www.burmeseclassic.com




## အခန်း(၁၄)

ကင်တင်းစားသောက်ဆိုင်တစ်ခုလုံး အသံတွေက ဝုန်းဒိုင်းကြဲနေပါတယ်။ ကျွန်တော်နဲ့ သန်းစိုးတို့နှစ်ယောက် ဗိုက်ဆာတာကြောင့် စကားတောင်မပြောနိုင်ဘဲ အငမ်းအမ်းပေးနေမိပါတယ်။ သန်းစိုးဆို ထမင်းလိုက်ပွဲချည်း သုံးပန်းကန်တောင် ဖြစ်နေပါပြီ။

'ဇေရတု... စားပြီးရင် ဘယ်သွားမလဲ၊ အတန်းက ဒီနေ့နေ့လည် နှစ်နာရီမှ တစ်ချိန်ပဲရှိတော့တယ်'

သန်းစိုးက သွားကြားထိုးနေရင်းမှ ကျွန်တော့်ကို မေးပါတယ်။

'စိန်လင်းတို့ဘက်... သွားမယ်ကွာ'

'ဘာလဲ... မင်းက စိန်လင်းကို အကြောင်းပြပြီး ဖူးဖူးနဲ့တွေ့ချင်တာ မဟုတ်လား'

'မဟုတ်ပါဘူးကွာ... အရင်ကလည်း ငါတို့ ဒီလိုပဲ သွားနေကြတာ'

'ဒါနဲ့... မင်းနဲ့ဖူးဖူး ဒီရက်ထဲမှာ တွေ့ကြသေးလား'

www.burmeseclassic.com

www.burmeseclassic.com



'မတွေ့ပါဘူးကွာ… နောက်ထပ် အံ့သြစရာသုံးမျိုး ကျန်သေးတဲ့ဟာ'

'ဒါဆို… မင်း ဘယ်လို စဉ်းစားထားလဲ'

'ဖြစ်လာမှာပေါ့ကွာ… နေဦး၊ ပိုက်ဆံရှင်းဦးမယ်၊ ပြီးမှ… စိန်လင်းဆီသွားမယ်'

ကျွန်တော်က စားပွဲထိုးကိုခေါ်ပြီး ပိုက်ဆံရှင်းပေးပါတယ်။ ပြီးတော့ စိန်လင်းတို့ ဓာတုဗေဒဌာနစာသင်ဆောင်တွေရှိရာသို့ ထွက်လာခဲ့ပါတယ်။

*

စိန်လင်းက လှေကားနားက ကော်ရစ်ဒါထောင့်မှာထိုင်ရင်း သူ့သူငယ်ချင်းတွေနဲ့ စကားကောင်းနေတယ်။ အဲဒီနဲ့ မလှမ်းမကမ်းမှာက အမျိုးသမီးသန့်စင်ခန်း ရှိပါတယ်။ အဲဒီလှေကားနားနဲ့ မနီးမဝေးမှာ ကုလားမကြီးတစ်ယောက် သကြားလုံးချိုချဉ်၊ ကွာစေ့၊ ဓိးထုပ်တွေ ရောင်းနေပါတယ်။

'ဇေရတုနဲ့ သန်းစိုးပါလား၊ လာဟေ့…'

'ဟေ့ကောင်… ဇေရတု၊ စောစောကလေးတင် ဖူးဖူးတို့ အုပ်စု ကင်တင်းဖက် ထွက်သွားတယ်'

ရောက်ရောက်ချင်းဆိုသလို စိန်လင်းက ကျွန်တော့်နဲ့ သန်းစိုးကို သတင်းပေးပါတယ်။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်အနေအထားကို လေ့လာနေမိပါတယ်။ အတန်းထဲမှာ ကျောင်းသားကျောင်းသူအချို့ စကားကောင်းနေသလို မလှမ်းမကမ်း အမျိုးသမီးသန့်စင်ခန်းထဲကို ကျောင်းသူအချို့ ဝင်သွားတာလည်း မြင်တွေ့နေရပါတယ်။



ကျွန်တော် လက်ဖျောက်တစ်ချက် တီးလိုက်ပါတယ်။

'စိန်လင်း… မင်းရဲ့ စာသင်ခန်းထဲကနေ မြေဖြူခဲတစ်ချောင်းလောက် ယူပေးစမ်းပါကွာ'

'ဘာလုပ်ဖို့လဲ… ဇေရတုရာ မင်းက စားပြန်ပြီ'

'သွားယူမှာသာ ယူပါကွာ'

စိန်လင်းက ပါးစပ်ကနေ ဗျစ်တောက်ဗျစ်တောက်ပြောရင်း ထွက်သွားပါတယ်။ မကြာပါ။ လက်ထဲ မြေဖြူခဲတစ်ခဲကိုင်ပြီး ပြန်ရောက်လာပါတယ်။

'ရော့… မြေဖြူခဲ၊ ရှုပ်ကို ရှုပ်တယ်ကွာ၊ ဘာတွေမှန်း မသိဘူး'

ကျွန်တော်က စိန်လင်းလက်ထဲက မြေဖြူခဲကို ယူလိုက်ပြီး ဈေးရောင်းနေတဲ့ ကုလားမကြီးဆီ သွားပါတယ်။ ဒါကို စိန်လင်းနဲ့ သန်းစိုးတို့တစ်တွေက ကျွန်တော်ဘာလုပ်မလဲဆိုပြီး အကဲခပ်နေပါတယ်။

'ကောင်လေး… ဘာယူမှာလဲ၊ ယူလေ…'

ကုလားမကြီးက နေကြာစေ့ထုပ်၊ ဓိးထုပ်တွေကို စီနေရင်းမှ ကျွန်တော့်အား မေးလိုက်ပါတယ်။

'မဟုတ်ဘူး… အာမား၊ ဟောဒီ… မြေဖြူခဲနဲ့ အမျိုးသမီးအိမ်သာတွေရဲ့ နံရံတွေမှာ I Love You လို့ လိုက်ရေးပေးပါ'

'အာရေး… ကောင်လေး… နင်နော် ငါ ဒီမှာ ဈေးရောင်းတာ မကြည့်ချင်ဘူး ထင်တယ်၊ မလုပ်နဲ့… ကောင်လေး'

ကုလားမကြီးက အတင်းလက်ခါပြီးငြင်းပါတယ်။ ကျွန်တော်က အမျိုးသမီးသန့်စင်ခန်း လူဝင်လူထွက်အခြေအနေကို အကဲခတ်

www.burmeseclassic.com



လိုက်ရင်းက အိမ်ထဲက တစ်ထောင်တန်နှစ်ရွက် ထုတ်လိုက်ပါတယ်။

'အာမား… ဒီငွေနှစ်ထောင်ယူပြီး ရေးပေးပါ၊ ဘာမှ… မဖြစ်ပါဘူး'

'ကောင်လေး… ခက်တယ်နော်၊ နာ… စိတ်ညစ်တယ်၊ ပေး… ပေး…'

ကုလားမကြီးရဲ့မျက်နှာက ငွေနှစ်ထောင်ကြောင့် ရုတ်ချည်းဆိုသလို ပြောင်းသွားရင်းက ကျွန်တော့်လက်ထဲက မြေဖြူခဲကိုလည်း ယူ ငွေနှစ်ထောင်ကို ထဘီကြားထဲ ထိုးထည့်ပြီး ရောင်းနေတဲ့ ဈေးဗန်းနားကနေ အမျိုးသမီးသန့်စင်ခန်းထဲ ဝင်သွားပါတယ်။

ကျွန်တော့်မှာ ကုလားမကြီး ဈေးဗန်းကိုစောင့်နေရင်း ကျောင်းသူအချို့ နေကြာစေ့လာဝယ်လို့ ရောင်းလိုက်ရပါသေးတယ်…

'ကောင်လေး… အိမ်သာ လေးခုလုံးရဲ့ နံရံမှာ နာ ရေးပြီးပြီ'

'ရှော့… အာမား၊ စောစောက နေကြာစေ့လာဝယ်လို့ ရောင်းထားတာ ငွေနှစ်ရာ ကျေးဇူး၊ ကျေးဇူး'

ဈေးရောင်းတဲ့ ကုလားမကြီးအနားကနေ စိန်လင်းတို့ရှိရာ ကျွန်တော် ပြန်လာခဲ့ပါတယ်။

'ဇေရတု… မင်းက ဈေးရောင်းနေတဲ့ ကုလားမကြီးကို ဘာသွားမွေပြန်ပြီလဲကွာ'

'သန်းစိုး… မွေတာမဟုတ်ဘူး၊ Wonderful Three အတွက် လှုစားထိုးလိုက်တာ'

'ဘာ… လှုစားထိုးတာလဲ ဇေရတုရာ၊ ရှုပ်နေတာပဲ'

စိန်လင်းက ဘာမှ နားမလည်တဲ့ပုံစံနဲ့ သူ့ဆံပင်တွေ သူပြန်ပြီး လက်နဲ့ဖွလိုက်ပါတယ်။



'မိန်းမတွေဟာ… အပေါ့မသွား၊ အလေးမသွားဘဲနဲ့ မနေပါဘူးကွာ၊ ဒီတော့… ဖူးဖူးလည်း ဒီကိစ္စတွေနဲ့ ကင်းလို့မှမရတာ၊ ဒီတော့… အိမ်သာထဲ ဝင်လာလိုက်ရင် ငါ့ရဲ့ I Love You ကို တွေ့သွားပြီး ဟာ… ဟင်… ဖြစ်သွားမှာပေါ့ကွာ'

'ဟော့ကောင်… ဇေရတု၊ မင်းလေ… မင်း…'

စိန်လင်းက ကျွန်တော့်ကို လက်ညှိုးထိုးပြီး ပြောရင်းက ရယ်ပါတော့တယ်။

'မင်းရဲ့ Wonderful Three ကတော့ကွာ အိမ်သာထဲက I Love You ပဲဟေ့၊ ကုလားမကြီးက I Love You မရေးဘဲ ရေးချင်တာ ရေးရင်တော့ ပြီးပြီ'

'ဒါတော့… မပူနဲ့ သန်းစိုး၊ လာဘ်ငွေနှစ်ထောင် ချီးမြှင့်ထားတာ ငါ ယုံတယ်'

'ဒီလိုလား… ဇေရတု၊ ဒါဆို Wonderful Three အကြို အောင်မြင်မှုအနေနဲ့ လက်ဖက်ရည်တိုက်ပေတော့'

'အိုကေ… ချီတက်မယ်'

သန်းစိုးစကားကို စိန်လင်းက ထောက်ခံရင်း ဘေးနားက သူငယ်ချင်းတွေကိုပါ ခေါ်ကာ ကျွန်တော့်လက်ကိုဆွဲပြီး လက်ဖက်ရည်ဆိုင်သို့ ချီတက်ခဲ့ကြပါတော့တယ်။

အိမ်သာထဲက I Love You စာလုံးကို ကုလားမကြီး ဘယ်လိုများရေးသလဲ ကြည့်ချင်စိတ်တောင် ပေါက်သွားပါသေးရဲ့…

*

www.burmeseclassic.com

www.burmeseclassic.com



'ဖူးဖူး… အတန်းထဲ မဝင်နဲ့ဦး၊ အပေါ့လေး ဘာလေးသွား လိုက်ဦးမယ်၊ နင်တို့ကော… လိုက်ဦးမလား'

ကင်တင်းက ပြန်လာချင်း စန္ဒာဝင်းက အတန်းနားရောက်ခါနီးမှ ပြောလိုက်ပါတယ်။ ဒီလို အပေါ့သွားချင်တာ နည်းတောင်နည်းသေးတယ်။ ရေငတ်လို့ဆိုပြီး သံပုရည်ကို နှစ်ခွက်တောင် ဆင့်သောက်တာဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့'

'စန္ဒာဝင်း… ငါလည်း လိုက်မယ်၊ အတန်းက နှစ်ချိန်ဆက် ကျန်သေးတော့ တစ်ခါတည်း ကိစ္စရှင်းထားမယ်'

မေစံပယ်ဖူးက အိမ်သာထဲဝင်ခါနီး စန္ဒာဝင်းလက်ကို ဆွဲထားရင်းက အမျိုးသမီး သန့်စင်ခန်းထဲဝင်လာပါတယ်။

မေစံပယ်ဖူးက အိမ်သာတံခါးကိုဖွင့်ပြီး ပြန်ပိတ်လိုက်ရင်းက ဟိုဘက် ဒီဘက်နံရံမှာ မြေဖြူနဲ့ရေးထားတဲ့ စာလုံးလေးတွေကို မြင်လို့ လှမ်းဖတ်လိုက်တော့ I Love You စာလုံးတွေ ဖြစ်နေပါတယ်။

'ဖူးဖူးရေ… ငါ့ဘက်မှာ I Love You စာလုံးတွေ ရေးထားတယ်ဟေ့'

'ဒီဘက်မှာလည်း… I Love You ရေးထားတယ်'

ဟိုဘက်ကနေ စန္ဒာဝင်းက လှမ်းအော်ပြောရင်း အိမ်သာတံခါးဖွင့်ပြီး ပြန်ထွက်လာပါတယ်။ မေစံပယ်ဖူးလည်း လာရင်းကိစ္စကို မေ့ပြီး အိမ်သာတံခါးကို ဖွင့်ပြီး ပြန်ထွက်လာပြီး အမျိုးသမီးသန့်စင်ခန်း အပြင်ဘက်မှာရှိတဲ့ ခင်မာချိုနဲ့ သန္တာလင်းတို့ ရှိရာသို့လာခဲ့ပါတယ်။

'ခင်မာချိုနဲ့ သန္တာလင်း အိမ်သာတွေထဲမှာ I Love You စာလုံးတွေကို ဧရာတ ဘယ်လိုဝင်ရေးသွားလဲ မသိဘူး'

'ဟယ်… ဟုတ်လား'

'ဖူးဖူး… နင် အံ့သြဖို့လုပ်တာကတော့ နည်းနည်း ဆန်းနေပြီ ဟေ့'

သန္တာလင်းနဲ့ ခင်မာချိုက မေစံပယ်ဖူးကိုကြည့်ပြီး ပြောနေသမယ့် မေစံပယ်ဖူးကတော့ ဧရာတတစ်ယောက် ဘယ်လိုလုပ် အမျိုးသမီး အိမ်သာထဲဝင် ရေးသွားသလဲ မတွေးတတ်အောင် ဖြစ်နေပါတယ်။

'ကန်မလေးတွေ… ငါကြားတယ်၊ အိမ်သာထဲက စာကိုဖတ်ပြီး နင်တို့ ပြောနေတာ မဟုတ်လား၊ အဲ့ဒါ… နာရေးတာ၊ ဘာလဲ သိချင်ရင် ပြောရမှာပေါ့ ... တက်ရေးလှလို့လား၊ နင်တို့လို ကန်လေးတစ်ယောက်က I Love You စာလုံးကို အိမ်သာနံရံတွေမှာ ရေးပေးပါလို့ဆိုလို့ ငါ ငွေနှစ်ထောင်ယူလို့ မြေဖြူခဲနဲ့ရေးထားတာ လက်စသက်တော့ ကန်လေးက နင်တို့ကို စဖို့ရေးတာကိုး'

'ဘာ… ဒါ… အဒေါ်ကြီးရေးတာ ဖြစ်နေပါလား'


'ဧရာတ… ကောင်စုတ်၊ တော်တော် ဉာဏ်ပြေးတယ်'

အဖြစ်မှန်ကို ဈေးရောင်းနေတဲ့ ကုလားမကြီးက ဝင်ရှင်းပြသဖြင့် မေစံပယ်ဖူးမှလွဲပြီး ကျန်တဲ့ သူငယ်ချင်းမတွေက ပါးစပ်ကအမ်းပွစိဖြစ်ကုန်ပါတယ်။

မေစံပယ်ဖူးကတော့ ကြည့်နူးစွာပြုံးရင်းမှ နောက်ထပ် အံ့အားသင့်ဖို့ နှစ်ခုကျန်တာ ဧရာတ ဘာတွေများ ပွင်ဆင်လေမလဲဆိုတာ တွေးချင်ရာတွေးနေမိလို့ အပေါ့သွားချင်တာတောင် ဘယ်ပျောက်သွားမှန်းမသိ။

■

www.burmeseclassic.com




# အခန်း(၁၅)

စောင့်ရတာ နည်းနည်းတော့ စိတ်မရှည်ချင်သလို ဖြစ်လာပြီ။ သွားမယ်အရေး အခုထိ ခင်မာချိုနဲ့ သန္တာလင်းက အတန်းထဲက ထွက်မလာသေးဘူး။ စန္ဒာဝင်းမျက်နှာကလည်း ရှုပုတ်နေပြီ။ စန္ဒာဝင်းက သူ့ဆံပင်ဖြောင့်ချင်တယ်တဲ့။ မေစံပယ်ဖူးကလည်း သူဖြောင့်ထားတဲ့ ဆံပင်ထပ်ပြင်ရဦးမှာ အချိန်ပေးရမှာဆိုတော့ ကြာနေရင် မိုးချုပ်သွားမှာ။

'ဟော… ဟိုမှာ လာပြီ'

အတန်းထဲကနေ ခင်မာချိုနဲ့ သန္တာလင်းတို့ နှစ်ယောက်ပြေးထွက်လာတာ အတန်းထဲကို ဝင်လာတဲ့ ကျောင်းသားတစ်ယောက်နဲ့ ပုခုံးချင်း ယှဉ်တိုက်မိသွားပါတယ်။ နှစ်ယောက်အားကျတော့ အဲဒီကျောင်းသား နည်းနည်း အီဆိမ့်သွားလောက်တယ်။

'မျက်စိမမြင်ဘူးလား၊ တကယ်တည်း မိန်းကလေးတွေဖြစ်ပြီး၊ အား… နာလိုက်တာ'

ပုခုံးတိုက်ခံရတဲ့ ကျောင်းသားက နာနေတဲ့ပုခုံးကိုလက်နဲ့ဖိရင်း သန္တာလင်းနဲ့ ခင်မာချိုကို ဒေါသသံပါပါနဲ့ ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်သမထွက်နဲ့၊ ငါတို့က ဒီလောက်မဟုတ်ဘူး၊ ဖူးဖူးနဲ့ စန္ဒာဝင်းတ လောနေလို့ဟော့၊ ဆံပင်သွားဖြောင့်မလို့တဲ့ ဗိုလ်ချုပ်ဈေးက နတ်မိမယ်အလှပြင်ဆိုင်တဲ့ဟော့၊ ဒါကြောင့် မမီမှာစိုးလို့ ပြေးလာတာ၊ ခင်းတို့ထဲက အဲဒီဆိုင်တစ်ဆိုင်တည်း ရှိတာ ကျနေတာပဲ'

'သူတို့ဘာသာ သူတို့ ဆံပင်ဖြောင့်ဖြောင့် ကောက်ကောက် မျောက်စိလေး ဘာလေးက ဟိုဒီကြည့်'

ပခုံးချင်း ယှဉ်တိုက်ခံရတဲ့ ကျောင်းသားက အတန်းထဲမဝင်တော့ဘဲ အတန်းရှေ့ လှေကားနားက ကော်ရစ်ဒါထောင့်မှာထိုင်ရင်း သူ့ပုခုံးကို လက်နဲ့ ဖိနေပါတယ်။

'နင်တို့နှစ်ယောက်က ကိုယ့်အဖြစ်ကိုယ် မပြောဘဲ ငါတို့နှစ်ယောက် အလှပြင်ဆိုင်သွားပြီး ဆံပင်ဖြောင့်မယ်ကိစ္စ၊ ကြော်ငြာပေးသလိုဖြစ်နေပြီ၊ သွားမယ်… လာ'

မေစံပယ်ဖူးက အတန်းရှေ့ကနေ ခပ်သုတ်သုတ်နဲ့ ထွက်သွားပါတယ်။ ကျန်တဲ့ သူငယ်ချင်းမသုံးဦးလည်း နောက်ကနေ လိုက်သွားပါတယ်။

*

စိန်လင်းတစ်ယောက် ကော်ရစ်ဒါလက်ရမ်းပေါ်မှာထိုင်ရင်း မျက်နှာမသာမယာဖြစ်ပြီး ပုခုံးကို လက်နဲ့ဖိနေတဲ့ စန်းမြင့်ကိုမြင်ရလို့ ဒီကောင် ဘာဖြစ်တာလဲဆိုပြီး စိန်လင်းက စပ်စုပါတယ်။

'စန်းမြင့်ရာ… ဘာဖြစ်တာလဲ၊ မင်းမျက်နှာက နည်းနည်းတင်းနေသလိုပဲ'

'ဖြစ်တာတော့… မပြောနဲ့၊ အတန်းထဲက ဖူးဖူးတို့ လေးယောက်ထဲက ဟိုဟာမနှစ်ယောက်ပေါ့ကွာ၊ ဖူးဖူးနဲ့စန္ဒာဝင်း ဗိုလ်ချုပ်



ဈေးက နတ်မိမယ်အလှပြင်ဆိုင်မှာ သူတို့ဘာသာ သူတို့ ဆံပင်ဖြောင့်ဖို့သွားမယ့်ကိစ္စ ငါ့ကို ဝင်တိုက်တာ တော်တော်အီသွားတယ်၊ ဘယ်ရမလဲ၊ ငါပြောထည့်လိုက်တာပေါ့'

စိန်လင်းက စန်းမြင့်စကားကို နားထောင်နေရင်းမှ တစ်စုံတစ်ခုကို တွေးမိပြီး ပြုံးလိုက်ပါတယ်။

'ဟော့ကောင်… မင်း မှန်တယ်၊ ဒီတစ်ခါလာရင် ထပ်ပြောဦးကြားလား'

'ပြောမှာ…: ထပ်ကိုပြောဦးမှာ'

စန်းမြင့်က မကျေမနပ်ပြောရင်းက ကျန်ရစ်ခဲ့ပါတယ်။ စိန်လင်းက စန်းမြင့်နားကနေ ထွက်လာရင်း ဟမ်းဖုန်းဖွင့်နဲ့ ဧရာတု သိဖို့ ဖြစ်သမျှအကြောင်းကို သံတော်ဦးတင်ပါတော့တယ်။

*

'သန်းစိုး… ဆံပင်တွေ ဘာတွေ အလှပြင်တဲ့ပစ္စည်းတွေရောင်းတဲ့ဆိုင် ဘယ်မှာရှိသလဲ'

'ဘာလုပ်ဖို့လဲကွ…'

'ကိစ္စရှိလို့ပေါ့ကွာ…'

စိန်လင်းဆီက ဖုန်းထဲကနေ သတင်းရရချင်းမှာပဲ ကောက်ခါငင်ကာ ကျွန်တော်က မေးတာကို သန်းစိုးက နားမလည်သလိုဖြစ်သွားပါတယ်။

'အဲဒါတွေက… Super Market တွေမှာ ရှိတယ်'

'ဒါဆို… ယုဇနပလာဇာ အရင်သွားမယ်၊ ပြီးရင် ဗိုလ်ချုပ်ဈေးက နတ်မိမယ် အလှပြင်ဆိုင်သွားမယ်'

'ဘာတွေလဲကွာ…'

www.burmeseclassic.com

www.burmeseclassic.com



'Wonderful Four ပေါ့ကွာ'

သန်းစိုးလည်း ဘာမှ နားမလည်တဲ့ပုံစံနဲ့ ကျွန်တော့် ကားတံခါးကို ဆွဲဖွင့်ပြီး ရှေ့ခန်းမှာ ဝင်ထိုင်လိုက်ပါတယ်။

ကျွန်တော်လည်း ယုဇနပလာဇာဆီ ကားကို အမြန်မောင်းလာခဲ့ပါတယ်။

*

ယုဇနပလာဇာကနေ ဆံပင်အခြောက်ခံတဲ့ 'ဒြိုင်ယာ'က အလွယ်တကူပဲ ဝယ်လို့ရပါတယ်။ အဲဒီဒြိုင်ယာပေါ်မှာ I Love You စာလုံးရေးထားတဲ့ စာရွက်ကို တိတ်နဲ့ကပ်ပြီး 'ဒြိုင်ယာ'ကို ဘူးခွံ့ထဲ ပြန်ထည့်ပါတယ်။

ပြီးတော့ ဗိုလ်ချုပ်ဈေးက နတ်မိမယ်အလှပြင်ဆိုင် ရှိရာကို ထွက်လာပါတယ်။ ကားပါကင်မှာ ကားကိုရပ်ပြီး ဟိုဟိုဒီဒီ ကျွန်တော်က အကဲခပ်ကြည့်လိုက်ပါတယ်။ ကျွန်တော့်အနီးမှာ ကလေးငယ်တစ်ယောက်က သင်္ဘောသီးစိတ်ရောင်းနေပါတယ်။

'ကလေး… ဟောဒီဒြိုင်ယာဗူးလေးကို ဟောဟို အလှပြင်ဆိုင်ထဲမှာရှိတဲ့ ဖူးဖူးဆိုတဲ့အစ်မကို သွားပေးပါ၊ ဘယ်သူက ပေးခိုင်းတာလဲမေးရင် အစ်ကိုကြီးတစ်ယောက်က ပေးခိုင်းတာလို့၊ ဆံပင်အခြောက်ခံဖို့လို့ ရော့…'

ကျွန်တော်က သင်္ဘောသီးစိတ်ရောင်းနေတဲ့ ကလေးကို ငွေငါးရာတန် တစ်ရွက်ပေးပြီး ဒြိုင်ယာဗူးကို ပေးလိုက်ပါတယ်။

'ဦး… ဒီသင်္ဘောသီးဗန်းကို ကြည့်ထားပေးနော်'

ကလေးငယ်က နတ်မိမယ်အလှပြင်ဆိုင်ရှိရာသို့ ပြေးသွားပါတယ်။ ကျွန်တော်ကတော့ သင်္ဘောသီးဗန်းနားမှာ တစ်ယောက်တည်း



တော်တပ်ရပ်ကြည့်နေမိပါတယ်။ သန်းစိုးကတော့ ကားထဲမှာစောင့်ပြီး ကျန်ခဲ့လို့ မပါလာပါဘူး။

*

မေစံပယ်ဖူးကတော့ အချိန်မှီ အလှပြင်ဆိုင်ရောက်လာလို့ အလုပ်ရှုပ်နေပါတယ်။ စန္ဒာဝင်းကတော့ နဂိုကတည်းကမှ မွေးရာပါ ပါလာခဲ့တဲ့ သူ့မဆံပင်ကို အချိန်ပေးဖြောင့်ရမှာဆိုတော့ မေစံပယ်ဖူးက ထက်ပြီး စောင့်ပေးရမှာပေါ့။ ခင်မာချိုနဲ့ သန္တာလင်းကတော့ အခု ရောက်ဆို ဈေးကို ဘယ်နှစ်ပတ်လောက် ပတ်နေသလဲမသိ။

'ဒီအထဲမှာ… ဖူးဖူးဆိုတာ ဘယ်အစ်မကြီးလဲ'

'ဒီမှာ… ဒီမှာ… ဘာကိစ္စလဲ'

အလှပြင်ဆိုင်ထဲကို ကလေးငယ်တစ်ဦးက လက်ထဲမှာ ဗူးတစ်ဗူးကိုကိုင်ပြီး ဝင်လာရင်းကမေးလို့ မေစံပယ်ဖူးက ပြန်ဖြေလိုက်ပါတယ်။

'ဟောဒီ… ဗူးကို အစ်ကိုကြီးတစ်ယောက်က ပေးခိုင်းလိုက်လို့'

'ပြစမ်း… ပြစမ်း…'

မေစံပယ်ဖူးက ကလေးငယ်လက်ထဲက ဗူးကိုလှမ်းယူလိုက်ပါတယ်။ ကလေးငယ်က ဆိုင်ထဲကနေ ပြေးထွက်သွားပါတယ်။

'ဆံပင်အခြောက်ခံတဲ့ ဒြိုင်ယာပဲ စန္ဒာဝင်းရဲ့'

မေစံပယ်ဖူးက ဆံပင်ဖြောင့်ခံနေတဲ့ စန္ဒာဝင်းကိုပြောရင်း ဗူးခွံ့ကို ဖွင့်လိုက်ပါတယ်။ ပြီးတော့ ဒြိုင်ယာကို ဆွဲယူလိုက်ပါတယ်။ အနီရောင် ဒြိုင်ယာမှာ တိပ်နဲ့ကပ်ထားတာ ဘာပါလိမ့်လို့ ကြည့်လိုက်တော့ I Love You ဆိုတဲ့ စာသားကို တိတ်နဲ့ကပ်ထားလို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့·· ဘာလဲ'

စန္ဒာဝင်းက အတင်းလှမ်းမေးလို့ မေစံပယ်ဖူးက ဒိုင်ယာကို လှမ်းပေးလိုက်ပါတယ်။

'ဟယ်··· I Love You ပဲ၊ ဇေရတုက··· ငါတို့ ဒီမှာရှိတာ ဘယ်လို အစရသွားလဲ မသိဘူး'

စန္ဒာဝင်းက မေစံပယ်ဖူး လက်ထဲကဒိုင်ယာကို ပြန်ပေးလိုက်ပါတယ်။ မေစံပယ်ဖူးကတော့ ဒိုင်ယာပေါ်က စာသားကိုပြန်ဖတ်နေမိပါတယ်။

'ညီမတော့ အဆင်ပြေပြီ၊ အိမ်မှာ ဒီဒိုင်ယာနဲ့ ထပ်အခြောက်ခံလို့ ရတာပေါ့၊ ကေန္တ ညီမရဲ့လူက ပို့ပေးတာထင်တယ်၊ ဟုတ်လား'

အလှပြင်ဆိုင်မှ အလှပြင်ပေးတဲ့ အမျိုးသမီးက မေစံပယ်ဖူးကို ပြောလိုက်ပါတယ်။

'အစ်မရေ··· အစ်မ မသိဘူး၊ သူ့မှာ··· တစ်ခုပဲကျန်တော့တယ်၊ နောက်တစ်ခုပြီးရင် သူ အိုပြီ'

'ဟဲ့··· စန္ဒာဝင်း နင် ဘာတွေပြောနေတာလဲ'

ဘုမသိ ဘမသိမေးတဲ့စကားကို စန္ဒာဝင်းက မေစံပယ်ဖူးကို နောက်ပြီး ပြောလိုက်တာကို မေစံပယ်ဖူးက မကျေနပ်တဲ့ လေသံမျိုးနဲ့ ပြန်ပြောပါတယ်။ ပြီးတော့ ကြည့်မဝတဲ့ ပုံစံမျိုးနဲ့အနီရောင် ဒိုင်ယာကို ထပ်တလဲလဲ ကြည့်နေပါတယ်။ ဒိုင်ယာပေါ်မှာ တိတ်နဲ့ကပ်ထားတဲ့ I Love You ဆိုတဲ့ စာသားက သူ့ကိုရင်ခုန်အောင် လုပ်နေသလို ခံစားနေရပါတယ်။

ဒါကို ဆံပင်ဖြောင့်နေတဲ့ စန္ဒာဝင်းကလည်း မသိ။ ဈေးပတ်နေတဲ့ ခင်မာချိုနဲ့ သန္တာလင်းကလည်း မသိရေးချမသိ။

နည်းနည်းထက်ကိုပိုပြီး ဇေရတုကို လေးစားလို့တောင်လာဝါတယ်။ ဒီစကားကို သူငယ်ချင်းမတွေကို ပြောလို့ကတော့ ဒင်းတို့တစ်တွေ ကောင်းကောင်း ဝိုင်းနှက်မှာက ဗေဒင်မေးစရာမလို။



*

ကားထဲရောက်မှ ကျွန်တော် သက်ပြင်းချနိုင်တယ်။ ဒီလောက်ဆူနေတဲ့ ဗိုလ်ချုပ်ဈေးလို နေရာမျိုးမှာ ကားထဲမှာ သန်းစိုးတစ်ယောက် အိပ်နိုင်တာ ဩချပါရဲ့···

မထင်မှတ်ဘဲ အံ့အားသင့်စရာတစ်ခုက ပြီးမြောက်သွားတာမို့ နောက်တစ်ခုဆိုရင် ပွဲကပြီးပြီလို့။

ညရောက်မှပဲ စိန်လင်းကို ကောင်းကောင်းပြုစုရပြီးမယ်လို့။ သူ့ဆီက သတင်းအစနရလို့ ယခုလို လွယ်ကူချောမွေ့တာ။

ဒါမျိုးကျတော့ သူငယ်ချင်းက တော်သားလို့ စိတ်ထဲကနေ ကျေးဇူးတင်နေမိပါတယ်။


ဒီအချိန်မှာ မေစံပယ်ဖူးကတော့ ဘယ်လောက်အံ့အားသင့်နေသလဲလို့။

ကျွန်တော့်ကားထဲမှာတော့ သန်းစိုးက ဟောက်တော်မူနေတာ သဘော်ဥဩဆွဲနေသလိုပါပဲ။

ညက ရုပ်ကွက်မီးကင်းစောင့်လို့ အိပ်ရေးပျက်နေလေသလား မသိ။

■

www.burmeseclassic.com




## အခန်း(၁၆)

ဒီနေ့ နှစ်ယောက်တွဲ အမျိုးသမီးလှေကို လှော်ပြီး လှေကျင့်ရတာ မေစံပယ်ဖူး တော်တော်ပင်ပန်းသွားတယ်။ လေက ငြိမ်နေတော့ ပိုပြီး အားစိုက်ရတော့ တော်တော်ပင်ပန်းတာ။

ရန်ကုန်တက္ကသိုလ် လှေလှော်ရွက်တိုက်အသင်းမှာ အသင်းဝင်အဖြစ် မေစံပယ်ဖူးဝင်ထားတာ နှစ်နှစ်နီးပါးရှိပြီ။ အခုဆို တော်တော့်ကို ဟုတ်နေပြီ။

ငယ်ငယ်တုန်းက ရုပ်ရှင်တွေ၊ ‘နှ်းချိကားတွေ ဓာတ်ပုံတွေထဲမှာ လှေကလေးတွေမြင်ရရင် မေစံပယ်ဖူး ဘယ်လိုသဘောကျနေမှန်းမသိဘူး၊ ငယ်ဘဝ အိပ်မက်တွေထဲမှာ သင်္ဘောတွေကို မောင်းချင်သူဖြစ်ချင်တာ။ ကိုယ်က မိန်းကလေးဖြစ်တော့ ဘာမှလုပ်လို့မရ။

အခုတော့ သင်္ဘောမမောင်းရပေမယ့် ရန်ကုန်တက္ကသိုလ် လှေလှော်ရွက်တိုက်အသင်းမှာ အဖွဲ့ဝင်တစ်ဦးအနေနဲ့ တစ်ပတ်မှာ စနေ၊ တနင်္ဂနွေ လှေလှော်ရွက်တိုက် လှေကျင့်ရတော့ ကျန်းမာရေး အတော်ကောင်းလို့ နေပါတယ်။

www.burmeseclassic.com



သူငယ်ချင်းတွေကို အသင်းဝင်ပါလားပြောတော့ လေ့လော့်ရှုက်တိုက် အသင်းဝင်ရင် လက်မောင်းကြီးတွေ ကြီးလာရင် ကြိုက်သေ့်လူ မရှိမှဖြင့် ဒုက္ခရောက်ချည်ရဲ့လို့ပြောသူပြော၊ ရေကြောက်လို့တာလို့ ပြောသူကပြောနဲ့ သူငယ်ချင်းတွေမပါဘဲ မေစံပယ်ဖူး တစ်ယောက်တည်း စနေ၊ တနင်္ဂနွေနေ့ဆိုရင် လေ့ကျင့်နေကျဖြစ်လို့ နေပါတယ်။

*

အခုလည်း ညနေငါးနာရီခွဲခါနီးမှာ လေ့လော့်ချင်းကိစ္စပြီးလို့ မေစံပယ်ဖူး အင်္ကျီအဝတ်အစားလဲပြီး အအေးတောင်မသောက်တော့ဘဲ ကားကို ဂိတ်ပေါက်ဆီ ဖြည်းဖြည်း မောင်းလာခဲ့ပါတယ်။

*

ဒီနေကျမှ စီပွားရေးတက္ကသိုလ်ရှေ့ အင်းလျားလမ်းကနေ ကျွန်တော် ကားမောင်းလာခဲ့မိတယ်။ လှည်းတန်းမီးပွိုင့်ဘက်မှာက ရုံးပိတ်ရက် စနေတနင်္ဂနွေဆိုပေမယ့် ယာဉ်ကြောက ပိတ်နေပါတယ်။

ဒီအချိန်မှာလဲ လေ့လော့်ရှုက်တိုက် အသင်းဝင်းထဲကနေ ကားတစ်စီးထွက်လာတာ ကျွန်တော်က မျက်နှာချင်းဆိုင်ကနေ မောင်းလာတာဆိုတော့ မြင်လိုက်ပါတယ်။

ကားမောင်းနေသူကို သေသေချာချာ ကြည့်မိတော့ မေ



စံပယ်ဖူး ဖြစ်လို့နေပါတယ်။ မေစံပယ်ဖူးကတော့ ပတ်ဝန်းကျင်ကို အလေးမထားဘဲ ကားကို မောင်းသွားပါတယ်။

ဒီရန်ကုန်တက္ကသိုလ် လေ့လော့်ရှုက်တိုက်အသင်းမှာ ဘာလာလုပ်တာပါလဲ သိချင်သဖြင့် ကျွန်တော်က ကားကို ပြန်ကွေ့လိုက်ပြီး ရန်ကုန်တက္ကသိုလ် လေ့လော့်ရှုက်တိုက်အသင်းထဲ ကားကိုမောင်းဝင်လိုက်ပါတယ်။

ပြီးတော့ ရန်ကုန်တက္ကသိုလ် လေ့လော့်ရှုက်တိုက်အသင်း ရုံးခန်းရှေ့မှာ ကားကို ရပ်လိုက်ပါတယ်။

'ဒီလေ့လော့်အသင်းမှာ… အသင်းဝင်လို့ ရသလား'

ကျွန်တော်က ရုံးခန်းရှေ့က လူတစ်ယောက်ကို မေးလိုက်ပါတယ်။

'အသင်းဝင်ချင်ရင်… တနင်္လာနေ့မှာ လာစုံစမ်း ဒီနေ့ စနေကော၊ နက်ဖြန် တနင်္ဂနွေနေ့ပါ ရုံးပိတ်တယ်၊ အခု… လေ့လော့်လေ့ကျင့်နေတာက ကျောင်းသားတွေများတယ်၊ စနေ၊ တနင်္ဂနွေနှစ်ရက်တည်း'

'ဟုတ်ကဲ့… ဟုတ်ကဲ့…'

ကျွန်တော်က ခေါင်းညိတ်ပြပြီး ကားကိုမောင်းထွက်လာရင်းက တစ်စုံတစ်ခုကို သဘောပေါက်ပြီး ပြုံးလိုက်ပါတယ်။ အင်းလျားလမ်းဆုံနဲ့ ပြည်လမ်းဆုံ စီးပွားရေးတက္ကသိုလ်ထောင့် အစပ်နားက မီးပွိုင့်ကိုကျော်လာရင်း နောက်ပြန်လှည့်ကြည့်တော့ မီးပွိုင့်နားက ကြော်ငြာဆိုင်းဘုတ်ကြီးမှာ ဘာကြော်ငြာမှ မရှိဘဲ လွတ်နေပါတယ်။ ကြော်ငြာချင်ရင် ဆက်သွယ်ရမယ့် ဖုန်းနံပါတ်ကို ရေးထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဖုန်းနံပါတ်ကို အလွတ်ကျက်မှတ်လိုက်ရင်း ကားကို ရန်ကုန်မြို့ထဲ ပြန်လှည့်ကာ ကွန်ပျူတာနှင့် ဗီနိုင်းထုတ်ပေးသော ဆိုင်ဆီသို့ ကားကို အမြန်မောင်းနှင်လာခဲ့ပါတယ်။

*

'ဗီနိုင်း' ထုတ်နေတဲ့ ဆိုင်ရောက်တော့ စောစောက အလွတ်ကျက်ခဲ့တဲ့ ဖုန်းနံပါတ်ကို ဆက်ရင်း စီးပွားရေးတက္ကသိုလ် မီးပွိုင့်နားက ကြော်ငြာဆိုင်းဘုတ်နဲ့ အကျယ်အဝန်း ပမာဏကိုမေးပြီး ချက်ချင်းဆိုသလို လာခဲ့မည်ဖြစ်ကြောင်း၊ တစ်နေ့စာ ထိုလွှတ်နေသည့်ကြော်ငြာအတွက် ငွေကြေးမည်ရွေ့ မည်မျှပေးရမည်ကို ကျွန်တော်က မေးပါတယ်။

ဟိုက ဗီနိုင်းသာ ယူလာခဲ့ပါ။ နောက်မှ ဆွေးနွေးမည်ဟု ပြောတဲ့အတွက် သူတို့ လိုချင်တဲ့ ဗီနိုင်းအကျယ်ပမာဏ ရတဲ့အခါ ကျွန်တော်က ကြော်ငြာဝန်ဆောင်မှုကုမ္ပဏီဆီ ကားကို အမြန်မောင်းခဲ့ပါတယ်။

*

နောက်ဆုံးတော့ ကျွန်တော်ဖြစ်ချင်တဲ့ ကိစ္စအတွက် အဲဒီကြော်ငြာကုမ္ပဏီနဲ့ အဆင်ပြေခဲ့ပါတယ်။

*



အဲဒီ Wonderful Five သာ အောင်မြင်ရင် ကျွန်တော် ပွဲသိမ်းပါပြီ။

■

www.burmeseclassic.com

**ကိုယ်ရေးတဲ့**
**ကိုယ့် ရာဇဝင်မှာ**
**မင်းဟာ**
**ကိုယ့်ရဲ့သမိုင်း မှတ်တမ်းပဲ**

**(ဧရာ)**



# အခန်း(၁၇)

မေစံပယ်ဖူး ကားမောင်းနေရင်းက စဉ်းစားခန်း ဝင်နေတော်မူပါတယ်။ အဲဒါကတော့ ဧရတုတစ်ယောက် အုံအားသင့်စရာ အဖြစ်အပျက်တစ်ခုပဲ ကျန်နေတာ သူမ အုံအားသင့်ဖို့ ဧရတုက ဘယ်လိုလုပ်လေမလဲ ဆိုတာပါပဲ။

မေစံပယ်ဖူး အုံအားသင့်ဖို့ ဧရတုက မထင်မှတ်ဘဲ လုပ်ပြတာတွေကို ခံစားရင်း ဧရတုတစ်ယောက် သူ့အပေါ် တော်တော့်ကို တန်ဖိုးထားပါလားလို့ တွေးမိရင်း ကျေနပ်လို့မဆုံး။

မေစံပယ်ဖူး အုံအားသင့်ဖို့ ဧရတုက တစ်မျိုးပြီးတစ်မျိုး လုပ်ပြပေမယ့် ဖုန်းလည်းမဆက် လူချင်းလည်း စကားလာ မပြောတာကိုက သူ ကတိခံထားသောကိစ္စကြောင့် ဖြစ်ရလိမ့်မယ်လို့ မေစံပယ်ဖူး ထင်မိပါတယ်။

ဟော အခုလည်းကြည့် ရန်ကုန်တက္ကသိုလ် လှေလှော်အသင်း တိုက်အသင်းကို သွားပါမယ်ဆိုမှ အင်းလျားလမ်းနဲ့ စီးပွားရေး တက္ကသိုလ် မီးပွိုင့်ရှေ့အရောက် မီးနီမိလို့ ကားကိုရပ်လိုက်ရင်း အင်းလျား

www.burmeseclassic.com



တန်ဆောင်ရိုးဘက်အခြမ်းကို မေစံပယ်ဖူး ကြည့်မိလိုက်တော့ မီးပွိုင့်နားက ကြော်ငြာဆိုင်းဘုတ်ပေါ်မှာ စာလုံးအနီနဲ့ ပုံနှိပ်ထားတဲ့ ဗီနိုင်းကြော်ငြာဆိုင်းဘုတ်ကြီးကို တွေ့လိုက်ရပါတယ်။ စာလုံးတွေကို ဖတ်ကြည့်တော့…

I Love You ဖြစ်လို့နေပါတယ်။ ကြည့်မဝ ဖတ်မဝဖြစ်နေတုန်း နောက်ကားတွေက မီးစိမ်းလို့ ဟွန်းတီးတော့မှ မေစံပယ်ဖူး ကားကို ကွေ့လိုက်ပါတယ်။ အဲဒီကြော်ငြာဆိုင်းဘုတ်ထဲက စာသားတွေက သူမကို ရည်ရွယ်တယ်ဆိုတာ အဲဒီကြော်ငြာဆိုင်းဘုတ် ဖတ်မိသူတွေက သိမှာမဟုတ်ဘဲ ဘာကြော်ငြာထားတာလဲဆိုပြီး ခေါင်းစားမှာက သေချာပါတယ်။

မေစံပယ်ဖူးကတော့ ကျေနပ်တဲ့ ပီတိတွေနဲ့ ကားကို ဆက်မောင်းလာရင်း ရန်ကုန်တက္ကသိုလ်လေ့လော့်ရှက်တိုက် အသင်းဂိတ်တံခါးဝနားရောက်တော့ မထင်မှတ်ဘဲ တွေ့ရတာက…

*

'ဖူးဖူး… ကားတံခါးဖွင့်ပေး၊ ဖူးဖူး အုံ့အားသင့်ချင်တဲ့ ငါးခုသိရပြီနော်၊ ဒီနေ့… လှေမလှော်နဲ့နော်'

'ဇေရတု… လူဆိုး'

ကျွန်တော်က အဲဒီလိုပြောတော့ မေစံပယ်ဖူးက ကားတံခါးကိုဖွင့်ပေးရင်းက ကျွန်တော့်ကို မျက်စောင်းထိုးလိုက်ပြီး ကားကိုမကွေ့ဘဲ အင်းလျားလမ်းအတိုင်း မောင်းလာခဲ့ပါတယ်။

'ဖူးဖူး… အံ့အားသင့်စရာငါးခု ကျွန်တော်လုပ်ပြပြီးပြီနော်၊ ကဲ… အဖြေပေးတော့'



ကျွန်တော်က မေစံပယ်ဖူးကိုမေးတော့ မေစံပယ်ဖူးက ကားကို ဆက်မောင်းရင်းက…

'သိပ်တော်တယ်ပေါ့၊ ဒီတော့လည်း ကျွန်မက ဂုဏ်ပြုပေးရမှာပေါ့'

မီးပွိုင့်မိလို့ မေစံပယ်ဖူးက ကားကို ရပ်လိုက်ပါတယ်။ ကျွန်တော်ကတော့ မေစံပယ်ဖူး ဘယ်လိုဂုဏ်ပြုမလဲဆိုတာကိုလျှောက်တွေးနေမိလို့ စကားတောင် ပြန်မပြောဖြစ်ပါ။

'မဇ္ဈတာဂစ်တာမှာ ဇေရတုကို ကော်ဖီကောင်းကောင်းတိုက်ပြီး ဂုဏ်ပြုမှာနော်၊ မုန့်ပါ ပါဦးမှာ'

'ကောင်းလင့်တည်း၊ ကောင်းလင့်တည်းပါပဲ ဖူးဖူး'

မီးစိမ်းလို့ ကားမောင်းထွက်ထွက်ချင်းမှာပဲ မေစံပယ်ဖူးက ကျွန်တော့်ကို ပြောလို့ ကျွန်တော်က ပြန်နောက်လိုက်ပါတယ်။

မေစံပယ်ဖူးကတော့ ကျွန်တော့်စကားကို သဘောကျလို့လားမသိ ရယ်မောပါတယ်။

ဩော်… မိန်းမတွေများ လှအောင် တော်တော်ရယ်တတ်ပါလားလို့။

*

'နက်ဖြန် ကျောင်းမှာ အတန်းချိန်ပြီးရင် ကင်တင်းမှာစောင့်နေ၊ ကျွန်မ ရှင့်ကို လက်ဆောင်တစ်ခု ဂုဏ်ပြုချီးမြှင့်လိုက်မယ် အဲဒါ ကျွန်မရဲ့အဖြေပဲ'

ဆရာစံလမ်းက မဇ္ဈတာဂစ်တာကဖေးဆိုင်ထဲမှာ မီးကမှိန်ပျပျလေး ထွန်းလင်းနေပြီး သီချင်းသံက တိုးညှင်းစွာ ပျံ့လွင့်နေပါတယ်။

www.burmeseclassic.com



'အခုပေးလည်း ရတာပဲ ဖူးဖူးရယ်'

ကျွန်တော်က ကော်ဖီခွက်ကို လက်မှာကိုင်ရင်းက မေးပါတယ်။

'ဘာဖြစ်လို့ အဲဒီလောက် လောရတာလဲ ဇေရတုရယ်၊ နည်းနည်းတော့ စောင့်ဦးပေါ့၊ မမောဘူးလား၊ ကျွန်မ အံ့အားသင့်ဖို့ ရှင့်မှာ ငါးမျိုးတောင် လုပ်ရတာ၊ နားပါဦး'

အရေးထဲ မေစံပယ်ဖူးက မျက်နှာချင်းဆိုင်ထိုင် ကျွန်တော့်ကို ကလိလိုက်ပါသေးရဲ့။ ကျွန်တော့်မှာသာ အောင့်သီးအောင့်သက်နဲ့ ခံစားလိုက်ရလို့ ဘာပြောရမှန်း မသိတော့။

'ဇေရတု ဘယ်လိုဖြစ်လို့ ငြိမ်သွားတာလဲ၊ သောက်မှာသာ ကော်ဖီကို ကုန်အောင်သောက်စမ်းပါ၊ တကတည်းမှပဲ'

မေစံပယ်ဖူးက ဘယ်လိုမှ မခံစားရတဲ့ ပုံစံမျိုးနဲ့ ရယ်ကာမောကာ ပြောနေပေမယ့် ကျွန်တော်ကတော့ မေစံပယ်ဖူးတစ်ယောက် ကျွန်တော့်ကို သူ့ရှော့ခ်ထဲဝင်အောင် လှည့်စားနေလေသလား တွေးမိတွေးရာ ထင်မိထင်ရာ လျှောက်စားနေမိပါတယ်။

'နက်ဖြန်နော်၊ နက်ဖြန်ကို ဆက်ဆက်စောင့်'

မေစံပယ်ဖူးနဲ့ ကျွန်တော် ကော်ဖီသောက်ပြီးသွားတော့ မေစံပယ်ဖူးက ကျသင့်ငွေကို ရှင်းပြီး ထိုင်ရာမှ ထလိုက်ပါတယ်။

'ဪ… ဇေရတု၊ ကားမပါတော့ တက္ကစီသာ ငှားသွားတော့နော်၊ Bye Bye'

မေစံပယ်ဖူးက ကျွန်တော့်ကို လက်ပြနှုတ်ဆက်ပြီး ဆိုင်ထဲက ထွက်သွားပါတယ်။ ကျွန်တော့်မှာ ထိုင်လက်စနဲ့ မေစံပယ်ဖူးရဲ့ အပြုအမူကို ဘယ်လို နားလည်ရမှန်းမသိ ဖြစ်သွားပါတယ်။



မတတ်နိုင်ပါ။ နက်ဖြန်ခါမှာ မေစံပယ်ဖူးပေးမယ့်လက်ဆောင်ကို ကျွန်တော့်မှာ ယူရုံသာ ရှိပါတော့တယ်။

*

'ဇေရတု မင်းရဲ့ ဖူးဖူးက ဘာအထာလဲကွ၊ သူ အံ့အားသင့်အောင်လို့လည်း လုပ်ပြရသေးတယ်၊ သူက ပြန်ပြီး ပဟေဠိဝှက်နေသေးတယ်၊ ဘာတွေလဲကွာ'

ကင်တင်းမှာ ကျွန်တော်ရယ်၊ သန်းစိုးရယ်၊ စိန်လင်းရယ် လက်ဖက်ရည်သောက်နေရင်းက ကျွန်တော့်မှာ မေစံပယ်ဖူး ယူလာပေးမယ့် လက်ဆောင်ကို မျှော်နေတုန်း သန်းစိုးက မကျေနပ်တဲ့လေသံနဲ့ ပြောပါတယ်။

'ဇေရတု မင်းနော်၊ သူ့ရဲ့ ရှော့ခ်ထဲ ဝင်ပြီထင်တယ်၊ ဟိုက မင်းကို ပညာပေးတာပဲဖြစ်ရမယ်'

စိန်လင်းက ကျွန်တော့်ကို ပြောရင်းမှ ထိုင်နေတဲ့နေရာကနေ လမ်းမဘက်ကို ကြည့်နေပါတယ်။

အဲဒီအချိန်မှာပဲ မေစံပယ်ဖူး မောင်းလာတဲ့ကားက ကင်တင်းနဲ့ မလှမ်းမကမ်းမှာရှိတဲ့ သစ်ပင်အောက်မှာ ရပ်လိုက်ပါတယ်။

ကျွန်တော့်ရင်တွေ ခုန်သွားပါတယ်။

မေစံပယ်ဖူးက ကားတံခါးကို ဆွဲဖွင့်ပြီး ဆင်းလာရင်း ကျွန်တော်တို့ရှိတဲ့ စားပွဲဝိုင်းရှိရာကို ရောက်လာတယ်။

'ဇေရတု ကားထဲမှာ လက်ဆောင်ပစ္စည်းပါလာတယ်၊ ရှင်တစ်ယောက်တည်း နိုင်မှာမဟုတ်ဘူး၊ သူငယ်ချင်းတွေပါ ကူသယ်ဖို့ ခေါ်လိုက်ဦး'

www.burmeseclassic.com

www.burmeseclassic.com



'ဩော်… ဟုတ်ကဲ့၊ ဟုတ်ကဲ့'

မေစံပယ်ဖူးက ကားနောက်ခန်းတံခါးကို သွားဖွင့်ပါတယ်။

'ကဲ… လုပ်အားပေး မုန့်ဟင်းခါးစားဟေ့'

စိန်လင်းနဲ့ သန်းစိုးက ကျွန်တော့်စကားအဆုံး မျက်နှာက မကြည်မသာပုံစံမျိုးနဲ့ ကျွန်တော်နဲ့အတူ မေစံပယ်ဖူးရှိတဲ့ ကားနားကို လိုက်လာပါတယ်။

'ဟောဒါ ဧရာတုကိုပေးမယ့် လက်ဆောင်လေ'

ကားထဲကို မေစံပယ်ဖူးက လက်ညှိုးညွှန်ပြလို့ ကြည့်လိုက်တော့ 'ဆမ်ဆောင်း'တီဗီပုံးကြီး ဖြစ်နေပါတယ်။

'ဒီ ဆမ်ဆောင်းတီဗီက လက်ဆောင်၊ ဟုတ်လား'

မေစံပယ်ဖူးက ဘာမှမပြောဘဲ ခေါင်းညိတ်ပြရင်း…

'ကဲပါ… သယ်မှာသာ သယ်သွားပါ'

'စိန်လင်းနဲ့ သန်းစိုး ကူသယ်ဦးဟေ့'

ကျွန်တော်က ကားထဲက တီဗီပုံးကြီးကို ဆွဲမရင်းက ပြောလိုက်တဲ့အခါ စိန်လင်းနဲ့ သန်းစိုးကလည်း ဝိုင်းမလိုက်ပါတယ်။ ဒဂုံတက္ကသိုလ်ထဲမှာ ကျွန်တော်တို့ မြင်ကွင်းက ထူးခြားနေလို့ တခြားကျောင်းသားတွေကတောင် ဝိုင်းကြည့်နေကြပါတယ်။

'ကင်တင်းကို သယ်သွားပြီး ဖွင့်ကြည့်ချင်တဲ့နေရာမှာ ဖွင့်ကြည့်၊ အဲဒါ ဧရာတုအတွက် ကျွန်မရဲ့ အဖြေလက်ဆောင်ပဲ၊ သွားပြီ'

မေစံပယ်ဖူးက ရယ်ကာမောကာနဲ့ ပြောရင်းက တီဗီပုံးကြီးကို သုံးယောက်သား သယ်ထားတဲ့နေရာကနေ ကားမောင်းထွက်သွားပါတယ်။

ကျွန်တော်တို့သုံးယောက်သားခမျာ တီဗီပုံးကြီးကို ကျွန်တော်တို့ ထိုင်နေတဲ့ လက်ဖက်ရည်ဆိုင်စားပွဲဝိုင်းဆီသို့ သယ်လာခဲ့ပါတယ်။



'ဧရာတု မင်းရဲ့ ဖူးဖူးက ဘာလုပ်တာလဲကွ၊ ဒီတီဗီကို ဘာလုပ်ရမှာလဲ၊ မင်းအိမ်မှာ မရှိတာကျနေတာပဲ'

'ဟုတ်တယ် စိန်လင်း၊ ဘာသဘောလဲကွ၊ တကတည်းမှပဲ၊ ရူးကြောင်မူးကြောင်နဲ့'

သန်းစိုးနဲ့ စိန်လင်းက တီဗီပုံးကြီးကို ကြည့်ပြီး ဝေဖန်နေပါတယ်။ ကင်တင်းရှေ့က ဖြတ်သွားဖြတ်လာ ကျောင်းသားတွေကလည်း အဲဒီတီဗီပုံးကြီးကို ထူးဆန်းသလိုနဲ့ ကြည့်ကြည့်သွားပါတယ်။

'ညီလေးတို့ ဒီတီဗီက ရောင်းဖို့လား၊ အသစ်လား၊ အဟောင်းလား၊ မလိုချင်ရင် ပြန်ရောင်းကွာ၊ ငါက ယောက္ခမကို မျက်နှာလုပ်ပြီး လက်ဆောင်ပေးချင်လို့'

'မရောင်းပါဘူးဗျာ၊ ဒါက သိပ်အရေးကြီးနေလို့'

'ဒီတီဗီက ဘယ်လိုအရေးကြီးတာလဲကွ'

အရေးထဲ လက်ဖက်ရည်ဆိုင်ပိုင်ရှင်က တီဗီပုံးကြီးကိုမြင်ပြီး လာဝယ်ရင်းက စပ်စုနေလို့ ဧရာတု ခေါင်းစားသွားပါတယ်။

'ဒါကြီးက ကျွန်တော့်တစ်ဘဝစာနဲ့သက်ဆိုင်နေတယ်အစ်ကိုရ'

'ဟေ… ဟုတ်လား၊ ဒီ ဒဂုံတက္ကသိုလ်မှာ အစ်ကို ဈေးရောင်းလာတာ ကြာပြီ၊ စောစောက ကားပေါ်က ကောင်မလေးက မင်းကို တီဗီပုံးသယ်ခိုင်းတာ ဒီကျောင်းဝင်းထဲမှာ တစ်ခါမှ မမြင်ဖူးသေးဘူး၊ ဘာဖြစ်လို့ ဒီကောင်မလေးက မင်းကို တီဗီပုံးကြီး လက်ဆောင်ပေးသလဲဆိုတာ အစ်ကိုတော့ စိတ်ဝင်စားသွားပြီ'

ဧရာတုခမျာ လက်ဖက်ရည်ဆိုင်ပိုင်ရှင် စကား ဘယ်လိုပြန်ဖြေရမှန်း မသိ။ ဘာသဘောနဲ့ မေစံပယ်ဖူး ဒါကြီး လက်ဆောင်လာပေးသလဲဆိုတာ မစဉ်းစားတတ်ဘဲ ဖြစ်နေပါတယ်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



'ဇေရတု ဒီတီဗီပုံးကြီးထဲက တီဗီက ဘာအမျိုးအစားလဲ သိရအောင် ဖွင့်ကွာ'

သန်းစိုးက တီဗီပုံးကြီးကိုကြည့်ရင်းက သိချင်စိတ်ထက်သန်စွာနဲ့ ကျွန်တော့်ကို မေးပါတယ်။ ကျွန်တော်လည်း မထူးတော့ပါဘူး ဆိုပြီး တီဗီပုံးကြီးကို ကပ်ထားတဲ့ တိပ်တွေကို ဆွဲခါလိုက်ပါတယ်။

'ဟော့ကောင် ဇေရတု၊ အထဲမှာ အုတ်နီခဲတုံးတွေပါလားကွ'

'ဟာ… ဒီလိုမှန်းသိရင် မသယ်ပါဘူးကွာ၊ မင်းရဲ့ ဖူးဖူးက ဘာလဲ ရူးနေလား မသိဘူး'

'ညီလေးရာ… တီဗီပုံးထဲ အုတ်နီခဲ ကြုံကြုံဖန်ဖန် ထည့်ရတယ်လို့'

စိန်လင်း၊ သန်းဇော်နဲ့ လက်ဖက်ရည်ဆိုင်ပိုင်ရှင် အစ်ကိုကြီးကပါ တီဗီပုံးထဲက အုတ်နီခဲတုံးတွေကို ကြည့်ပြီး နားမလည်နိုင်စွာနဲ့ ဖြစ်နေပါတယ်။

ကျွန်တော်လည်း မေစံပယ်ဖူး ဘယ်လို စိတ်ကူးတွေနဲ့ ကျွန်တော့်ကို လက်ဆောင်ပေးလေသလဲလို့ ခေါင်းစားသွားပါတယ်။

'ဇေရတုရေ… ဒါ၊ မင်းကို မေစံပယ်ဖူးက သူ့ကို မင်းက အံ့အားသင့်စရာလုပ်ပြတာကို မကျေနပ်လို့ ပညာပြန်ပေးတာပဲ ဖြစ်ရမယ်'

'ဘာပဲဖြစ်ဖြစ် စိန်လင်းရာ၊ လာ… ဒီအုတ်နီခဲတွေ ဖယ်ရအောင်'

စိန်လင်းနဲ့ ကျွန်တော်က တီဗီပုံးထဲမှာ လေးထောင့်ပုံစံ စီထားတဲ့ အုတ်နီခဲတွေကို ဖယ်လိုက်ပါတယ်။

'ဟာ… နိုင်ငံခြား လေးထောင့်မုန့်ပုံးကြီးပါလား'

အုတ်နီခဲတွေ ဖယ်လို့ ကုန်သွားတဲ့အခါမှာတော့ အုတ်နီခဲတွေ



အောက်မှာ ရှိနေတဲ့ နိုင်ငံခြား လေးထောင့်သံပုံး မုန့်ပုံးတစ်ပုံးကို တွေ့ရလို့ စိန်လင်းက အံ့အားတသင့် ပြောလိုက်ပါတယ်။

'ကဲ… ဇေရတု၊ မင်းရဲ့ဖူးဖူး လက်ဆောင်က ဖြစ်ချင်ရာဖြစ်၊ အဲဒီ မုန့်ပုံးကို လက်ဖက်ရည်စားပွဲပေါ် ယူခဲ့၊ မထူးဘူးကွာ၊ လက်ဖက်ရည် ထပ်မှာပြီး အဲဒီမုန့်ပုံးထဲက မုန့်နဲ့ မြည်းမယ်'

'စိန်လင်း ပြောတာ ဟုတ်တယ်၊ ဘာလဲကွာ၊ မုန့်ပုံးပေးတာပဲ ရိုးရိုးတန်းတန်းပေးလည်း ရသားနဲ့၊ ..ီပုံးကြီးထဲ အုတ်နီခဲ ထည့်လို့ထည့်၊ သယ်လိုသယ်နိုင်းနဲ့၊ ဇေရတု မုန့်ပုံးဖွင့်ကွာ'

စိန်လင်းနဲ့ သန်းစိုး ပြောသလိုမျိုးကလည်း ဟုတ်နေပါတယ်။ ဘယ်သဘော ဘယ်ရည်ရွယ်ချက်ကြောင့် မေစံပယ်ဖူးက ဒီလိုလုပ်လေသည် မသိ။

ကျွန်တော်က မုန့်ဘူးကို ဖွင့်လိုက်ပါတယ်။

ဒီအခါမှာပဲ…

'ဇေရတုရေ… မွေးနေ့ကိတ်ပါလား၊ ဘာလဲ ဒီမှာ ကြည့်စမ်း၊ ကိတ်မုန့်ပေါ်မှာ ရေးထားတာ'

သန်းစိုးက ကိတ်မုန့်ကို မြင်လိုက်ရလို့ အံ့အားတသင့်နဲ့ ပြောလို့ ကျွန်တော် ကြည့်လိုက်တော့…

ဟော်တော်နောက်တဲ့ မေစံပယ်ဖူး။

မွေးနေ့ကိတ်ပေါ်မှာ I Love You ဆိုတဲ့ စကားလုံး ရေးထားတာကို မြင်လိုက်ပါတယ်။

'တီ… တီ…'

ဒီအချိန်မှာပဲ ကျွန်တော့်ဟမ်းဖုန်းကို ဖုန်းမြည်လာပါတယ်။ ကြည့်လိုက်တော့ မေစံပယ်ဖူးရဲ့ ဟမ်းဖုန်းနံပါတ် ဖြစ်နေပါတယ်။

'ဇေရတု အံ့အားသင့်သွားလား၊ အံ့အားမသင့်ပါနဲ့၊ ရှင်သ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လည်း ကျွန်မကို အံ့အားသင့်အောင် ပြတာ ဘယ်တရားပါမလဲ၊ ကျွန်မက ပြန်ပြီး တစ်ခါလောက် စမ်း ကြည့် ဒိုက်တာပါ၊ ကားကို ထားခဲ့ပြီး ဒဂုံတက္ကသိုလ်ကျောင်းအဝင်ပေါက်ရှေ့ကို လမ်းလျှောက်လာခဲ့'

မေစံပယ်ဖူးရဲ့ဖုန်း ပိတ်လိုက်တယ် ထင်ပါရဲ့။ ဘာမှ မကြားရတော့။

'ဘယ်ကလဲ ဓေရတု'

သန်းစိုးက မေးပါတယ်။

'ဘယ်ကလဲ လုပ်မနေနဲ့၊ စိန်လင်းက ငါ့ကားကိုယူပြီး အိမ်မှာပြန်ထားပေးကွာ၊ ဒီကိတ်မုန့်ကို မင်းတို့နှစ်ယောက်ရယ် ဟောဒီက အစ်ကိုကြီးရယ် အပီအားပေးပေတော့၊ ငါတော့ လစ်ပြီ'

ကျွန်တော့်စကားကြောင့် စိန်လင်းက နားမလည်နိုင်စွာနဲ့ ဖြစ်နေရင်းက...

'ဘယ်ကိုလစ်မှာလဲ ဓေရတုရ၊ ဘာတွေလဲ၊ စားတယ်ကွာ'

'ဖူးဖူးက ဖုန်းဆက်ခေါ်တာ ကျောင်းအဝင်ဝမှာ စောင့်နေတယ်၊ ဒီကိတ်မုန့်ပေါ်က I Love You က သူ့အဖြေပဲပေါ့ကွာ၊ သူက ငါ့ကို ပြန်အံ့အားသင့်အောင် လုပ်လိုက်တာ၊ သွားပြီပေါ့'

'ဟေ့ကောင်... ဒီအုတ်နီခဲတွေနဲ့ တီဗီပုံးကြီးကရော'

ကျွန်တော်က လက်ဖက်ရည်ဆိုင်က အထွက်မှာ စိန်လင်းက လှမ်းမေးပါတယ်။

'ဒါကြီးတွေကို လက်ဖက်ရည်ဆိုင်ရှင် အစ်ကိုကြီးကို ပေးလိုက်ပေါ့ကွာ၊ မင်းတို့က အိမ်ပြန်သယ်ချင်လို့လား'

'ငါ့ညီ ကျေးဇူး'

ကျွန်တော့်စကားကြောင့် လက်ဖက်ရည်ဆိုင်ရှင် အစ်ကိုကြီး



ရဲ့ မျက်နှာက သိန်းငါးရာဆုအကြီး တစ်ရာလောက်ပေါက်သလို ပြုံးလိုက်ရာက ကျေးဇူးစကားဆိုပါတယ်။

ကျွန်တော်ကတော့ ဒဂုံတက္ကသိုလ်ကျောင်း အဝင်ဝဆီသို့ ကြုံရာ လိုင်းကားတစ်စီးတွယ်စီးပြီး လိုက်ပါလာခဲ့ပါတယ်။

*

ဒဂုံတက္ကသိုလ်ကျောင်းဝင်းအဝင်ဝရောက်တော့ ဒိုင်နာကား တွယ်စီးလာခဲ့တဲ့ ကျွန်တော် ကားပေါ်က ခုန်ဆင်းလိုက်ပါတယ်။

လမ်းဘေးပလက်ဖောင်းဘေးမှာ ကားတစ်စီးရပ်ထားပါ တယ်။ ကားထဲမှာ ထိုင်နေတဲ့ မေစံပယ်ဖူးက ကျွန်တော်က သူ့ဆီ လာနေတာကို ကားထဲကနေ ပြုံးပြီး ကြည့်နေပါတယ်။

တွေ့မယ်။ နည်းနည်းလေးစားအောင် ပညာပေးတဲ့ မေစံပယ် ဖူးရဲ့ ရှော့ခ်ထဲ ကျွန်တော် ဝင်သွားလို့ပါ။

'ဖူးဖူးရာ... ဘာလဲ၊ ကျွန်တော့်ကို လက်စားချေတာလား ဟူး... ရင်တုန်လိုက်ရတာဗျာ'

မေစံပယ်ဖူး ကားနားရောက်ရောက်ချင်း ကျွန်တော်က ပြော လိုက်ပါတယ်။

'ဘာမှမရှည်နဲ့၊ တောင်ဥက္ကလာ ကုန်းဘောင်လမ်းထိပ်က လက်ဖက်ရည်ဆိုင်ကို သွားမယ်'

ကျွန်တော်က ဘာမှမပြောတော့ပါ။ မေစံပယ်ဖူး ပြောသလို နားထောင်ပြီး တောင်ဥက္ကလာ ကုန်းဘောင်လမ်းထိပ်ရောက်တဲ့ထိ လိုက်ပါလာခဲ့ရပါတယ်။

'ဟုတ်ကဲ့ခမျ... လာမယ့် တန်ဆောင်မုန်းလဆုတ် ဆယ် ရယ် အမျိုးသားနေ့မှာ ရပ်ကွက်ထဲက အယုတ်အလတ် အမြတ်

www.burmeseclassic.com



ညည်သူ့ကိုမဆို စတုဒိသာ ထမင်းကျွေးမှာမို့ သဗ္ဗါတပ်အား နည်းများမဆို လှူဒါန်းနိုင်ပါတယ်'

အရင်တုန်းက ဆိုက်ကားဂိတ်ရှေ့မှာ ဘုံကထိန်ပဒေသာပင်ရှုသားတဲ့နေရာရှေ့မှာ စတုဒိသာ အလှူကျွေးမည့်အကြောင်း ကြော်ငြာဆိုင်းဘုတ် ရေးသားထားတာကို ကားပေါ်ကနေဆင်းလာတဲ့ ကျွန်တော်နဲ့ မေစံပယ်ဖူး တွေ့ရပါတယ်။

'ဇေရတု… ငွေတစ်သောင်းပေး၊ ကျွန်မတစ်သောင်းစိုက်မယ် နှစ်ယောက်အလှူပေါ့'

ဆိုက်ကားဂိတ်ရှေ့ရောက်တော့ မေစံပယ်ဖူးက ကျွန်တော့်ဆီက ပိုက်ဆံတစ်သောင်း တောင်းပါတယ်။ ကျွန်တော်လည်း အိတ်ထဲက ငွေတစ်သောင်းထုတ်ပေးလိုက်ပါတယ်။ မေစံပယ်ဖူးက အလှူခံလှူဖို့ နိုးဆော်နေတဲ့သူကို ငွေနှစ်သောင်းလှူပါတယ်။ အလှူခံတဲ့သူက မေစံပယ်ဖူးနဲ့ ကျွန်တော့်ကိုကြည့်ပြီး မှတ်မိသွားသလားမသိ…

'ညီလေး… ဘယ်လို ကြော်ငြာပေးရလဲ၊ အရင်လိုပဲလား'

'လွယ်ပါတယ်… အစ်ကိုရယ်၊ မကြာခင်မှာ… မင်္ဂလာဆောင်တော့မယ့် မောင်ဇေရတုနဲ့ မမေစံပယ်ဖူးတို့က အလှူငွေနှစ်သောင်းလှူတယ်လို့သာ ကြေညာလိုက်လေ'

ကျွန်တော့် စကားအဆုံး အလှူခံကြေညာသူက…

'ဟုတ်ကဲ့… အရင်တစ်ခါ ဘုံကထိန်မှာ သင်္ကန်းအလှူတုန်းက စပ်တူလှူပြီး လင်မယားမဟုတ်ဘူး၊ သူငယ်ချင်းပါလို့ပြောပြီး ပြန်ကြေညာရင်းက ဆုတောင်းပေးခဲ့ရတဲ့ ကိုဇေရတုနဲ့ မမေစံပယ်ဖူးတို့က မကြာခင်မှာ အစစ်အမှန် မင်္ဂလာဆောင်တော့မယ့် ဇနီးမောင်နှံဖြစ်တော့မှာမို့ စတုဒိသာအလှူအတွက် အလှူငွေနှစ်သောင်း လှူဒါန်းပါတယ်၊ သာဓု… သာဓု… သာဓုပါခမျာ၊ ဒီတစ်ခါ… တကယ့်



လင်မယားဖြစ်ပါစေ'

အလှူခံမဏ္ဍာပ်က မိုက်ကရိုဖုန်းကိုင်သူက ဆုပေးသံစကားအဆုံး ပတ်ဝန်းကျင်ရှိ လူတွေက United လက်ဖက်ရည် ဆိုင်ထဲက သူတွေကော ပြုံးသူပြုံး၊ ရယ်သူရယ်နှင့် ရှိနေကြပါတယ်။

ကျွန်တော်နှင့် ကျွန်တော် မြတ်နိုးရသော မေစံပယ်ဖူးခေါ် ဖူးဖူးကကော ဘယ်မပြုံးဘဲ နေပါ့မလဲ။

အဲဒီအပြုံးတွေက ကျွန်တော်နဲ့ဖူးဖူး ချစ်သူနှစ်ဦးအတွက် တစ်ဘဝစာ မှတ်တမ်းရေးထိုးရမယ့် အပြုံးတွေပဲ ဖြစ်ပါတယ်။

United လက်ဖက်ရည်ဆိုင်မှာ နှစ်ယောက်သား သောက်ခဲ့ရတဲ့ လက်ဖက်ရည်က ဘဝမှာ ကျွန်တော်တို့ နှစ်ဦးအတွက် အရသာအရှိဆုံး ဖြစ်နေမလားမသိ။

*

အချစ်ဆိုတာ ရှော့ခ်ဆိုရင်တော့ ကျွန်တော်နဲ့ဖူးဖူးတို့ နှစ်ယောက်ရဲ့ ရှော့ခ်ကတော့ ရှားပါလိမ့်မယ်…

အဲဒီရှော့ခ်မျိုးက ဘဝမှာ တစ်ခါပဲရလို့ပါ။

ဒါကို ကျွန်တော်ဇနီးမယားဖြစ်လာမယ့် ဖူးဖူးက အကြွင်းမဲ့ထောက်ခံပါတယ်။

ရှော့ခ်ဆိုတာ စိတ်ချင်း၊ နှလုံးသားချင်းတူမှ ရှော့ခ်ဖြစ်ကြတာ မဟုတ်ပါလား…

ပန္နမ်ဒိုင်း

www.burmeseclassic.com